
# ဗန်းမော်ဆရာတော်နှင့် သင်္ဂဇာဆရာတော် တို့၏

# ဟာသပြောက် ပုံတိုပတ်စများ


ဦးကောင်းထူး



ဗန်းမော်ဆရာတော်နှင့်
သင်္ဂဇာဆရာတော် တို့၏

# ဟာသမြောက် ပုံတိုပတ်စများ

ဦးကောင်းထူး



## ဒို့အရေးအမျိုးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာရေး
- ပေါ်ပေါက်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ပေါ်ပေါက်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများအား ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ
- အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဗန်းမော်ဆရာတော်

နှင့်

သင်္ဂဇာဆရာတော်

တို့၏

# ဟာသပြောက်ပုံတိုပတ်စများ

ဦးကောင်းထူး

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် • ၄၀၁၆၂၅၀၆၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် • ၄၀၀၆၉၇၀၇၀၈

ပထမအကြိမ် • ၂၀၀၈–ခုနှစ်၊ဒီဇင်ဘာလ

အုပ်ရေ • ၁၀၀၀

မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော် • ကာတွန်းဋ္ဌေးအောင်

ကွန်ပျူတာစာစီ • တင်မိုးနိုင် (GLORY)

**ထုတ်ဝေသူ**

ဦးခင်မောင်ဦး(မြ–၀၄၀၇၃)

၄၇၃(က)၊ နီလာ(၆)လမ်း၊ (ဂ)ရပ်ကွက်၊

မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**အဖုံးနှင့်အတွင်းစာပုံနှိပ်သူ**

ဦးအောင်မြင့်သိန်း(မြ–၀၆၃၆၄)

အင်ကြင်းမြိုင်ပုံနှိပ်တိုက်

အမှတ်–၁၄၇၊ ဆိပ်ကမ်းသာလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး 2000 ကျ

# မာတိကာ


| | |
|---|---|
| ၁။ သူ့အချိန်နှင့်သူ | ၁ |
| ၂။ နှင်းရည်စုသည့် ဥပမာ | ၉ |
| ၃။ မိုးနှုတ်သူရဲ့ ဥပမာ | ၂၁ |
| ၄။ နောက်တစ်ခေါက်မှ လိုက်ပါရစေ | ၂၈ |
| ၅။ ဖိုးသူတော်ကြီး ပုတီးစိပ်သလို | ၄၀ |
| ၆။ အပျင်းထူတဲ့ ကြပ်ကုပ် | ၄၉ |
| ၇။ ဘယ်ပေါက်ရယ်သာပါလိမ့် | ၅၅ |
| ၈။ အငြင်းသန်ဉာဏ်မများကြပါနဲ့ | ၆၂ |
| ၉။ သေးစားမှားထွတ်တယ် | ၆၈ |
| ၁၀။ အမျှားရှူးတဲ့ တရားဝူး | ၇၄ |
| ၁၁။ မယားကြောက်သူ ဥပမာ | ၈၁ |
| ၁၂။ နို့ဗှာန်ရောက်ကြောင်း နည်းလမ်းကောင်း | ၉၀ |
| ၁၃။ တေတေကာလေးနိတ်လို့ တိတ်တိတ်ကလေးနေ | ၁၀၁ |
| ၁၄။ မြောက်တိုင်းလည်း မမြောက်ပါ | ၁၀၈ |
| ၁၅။ စကားသုံးခွန်း ဥပမာ | ၁၁၆ |
| ၁၆။ ဥစ္စာနှင့် ဘိကြား | ၁၃၀ |
| ၁၇။ လူချင်မှလူပါ ညြောတော့ လာမပေးနဲ့ | ၁၃၉ |
| ၁၈။ တောတွင်းက ဘုန်းကြီးအို | ၁၄၄ |
| ၁၉။ သက်သေလက်ငင်းမအာဝ်နိုင်လို့ | ၁၅၀ |

၂၀။ စလေဘက်က မောင်ရွက် ၁၅၉
၂၁။ နာလည်းနာသည် နလည်းနဲ့သည် ၁၆၄
၂၂။ ဆေးဘူးကောက်ရလို့ ပေါက်ကရလုပ်တဲ့ပုံပြင် ၁၇၀
၂၃။ အားနာတတ်ပုံများ ၁၇၉
၂၄။ ရေဆေးလေလေ သေးလေလေ ၁၈၅
၂၅။ မိမိကိုယ်တိုင်လည်း ကြိုးစားပါ ၁၉၂
၂၆။ လာမကြွားနဲ့ ဗကာဟား ၁၉၈
၂၇။ အရှောင်အတိမ်းမျှပါ ၂၀၄
၂၈။ မိန့်ပင်စတောင်ကာမှ ၂၁၀
၂၉။ ကိုယ်ရော်တာသိသွားကြလိမ့်မယ် ၂၁၈

စာဖတ်သူများ ကောင်းအပြောအဆို ကြွယ်ဝစေဖို့ ထင်ရှားသောဆရာတော်ကြီး နှစ်ပါး၏ ဥပမာ ဥပမေယျ ပုံတို ပတ်စများကို စီစဉ် တင်ဆက်လိုက်ရခြင်းဖြစ်ပါ ကြောင်း .....

မြတ်ခန်းရဂုံစာပေ



# သူ့အချိန်နှင့်သူ

ဗန်းမော်ဆရာတော်ကား သူ၏ ဗန်းမော်ကျောင်းတိုက်တွင် နေ့ဆွမ်းကိစ္စ ပြီးပြီဆိုပါက စာသင်သားပဥ္စင်း၊ ကိုရင်အပေါင်းတို့အား ကိုယ်တော်တိုင် စာချပေးလေ့ရှိသည်။

စာချရာတွင်လည်း ဟာသရသမြောက်သော ပုံတိုပတ်စကလေးများကို သူ့နေရာနှင့်သူ အံဝင်ခွင်ကျအောင် ပြောဆိုတတ်၍လည်း စာသင်သားအပေါင်းမှာ ပေါ့ပါးစွာ ရယ်မောရပြီး ဦးနှောက် လန်းရွှင်ရသည်။ ဉာဏ်ပညာ ထက်မြက်ကြသည်။

ပြည်လုံးကျွတ်ဖြန့်ချိရေး

**မြတ်ပန်းရဂုံစာပေ**

အမှတ် ၁၉၄၊ ၂၉ လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၅၁၃၉၄၅၀၊ ၀၉–၅၁၅၅၇၄၃

## ၂ ဟာသမြောက် ပုံတိုပတ်စများ

တစ်ခါသော် နေ့ဆွမ်းစားပြီးနောက် မွန်းလွဲပိုင်း စာဝါတက်ချိန်သို့ ရောက်လာသည်။ ဇန်းမော်ဆရာတော် ကိုယ်တိုင် စာသင်သားအပေါင်းအား စာဝါများ ချပေးနေခဲ့၏။ ဤတွင် ဆွမ်းစားပြီး သိပ်မကြာခင်ကာလဖြစ်၍ ပဥ္စင်းငယ်အချို့မှာ ငိုက်မျဉ်း သမ်းဝေနေကြလေသည်။ ဆွမ်းဟင်းကလည်း တက်စာ၊ အိပ်ငိုက်စာများ ဖြစ်နေသမို့ ခုလိုမျိုး ဖသွားလေးလံမှုကြောင့် အိပ်ငိုက်နေကြခြင်း ဖြစ်သည်ကို ဆရာတော်ကိုယ်တိုင် နားလည်သဘောပေါက်လိုက်ပါသည်။ ထိုအခါတွင် ဆရာတော်သည် စာသင်သားအပေါင်းတို့၏ စိတ်ကို မသိမသာ ပင့်နှိုးလိုက်လေ၏။

"အင်း . . . ဆွမ်းစားပြီးတာ ဘာမှ မကြာသေးဘူး ဆိုတော့လည်း စာသင်သား ငါ့တပည့်တွေ အိပ်ငိုက်နေကြပေသကိုး။ ဒါပေမဲ့ အလုပ်ဆိုတာမျိုးက သူ့အချိန်နဲ့သူ လုပ်ရတယ်ဆိုတာတော့ သိဖို့လိုလိမ့်မယ်။ သည့်အတွက် ပုံပြင်ကလေးတစ်ပုဒ်လောက်တော့ ပြောရင် ကောင်းမလားလို့။ ကိုင်း . . ငါ့တပည့်တွေ ဘယ်လိုသဘောရသလဲဟေ့"

ဆရာတော်၏ စကားအမြွက်ကြောင့် စာသင်သားတို့ ငိုက်မျဉ်းနေရာမှ မျက်ခွံတံခါးများ ပွင့်လာကြ၏။ လန်းလန်းဆန်းဆန်း ဖြစ်လာကြ၏။ သူတို့အဖို့ ဆရာတော်ထံမှ ပုံပြင်ကြားနာရခြင်းသည် လာဘ်ကြီးတစ်ပါးလို ဖြစ်နေသည်

မဟုတ်ပါလား။

"တင့်ပါ . . ဘုရား၊ ပြောပြတော်မူပါဘုရား။ ပြောပြတော်မူပါ"

"အိမ်း . . ဒါဆိုလည်း နားထောင်ကြကွယ်။ နားထောင်ကြ"

ဟိုး . . တစ်ခါတုန်းက တောရွာကလေးတစ်ရွာမှာ ပစ္စည်းဥစ္စာ အတန်အသင့် ကြွယ်ဝတဲ့ မုဆိုးမကြီးတစ်ဦးရှိတယ်။ ချမ်းသာတယ်သာဆိုတယ်။ မုဆိုးမကြီးမှာ အဖော်အရွေရယ်လို့ တစ်ဦးတစ်ယောက်မှ အိမ်မှာမထားဘူး။ ဥစ္စာပစ္စည်းကလည်း ကြွယ်ဝ၊ မုဆိုးမအိုကလည်းဖြစ်၊ အဖော်သဟဲကလည်း မရှိလေတော့ အဲသည်အိမ်ကို ဖောက်ထွင်းခိုးယူဖို့ သူခိုးတွေအတွက် မျက်စိကျစရာ ဖြစ်လာတော့တာပေါ့"

သည်လိုမျိုး စကားဆုံးလိုက်လေတော့ စာသင်သားအပေါင်းတို့၏ မျက်လုံးကိုယ်စီမှာလည်း စိတ်ဝင်တစားဖြင့် အရောင်တွေ တောက်လာခဲ့ကြ၏။

"သူခိုးတွေ ရှိကြတဲ့အထဲ သူခိုးတစ်ယောက်ဟာ သည်အိမ်က ပစ္စည်းတွေကို မရအရ ခိုးမယ်ဆိုတဲ့အကြံနဲ့ မုဆိုးမကြီးရဲ့ အိမ်အနေအထားကို အသေအချာသိရလေအောင် ကြိုတင်ပြီး လေ့လာထားတယ်။

ဒါကို မုဆိုးမကြီးကလည်း သိနေတယ်။

ဒါ့ကြောင့်ပဲ အလုပ်တွေကို ဇယ်ဆက်မပြတ် လုပ်ရင်း ညဥ့်နက်သန်းခေါင်ထိတိုင် အိပ်ရာမဝင်ခဲ့ဘူး။ မီးခွက်ကို ဆီအပြည့်ထည့် ထွန်းထားရင်း အလုပ်တွေကို တောက်တောက်၊ တောက်တောက်နဲ့ လုပ်ရင်လုပ်၊ မလုပ်ရင်လည်း ဘုရားကို အသံကျယ်ကျယ်နဲ့ ရှိခိုးလို့ ရှိခိုးပေါ့။ သည်လိုမျိုး နိုးနိုးကြားကြား ရှိနေတဲ့အတွက်ကြောင့်လည်း သူခိုးခမျာ သူ့လုပ်ငန်းကို အကောင်အထည်ဖော်ဖို့ သိပ်မလွယ်ဘူး ဖြစ်နေလေရဲ့။

ဒါပေမဲ့ အဲသည်သူခိုးက အင်မတန်မှ ဇွဲနပဲကြီးတာကလား။ သည်ကနေ့မှာ သည်အိမ်ကပစ္စည်းကို မရရအောင် ခိုးမယ်လို့ စိတ်ဆုံးဖြတ်ပြီး မုဆိုးမကြီး အလစ်၊ နေ့လယ်ခင်းကတည်းကနေ အိမ်ထဲကို တိတ်တိတ်ကလေး ဝင်လို့ ထုပ်တန်းပေါ် တွယ်တက်ပြီး ကုပ်နေတယ်။ သဘောကတော့ ညဘက်ရောက်တာနဲ့ အလစ်မှာ ခိုးမယ်ဆိုတဲ့ အကြံနဲ့ပေါ့။

သည်လိုနဲ့ အချိန်တွေဟာ တရွေ့ရွေ့ ကုန်လွန်ပြီး ညဘက်ကို ရောက်လာခဲ့တယ်။ မုဆိုးမကြီးက တော်တော်လည်းပါးတယ်။ အိမ်ပေါ်မှာ သူခိုးရောက်နေပြီဆိုတာကို သိနေတယ်။ ဒါပေမဲ့ 'သူခိုး . . သူခိုး' ဆိုပြီး အော်လို့က မဖြစ်ပြန်ဘူး။ ဘာ့ကြောင့်ဆို သူခိုးမှာက လက်နက်ကိရိယာ မပါဘူးလို့ မပြောနိုင်ဘူး။ မတော် . . အော်ရမလားဆိုပြီး ထွက်ခတ်ခတ်

တဲ့အနေနဲ့ ခါးတွေဘာတွေနဲ့ ထိုးပြေးသွားရင် အခက်။ သည်တော့ သူခိုးကပ်နေတာကို သိလျက်နဲ့ မသိချင်ယောင် ဆောင်နေလိုက်တယ်။

မုဆိုးမကြီးဟာ တကယ့်ကို ဉာဏ်များတဲ့ အဘွားကြီး ပဲ။

သူ ဘာလုပ်တယ်မှတ်သလဲ။ မီးဖိုချောင်ထဲဝင်၊ ရေနွေးကြမ်း အိုးတည်၊ လက်ဖက်တွေသုပ်၊ လုပ်နေလိုက်တယ်။ ပြီးတော့မှ အသံခပ်ကျယ်ကျယ်နဲ့

'ဘယ်သူရေ . . ဘယ်ဝါရေ၊ လက်ဖက်သုပ်ထား တယ်။ လာစားကြဦး။ ရေနွေးကြမ်းလာသောက်ကြဦး'ဆိုပြီး တကြော်ကြော်ခေါ်ပါလေရော။ သည်တော့လည်း ပတ်ဝန်း ကျင်က ရွာသူရွာသားအချို့ လက်ဖက်သုပ်ကလေးစား၊ ရေနွေးကြမ်းကလေးသောက်၊ စကားစမြည်လေးတွေ ပြောရ ဆိုရအောင် ရောက်လာကြတော့တာပေါ့"

"ဟဲ . . မောင်ငြိမ်းသူတို့ မောင်တင်ယုတို့"

"ဗျာ . . ကြီးတော်။ ဘာများ ပြောမလို့လဲ"

"ပြောမလို့ မဟုတ်ပါဘူးကွယ်။ မေးချင်လို့ပါ"

"ဘာများ မေးချင်လို့လဲ ကြီးတော်ရဲ့"

"တခြား မဟုတ်ပါဘူးကွယ်။ သူခိုးဆိုတာမျိုးဟာ ဘယ်အချိန်မှာ လာခိုးတတ်လဲဆိုတာ သိချင်လို့ပါ"

## ၆ ဟာသမြောက် ပုံတိုပတ်စများ

သည်စကားကြားရတော့ ထုပ်တန်းပေါ်မှာ အကျ အန နေရာယူထားတဲ့ သူခိုးလည်း တွန့်ခနဲ ဖြစ်သွားရတော့ တယ်။ ဘယ်မဖြစ်နေမှာလဲ။ မုဆိုးမကြီးရဲ့ စကားမြားဦးက သူ့ဆီ တည့်တည့်ဝင်လာနေပြီကိုး။ သည်တော့ ရှေ့ဆက် ဘာတွေ ပြောကြလေမလဲဆိုတာကို နားစွင့်လိုက်တယ်။

"ကြီးတော်နှယ်ဗျာ။ အဆန်းမဟုတ်တာကို အဆန်း လုပ် မေးနေပြန်ပါပြီ။ သူခိုးဆိုတာမျိုးက နေ့ခင်းကြောင် တောင် လူမြင်သူမြင်ကြီး ဘယ်လာခိုးပါ့မလဲ။ ညအချိန် လူခြေ တိတ်ပြီး အိမ်ရှင်တွေ အိပ်မောကျချိန်လောက်ကျမှ ဝင်ခိုးတာ ပေါ့ဗျ"

"နေပါဦးကွယ် . . ညအချိန်ဆိုတာ ဘယ်အချိန် လောက်များလဲ"

"ခက်ပါ့ ကြီးတော်ရယ်။ ညသန်းခေါင်ကျော်ပေါ့ ခင်ဗျ။ အဲသည်အချိန်ကျမှ လူတွေ အိပ်မောကျပြီ။ သည်တော့ မှ သူ့လုပ်ငန်း စရမှာပေါ့။ ဒါထက်ဘာဖြစ်လို့ သည်လို မေးရ တာလဲ ကြီးတော်"

"ဘာဖြစ်ရမလဲ မောင်တင်ယုရယ်။ ငါ့အိမ်ပေါ်က ထုပ်တန်းပေါ်မှာ ရောက်နေတဲ့ သူခိုးကတော့ သူ့အချိန်နဲ့သူ အလုပ်မလုပ်ဘဲ အစောကြီးရောက်နေလို့ပဲ"

သည်စကားကြားရတော့ သူခိုးလည်း စိတ်မလုံမလဲ

ဖြစ်ပြီး ထုပ်တန်းပေါ်မှ ခုန်ဆင်း၍ တစ်ချိုးတည်း သုတ်ခြေ တင်သွားပါလေတော့သတည်း။

"သည်လိုပါပဲ တပည့်တို့ . . .။

အလုပ်ဆိုတာမျိုးဟာ သူ့အချိန်နဲ့သူ အလုပ်လုပ်ရ တယ်။ အချိန်မကျဘဲ လုပ်လို့ကတော့ ဘယ်လာပြီး အချိုးကျ ပါ့မလဲ။ မောင်ပဉ္စင်းတို့လည်း အိပ်ချိန်မကျသေးဘဲနဲ့ အိပ်တဲ့ အလုပ်ကို မလုပ်ကြပါနဲ့ဦး"

ပုံပြင်ကို အဆုံးသတ်၍ ဥပဒေသကို ထုတ်ပြအပြီး မှာတော့ နားလည်သဘောပေါက်သွားကြလေသော စာသင် သားတို့မှာလည်း တဝါးဝါးတဟားဟား ရယ်မောကြရင်း အိပ်ချင်စိတ်များ လွင့်ပျောက်လျက် စာဝါများ ဆက်တက်ကြ ပါတော့သတည်း။

☺ ☺ ☺



# နှင်းရည်စုသည့် ဥပမာ

ဇန်းမော်ဆရာတော်လောင်းလျာ ရှင်ပဏ္ဍိတသည် ပညာအရာ၌ လွန်စွာမှ လိုလားသော ပုဂ္ဂိုလ်ဖြစ်၏။ လက်တန်းကဗျာ စပ်ဆိုရာ၌ ဉာဏ်ရည်ရွှင်၏။ ထို့ပြင်သာမက ဝိနည်းအရာ၌ ပြိုင်ဘက်ကင်းသော သာသနာပိုင် ဇားကရာဆရာတော်ကြီး၏ ဖြတ်ထုံးရေးရဟန်းလည်း ဖြစ်ခဲ့ဖူးပေရာ အစစအရာရာတွင် အများတကာထက် နှာတစ်ဖျားမက သာနေပေတော့သည်။

ရှင်ပဏ္ဍိတမှသည် 'ဇန်းမော်ဆရာတော်'ဟု အမည်နာမ တွင်လာရခြင်းမှာလည်း ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား၏မိဖုရား ဝေသာလီမင်းသမီး (ဇန်းမော်မြို့စားဥပေါ

တရာ)က ကျောင်းတိုက်တစ်တိုက် ဆောက်လုပ်လှူဒါန်းသည်။ ဗန်းမော်မြို့စား ဉပေါတရာက လှူဒါန်း သည့်အတွက်ကြောင့် အဆိုပါကျောင်းတိုက်မှာ ဗန်းမော်ကျောင်းတိုက်ဟု အမည်တွင်လာပြီး ကျောင်းထိုင်အဖြစ် သီတင်းသုံးသော ရှင်ပဏ္ဍိတမှာလည်း ဗန်းမော်ဆရာတော်ဟု တွင်ခဲ့ခြင်းဖြစ်လေသည်။ (စင်စစ် ဗန်းမော်ဆရာတော်၏ ဇာတိမှာ ဗန်းမော်မြို့နှင့် လုံးဝမပတ်သက်ချေ)

ဗန်းမော်ဆရာတော်၏ ထူးခြားထက်မြက်သော စွမ်းရည်များကြောင့် မင်းတုန်းမင်းကြီးလက်ထက်သို့ ရောက်လေသော် မင်းကြီး၏ 'ပဏ္ဍိတဂံသာဘိဓေ မဟာဓမ္မရာဇာဓိရာဇဂုရု'ဘွဲ့တံဆိပ်တော် ဆက်သခြင်းကို ခံယူရရှိတော်မူခဲ့သည်။ ဗန်းမော်ဆရာတော်မှာ မင်းတုန်းမင်းကြီးနှင့် ခင်မင်ရင်းနှီးသော ဆရာဒကာဆိုလျှင်မမှား။ မင်းကြီးက ဆရာတော်အား နန်းတော်သို့ မကြာခဏ ဖိတ်၍ ဆွမ်းကပ်လှူဒါန်းပြီး မရှင်းလင်း၊ မကျေလည်သည်တို့ကို မေးမြန်းလျှောက်ထားလေ့ရှိသည်။

(ဤ၌ ဗဟုသုတဖြစ်ဖွယ်အဖြစ် ဗန်းမော်ဆရာတော်ကို ဉီးပေးနိုင်စွမ်းရှိပုံကို တင်ပြရလျှင် - ဆန်ဖြူတစ်ခွက်ချက်၊ ဘဲကလေး တစ်ပိဿာ၊ ဝက်သားတစ်ပိဿာ၊ ဟင်းချို ဇလုံ အကြီးသုံးဇလုံ၊ မုန့်ဆီကြော် သုံးယှက်၊ နို့သာပုဂ္ဂက်ပျော့သီး

ခြောက်ဖီး၊ မန်ကျည်းဖျော်ရည် သုံးပိသာတို့ကို တစ်ထိုင်တည်း ကုန်အောင်ဘုဉ်းပေးနိုင်သောဟူ၏။)

တစ်ခါသော် မင်းတုန်းမင်းကြီးသည် ဗန်းမော်ဆရာတော်အား နန်းတော်ရှိရာ ပင့်ဖိတ်ပြီး ဆွမ်းလုပ်ကျွေး၏။ ကိစ္စပြီးစီးလေသော် အောက်ပါအတိုင်း မေးမြန်းလျှောက်ထားလေသည်။

"ဆရာတော်ဘုရား . . .

ဗုဒ္ဓမြတ်စွာဘုရားရှင်ဟာ တစ်နေရာတည်းမှာ တစ်ပြိုင်နက်တည်း တရားဟောပါတယ်။ အဲဒီအခါ ပုဂ္ဂိုလ်အချို့ဟာ သရဏဂုံ တည်ရုံသာ တည်ပါတယ်။ တချို့ကျပြန်တော့ သောတာပန်၊ တချို့ကျတော့လည်း သကဒါဂါမ်၊ အနာဂါမ် အစရှိသဖြင့် တည်ကြပါတယ်။ အဲသည်မှာ တပည့်တော်သိလိုတာက သဗ္ဗညုတဉာဏ်တော်ရှင် ဗုဒ္ဓမြတ်စွာက အားလုံးကို တစ်နေရာတည်း၊ တစ်ချိန်တည်း တရားဟောပါလျက်နဲ့ တရားနာသူ အတူတူချင်းဟာ တရားရတဲ့အဆင့်ကျတော့ ဘာဖြစ်လို့များ မတူကွဲပြားရတယ်ဆိုတာ တပည့်တော် မရှင်းဘူးဖြစ်နေပါတယ်။ အဲသည်ကိစ္စကို ရှင်းလင်းမိန့်ကြားပေးတော်မူပါဘုရား"

"အင်း . . ဒကာတော်ရေမြေ့ရှင် မေးမယ်ဆိုရင်လည်း မေးသင့် မေးထိုက်တဲ့ကိစ္စပါပဲ။ ဒကာတော် ရေမြေ့ရှင်

## ၁၂ ဟာသမြောက် ပုံတိုပတ်စများ

. . ရှင်းရှင်းလင်းလင်း ဖြစ်သွားရလေအောင် ပုံတိုပတ်စကလေးတစ်ခုနဲ့ ပမာခိုင်းပြီး ရှင်းပြမှ ဖြစ်လိမ့်မယ်ထင်ပါရဲ့"

"မိန့်ကြားပေးတော်မူပါဘုရား"

"အင်း . . ဒီလို ဒကာကြီးရဲ့"

ရှေးတုန်းက ရွာကလေးတစ်ရွာမှာ သက်တူရွယ်မျှ ခင်မင်ရင်းနှီးကြတဲ့ သူငယ်ချင်းနှစ်ယောက်ရှိတယ်။ ပညာသင်ကြားရမယ့် အရွယ်ရောက်လာတော့ မိဘတွေက ပညာတတ်ကလေးတွေဖြစ်အောင် ဆိုပြီး တက္ကသိုလ်ပြည်ကို လွှတ်လိုက်ပါသတဲ့။

သည်လိုနဲ့ သူတို့ဟာ တက္ကသိုလ်ကိုရောက်တော့ ဒိသာပါမောက္ခဆရာကြီးထံမှာ ပညာရင်နို့ သောက်စို့ကြပါတယ်။ သူကို့ကို ပညာသင်ကြားပေးတာ တစ်ဆရာတည်းဖြစ်ပြီး ပညာသင်ကြားပေးတာလည်း တစ်နေရာတည်း၊ တစ်ချိန်တည်းမှာ အတူတူပဲပေါ့။

အဲသည်နောက် ဗေဒင်ပညာ သင်ရိုးကုန်တဲ့အခါမှာတော့ သူတို့နှစ်ယောက်ဟာ ဆရာကြီးကို ခွင့်ပန်ပြီး မိဘရပ်ထံ ပြန်လာခဲ့ကြပါသတဲ့။ လမ်းခရီးကျတော့ ရွာကလေးတစ်ရွာတွေ့တာနဲ့ ခေတ္တခဏဝင်ရောက်နားခိုကြတယ်။ နားနေခိုက်မှာပဲ သူတို့ သူငယ်ချင်းနှစ်ယောက်ဟာ ဗေဒင်အကြောင်းတွေ၊ နက္ခတ်အကြောင်းတွေကို ဆွေးနွေးကြတယ်ဆိုပဲ။ အဲ

သည် ဆွေးနွေးသံတွေကြားတော့ အမျိုးသမီးတစ်ဦး သူတို့ အပါး ရောက်လာတယ်"

"ငါ့မောင်တို့က ဗေဒင်ဆရာတွေလား"

"ဗေဒင်ဆရာအဖြစ်နဲ့တော့ . . . မဟုတ်သေးပါဘူး ခင်ဗျာ။ ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် တက္ကသိုလ်ကနေ ဗေဒင်ပညာ သင်ကြားတတ်မြောက်လာကြလို့ တစ်ယောက်နဲ့တစ်ယောက် ဆွေးနွေး ဖလှယ်နေကြတာပါ"

"ဟာ . . ဒါဆို ဟန်ကျတာပဲ ငါ့မောင်တို့ရယ်။ အစ်မကြီးရဲ့ ခင်ပွန်းသည်က တစ်နယ်တစ်ကျေးကို သွားပြီး စီးပွားရှာဖွေရသူပါ။ သူ အခု ကုန်ရောင်းကုန်ဝယ် ထွက်သွားတာ လမနည်းတော့ဘူး။ ခါတိုင်းဆို သည်ရက်လောက်ဆို ပြန်ရောက်နေကျ။ ခုထိ လူလည်းရောက်မလာ၊ အမှာစကားနဲ့ လူကြုံပါးတာလည်း မရှိဘူးဆိုတော့ အစ်မကြီးမှာ စိတ်သောက ရောက်နေရတယ်။

အဲဒါ ငါ့မောင်တို့အနေနဲ့ ဗေဒင်ပညာနဲ့ စစ်ဆေးတွက်ချက်ပြီး အမှန်အတိုင်း ဟောပေးပါလားကွယ်။ လာဘ်တင်ဆို တင်ပါ့မယ်"

သူငယ်ချင်းနှစ်ယောက်အဖို့ တတ်သည့်ပညာ မနေသာဆိုသလို သူတို့ရဲ့ ပညာကို စမ်းသပ်ချင်နေတာနဲ့ ငိုချင်နေသူကို လက်လာတို့သလိုမျိုး ဖြစ်သွားကြတာပေါ့။

"ဟာ . . အစ်မကြီးရယ်။ သောကရောက်နေသူကို ဖေးကူရမှာ ကျွန်တော်တို့ လူမျိုးရဲ့ ဓလေ့စရိုက်အစစ်အမှန်ပါ။ ဘာငွေကြေး လာဘ်လာဘမှ တင်စရာမလိုပါဘူး။ ကိုင်း . . ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် တွက်ချက်ကြည့်လိုက်ပါဦးမယ်"

သည်လိုနဲ့ သူငယ်ချင်းနှစ်ယောက် မေးသင့်တာမေးမြန်းပြီး ကျောက်သင်ပုန်း ကိုယ်စီထုတ်လို့ တဒေါက်ဒေါက်နဲ့ တွက်ချက်ကြပါလေရော။ ပထမဆုံးဗေဒင်ဆရာက

"အင်း . . ပြောရဟောရမှာကတော့ စိတ်မကောင်းစရာပါပဲ။ ဒါပေမဲ့ မတတ်နိုင်ဘူးလေ။ သတ္တဝါတစ်ခု ကံတစ်ခုလို့ ဆိုတယ်မဟုတ်လား။ အင်း . . ဗေဒင်ပညာနဲ့ တွက်ချက်ကြည့်လိုက်တဲ့အခါ အစ်မကြီးရဲ့ ခင်ပွန်းသည်က ရုတ်တရက်ကွယ်လွန်သွားခဲ့ပါပြီခင်ဗျာ"

"အို . . ဖြစ်ရဖြစ်ရလေဟယ်။ ဟုတ်မှ ဟုတ်ပါ့မလား ငါ့မောင်ရယ်"

အဲသည်လို ကာယကံရှင်က မချိတင်ကဲစိတ်နဲ့ ဝိဝါဒစကားကို ဆိုလိုက်လေတော့ ဟောချက်မထုတ်ရသေးတဲ့ ဒုတိယဗေဒင်ဆရာက

"မယုံမရှိပါနဲ့ အစ်မကြီး၊ စောစောက ကျွန်တော့်သူငယ်ချင်း ဟောကိန်းထုတ်တာအမှန်ပါပဲ။ ကျွန်တော်

တွက်ချက်ကြည့်လိုက်တဲ့အခါ အစ်မကြီးရဲ့ ခင်ပွန်းသည်ဟာ သည်ရွာကိုပြန်အလာ သည်ရွာရဲ့ အရှေ့ဘက် မြစ်ကမ်း နဘေးမှာကျားကိုက်ခံရပြီး ရုတ်တရက် ကိမ်းပါးသွားရတာပါ။

အင်း . . ဆုံးတာလည်း သည်မနက်ကျမှဆိုတော့ အခုနေ ကျွန်တော် ပြောတဲ့နေရာကို သွားရှာကြည့်ရင် အလောင်းကို တွေ့ရပါလိမ့်မယ်"

သည်စကားကြားရတော့ ကာယကံရှင် အမျိုးသမီး လည်း ဆွေမျိုးသားချင်းတွေ၊ ရပ်ရွာက အားကောင်းမောင်း သန် လူငယ်လူရွယ်တွေကို စုဝေးစေပြီး ဒုတိယဗေဒင်ဆရာ လေး ဟောတဲ့နေရာကို သွားရောက်ရှာဖွေတော့ ဟောကြား တဲ့အတိုင်းပဲ ကွက်တိတွေ့ရှိရပါတယ်။ အလောင်းကိုသယ်ပြီး ရွာပြန်ရောက်တဲ့အခါ ကာယကံရှင် အမျိုးသမီးနဲ့ ဆွေမျိုး သားချင်းတွေဟာ ဒုတိယဗေဒင်ဆရာကို ဝိုင်းဝန်းပြီး ချီးမွမ်း ကြပါတယ်။ သည့်အတွက် စိတ်ထဲ ဒိုးလိုးခုလု ဖြစ်ပြီး ဘဝင် မကျ ဖြစ်ရသူကတော့ ပထမဗေဒင်ဆရာပါပဲ။ ဘယ့်နှယ် တစ်ရွာတည်းနေ၊ တစ်ရေတည်းသောက်၊ သက်တူရွယ်တူ ဆရာတစ်ယောက်တည်းဆီမှာ ပညာအတူတူသင်ကြားခဲ့ပါ လျက်နဲ့ တတ်မြောက်ပုံ တတ်မြောက်ခြင်းက ကွာခြားနေတဲ့ အတွက်ကြောင့်ပဲပေါ့။ သည်တော့ မကျေမနပ်နဲ့ မေးပါလေ ရော"

"သူငယ်ချင်း . . မင်းက ငါ့ထက်ပိုပြီး တတ်နေတာဟာ ဆရာကြီးကများ မင်းကို ပညာပိုသင်ပေးလိုက်လို့များလားကွာ"

"ဟာ . . မဟုတ်ရပါဘူးကွာ။ မင်းနဲ့ ငါ့ကို အတူတူသင်ပေးလိုက်တဲ့ဥစ္စာပဲ"

"ငါတော့ မယုံဘူးကွာ။ ကျေလည်း မကျေနပ်ဘူး။ ဆရာကြီးဆီ ပြန်မေးချင်တယ်။ အဲဒါ မင်းပါလိုက်ခဲ့"

"သဘောပဲလေ. . မင်းလိုက်ခဲ့ဆို လိုက်ခဲ့တာပေါ့"

သည့်အတွက် သူငယ်ချင်းနှစ်ယောက်လည်း ခရီးရှေ့မဆက်ဖြစ်တော့ဘဲ လာခဲ့ရာလမ်းအတိုင်း ပြန်လှည့်သွားကြတော့တယ်။ ဒီလိုနဲ့ တက္ကသိုလ်ပြန်ရောက်တဲ့အခါ ဒိသာပါမောက္ခဆရာကြီးကို အကြောင်းစုံပြောပြ မေးမြန်းပါတော့တယ်။ သည်တော့ ဆရာကြီးက

"အေးကွယ် . . လော်လောဆယ် ငါ့တပည့်နှစ်ယောက်စလုံး ခရီးပန်းလာကြတယ်။ သည်တော့ နားလိုက်ကြပါဦး။ မနက်စောစောတော့ ထကြပေါ့။ အဲသည်ကျရင် ဟောဟိုတပည့်မေးတဲ့ အဖြေကို ဆရာကြီး ပေးမှာပေါ့ကွယ်"

လို့ပြောပြီး အိပ်ရာဝင်ခိုင်းခဲ့တယ်။ မိုးသောက်ပြီး အရုဏ်တက်ချိန်အရောက်လောက်မှာတော့ ဆရာကြီးဟာ တပည့်နှစ်ယောက်စလုံးကို အိပ်ရာက နိုးထစေခဲ့တယ်။

"ကိုင်း . . တပည့်တို့။ ဟောဟိုမှာ ဆရာကြီး အရွယ် တူ အိုးကလေးနှစ်လုံးကို တင်ထားတယ်။ တွေ့ကြရဲ့ မဟုတ် လား။ အဲဒါ တစ်လုံးစီသွားယူကြ။ ပြီးတာနဲ့ မင်းတို့ အပြင် ထွက်ပြီး မြေပေါ်မကျသေးတဲ့ နှင်းရည်တွေကို အိုးထဲ ထည့် လာခဲ့ကြ။ ဟုတ်ပလား"

အဲသည်လို မှာကြားလိုက်တာနဲ့ သူငယ်ချင်းနှစ် ယောက်လည်း အိုးတစ်လုံးစီယူပြီး နှင်းတွေတဖွဲဖွဲကျနေတဲ့ အပြင်ကို ထွက်ခဲ့ကြတယ်။ အဲသည်တော့ ပထမဗေဒင်ဆရာ က သစ်ရွက်တွေပေါ်မှာ တင်နေတဲ့ ရင်းနှင်းရည်စက်တွေကို တစ်ရွက်ချင်း၊ တစ်စက်ချင်း ခါချပြီး အိုးထဲကို ထည့်တယ်။ ဒုတိယဗေဒင်ဆရာက ဘာလုပ်တယ်မှတ်သလဲ။ သူ့ခေါင်း မှာ ပတ်ထားတဲ့ပဝါကို ဖြုတ်ပြီး ဖြန့်လိုက်တယ်။ သည့်နောက် သစ်ရွက်တွေပေါ်၊ မြက်ပင်တွေပေါ်မှာ တင်ကျန်စိုရွှဲနေတဲ့ နှင်းတွေအပေါ် ပဝါစ လွှမ်းပြီးတင်လိုက်တယ်။ ဒီအခါ နှင်း ရည်တွေဟာ ပဝါကို စိမ့်ဝင်သွားကြတယ်။ သည်တော့ ပဝါကို ဆွဲယူပြီး အိုးထဲကို ညှစ်ချလိုက်တယ်။ မကြာပါဘူး။ အိုးထဲမှာ နှင်းရည်တွေ ပြည့်သွားတော့တယ်။

မိုးသောက်အရုဏ်တက်ပြီး နေထွက်လာတော့ နှင်း တွေလွင့် ပါးပျောက်ကွယ်သွားကြတယ်။ အဲသည်အခါ အိုး ကလေးတွေ ကိုယ်စီကိုယ်စီကိုင်ပြီး နှစ်ယောက်သား ဆရာ

ကြီးဆီ ပြန်ရောက်လာကြတယ်။ အိုးတွေကို အပ်လိုက်ကြတဲ့ အခါမှာ ဒုတိယတပည့်ရဲ့အိုးက နှင်းရည်တွေ အပြည့်။ ပထမ တပည့်ရဲ့ အိုးမှာကတော့ နှင်းရည်တွေ ပါလေရုံသာသာ။ အဲသည်အချိန်မှာပဲ ဆရာကြီးက -

"ကိုင်း . . ငါ့တပည့်တို့၊ မင်းတို့ဟာ ဆရာကြီးဆီမှာ လာပြီး ပညာသင်ကြားခဲ့ကြတယ်။ သင်ကြားတော့လည်း အတူတူ။ ဆရာကြီး သင်ပေးတဲ့ ပညာဟာလည်း အတူတူ ပါပဲ။ ဒါပေမဲ့ ခံယူတတ်တဲ့ ဉာဏ်ရည်ဉာဏ်သွေး၊ အရည် အချင်းက မတူညီဘဲ ကွာခြားသွားတဲ့အတွက် ကြောင့်သာ တတ်မြောက်ပုံချင်း ကွာခြားသွားတယ်လို့ ဆိုရမှာပါပဲ။

ခုပဲ မင်းတို့ နှင်းရည်တွေ စုဆောင်းလာခဲ့တာကြည့်။ ဘယ်သူက ဘာကြောင့် ပိုရသလဲ ဒါဆို ရှင်းနေပြီပဲကွယ်"

သည်တော့မှ ပထမဗေဒင်ဆရာလည်း နားလည် သဘောပေါက်သွားပြီး ဆရာကြီးကို ရိုသေစွာ ကန်တော့လို့ နှစ်ယောက်သား ကိုယ့်ရပ်ကိုယ့်ရွာကို ပြန်လာခဲ့ကြပါသတဲ့။

"အဲသည် . . နှင်းရည်စုဆောင်းတဲ့ ပုံပြင် သာဓက လေးအတိုင်းပါပဲ။ ဒကာဘော် . . တရားတော်ဟာ အတူတူ ပါ။ ဒါပေမဲ့ တရားနာကြသူချင်း ဉာဏ်ရည်ဉာဏ်သွေးတွေ ခြားနားကြသလို၊ တရားရတာချင်းလည်း ကွာခြားသွားတာ ကြောင့် ရရှိတဲ့အဆင့်တွေ ကွဲပြားသွားရတာပေါ့။ ကိုင်း . .

ရှင်းပြီမဟုတ်လား။ ဒကာတော် ရေမြွေရှင်"

"ရှင်းလင်းသွားပါပြီ . . ဘုရား"

ဗန်းမော်ဆရာတော်ဆရာတော်၏ ဥပမာပေး ပုံမြင်ကလေးက ပစ်ကွင်းတည့်တည့်သို့ ထိမှန်သွားလေရော့ထင့်။ မင်းတုန်းမင်းတရားကြီးနှင့်တကွ တရားနာပရိသတ်အပေါင်းအဖို့ များစွာမှ ဘဝင်ကျသွားခဲ့ရပါလေသတည်း။

☺ ☺ ☺



## ဖျိုးနှုတ်သူရဲ့ ဥပမာ

မင်းတုန်းမင်းကြီးနှင့် ဗန်းမော်ဆရာတော် ဆိုသည်မှာ ဒကာရင်း၊ ဆရာရင်းတွေ ဖြစ်ချေသည်။ မင်းတုန်းမင်းကြီးအဖို့ တိုင်းပြည်အုပ်ချုပ်ရေး၌ လစ်ဟင်းမှု မရှိစေရသလိုသာသနာတော်ဆိုင်ရာ ကိစ္စရပ်များ၌လည်း လစ်ဟင်းမှု မရှိစေသူဖြစ်သည့်အတွက် ဗန်းမော်ဆရာတော်နှင့် အကျွမ်းတဝင်ရှိခြင်းမှာ မဆန်းပါချေ။

မင်းကြီးကိုယ်တိုင်မှာ သံသရာမှ လွတ်မြောက်လိုစိတ်ရှိနေသည်။ သည့်အတွက် ဆရာတော်ကြီးများကို နန်းတွင်းပင့်ဖိတ်ပြီး တရားဓမ္မများ ဆွေးနွေးကြသောအခါဝယ် ရင်တွင်းဆန္ဒသဘောထားကို တင်ပြလျှောက်ထားလေ့ရှိချေသည်။

## ၂၂ ဟာသမြောက် ပုံတိုပတ်စများ

တစ်နေ့သ၌ ဗန်းမော်ဆရာတော်ကို နန်းတော်သို့ ပင့်ဖိတ်ပြီး ဆွမ်းလုပ်ကျွေးလေသည်။ ဆွမ်းကိစ္စပြီးလေသော် ဒကာရင်းဆရာရင်းတို့သည် တရားကိစ္စကို ဆွေးနွေးကြလေသည်။

"အရှင်ဘုရား . . တပည့်တော်မှာ မင်းစည်းစိမ်တစ်ဖက်၊ တိုင်းပြည်ရဲ့ တာဝန်ဝတ္တရားကတစ်ဖက် ရှိနေလို့သာဘုရား။ တကယ်သာ အဲဒီတာဝန်တွေ တပည့်တော်မှာ ရှိမနေဘူးဆိုရင်ဖြင့် တရားဘာဝနာကိုသာ စီးဖြန်းနေချင်ပါတော့တယ်ဘုရား"

မင်းကြီးမှ ထိုသို့ လျှောက်ထားလေသော် ဗန်းမော်ဆရာတော်လည်း ခေါင်းတဆတ်ဆတ် ညိတ်ရင်း -

"အင်း . . ဒကာတော် ရေမြွေရှင်လည်း ဘုန်းကြီးနဲ့ ဆုံလေတိုင်း တောပဲထွက်တော့မလိုလို၊ ဘုန်းကြီးမဲ ဝတ်တော့ မလိုလိုနဲ့ ပြောပြောနေတာများ အပ်ကြောင်းကို ထပ်နေပြီ။ ကြာတော့ ဒကာတော်ရေမြွေရှင်ကိုကြည့်တာ ကျုပ်တို့နယ်ဘက်က ပျိုးနုတ်သမားနဲ့ တူနေပြီ"

ဟူ၍ မိန့်ဆိုလိုက်လေ၏။

"ဘယ်လို ပျိုးနုတ်သမားနဲ့ တူနေတာလဲ ဘုရား။ ရှင်းလင်းဟောကြားပေးတော်မူပါဘုရား"

ဤတွင် ဗန်းမော်ဆရာတော်လည်း ပျိုးနုတ်သမားပုံ

မြင်ကို ဟောကြားပါလေတော့၏။

တစ်ခါက ပန်းသည်တစ်ဦးသည် ပန်းများကို ဖောက်သည်ယူ ရောင်းချရင်း ဖျူံခင်းကြီးတစ်ခုအနီးသို့ ရောက်ရှိသွားလေသည်။ ထိုအချိန်ဝယ် ဖျူံခင်းရှိရာသို့ ခါးပုံစအတွင်း နှီးစည်းတစ်စည်း ညှပ်ထားသည့် လူတစ်ဦး ရောက်ရှိလာလေ၏။ ထိုသူကို ကြည့်ရသည်မှာ ဖျူံနှုတ်သမားပုံ ပေါက်နေလေသည်။ ထိုအခါ အပျင်းပြေလိုစိတ်ဖြင့် ဖျူံနှုတ်သည်ကို ကြည့်ရန် သစ်ပင်ကြီးတစ်ပင်၏ အရိပ်အောက်၌ ဝင်ရောက်နားခိုလေ၏။ ဖျူံနှုတ်သမားလည်း ခါးပုံစမှ နှီးစည်းထုတ်ကာ ရေစိမ်လိုက်လေသည်။

"အင်း . . ဖျူံတွေ နှုတ်စရာ ရှိသေးတယ်။ အဲ . . ထမင်းစားပြီးမှ နှုတ်တော့မယ်။ နှုတ်လည်း ခဏလေးနဲ့ ပြီးသွားမှာပါလေ"

ဖျူံနှုတ်သမား၏ ရေရွတ်သံကို ပန်းသည်မှာ နားနှင့်ဆတ်ဆတ် ကြားလိုက်ရလေသည်။ သည့်အတွက် ပို၍ စိတ်ဝင်တစား ဖြစ်သွားခဲ့ရသည်။

"အင်း . . သူ ထမင်းစားပြီးမှတော့မှ ဖျူံဘယ်လိုနှုတ်မယ်ဆိုတာကို စောင့်ကြည့်ရသေးတာပေါ့လေ"

ဖျူံနှုတ်သမားသည် ခေါင်းပေါင်းစကိုဖြုတ်လိုက်သည်။

ပြီးနောက် ကန်သင်းရိုးပေါ်တွင် အကျအနထိုင်ကာ ထမင်းကို စားလေသည်။ ထမင်းစားပြီးလေသော် နားရွက်ကြားတွင် ညှပ်ထားသော ဆေးပေါ့လိပ်တိုကို ဖြုတ်လျက် မီးညှိဖွာရှိုက်လိုက်သည်။

"အင်း . . ဆေးလိပ်ဖွာပြီးရင် ပျိုးနှုတ်တော့မယ် ထင်ပါရဲ့"

ပန်းသည်ကြီးက ထိုသို့တွေးလိုက်သည်။ ပျိုးနှုတ်သမားသည် ဆေးပေါ့လိပ်ကို ပါးစောင်တွင်ခဲ့ရင်း ခေါင်းပေါင်းစအား လုံးစုလိုက်ပြီး ကန်သင်းရိုးပေါ်တင်ကာ ခေါင်းအုံး၍ လှဲချလိုက်၏။

"သည်ပျိုးခင်းလောက်များ နှုတ်လိုက်ရင် ဘာကြာမှာမှတ်လို့လဲ။ ခဏကလေးနဲ့ ကိစ္စပြတ်သွားမှာပါ။ တစ်ရေးလောက်နှပ်ပြီး နေအေးမှ ခပ်သွက်သွက်ကလေး နှုတ်လိုက်တာပေါ့"

သည်သို့ ပြောဆိုရေရွတ်လိုက်ပြီး တခေါခေါဟောက်ကာ သိုးနေအောင် အိပ်ပါလေတော့၏။ ပန်းသည်မှာလည်း ပျိုးနှုတ်သမား ပြောဆိုရေရွတ်လိုက်သောစကားကို ကြားဖြစ်အောင် ကြားလိုက်ရလေသည်။

"အင်း . . သည်လူကို ကြည့်ရတာ တော်တော်လည်း လက်သွက်မယ့် ပျိုးနှုတ်သမား ဖြစ်လိမ့်မယ်။ ဘာပဲဖြစ်ဖြစ်

ကြည့်ကောင်းကောင်းနဲ့ သူ့အစွမ်းကို ကြည့်ရအောင် စောင့်နေလိုက်ဦးမယ်လေ"

နေအစောင်းမှာတော့ ပျိုးနှုတ်သမားလည်း တဝါးဝါးသမ်းကာ ခြေလက်တို့ကို ဆန့်ရင်း လဲလျောင်းနေရာမှ ထထိုင်လိုက်လေသည်။ ပန်းသည်အဖို့ ပျိုးနှုတ်သမား၏ အစွမ်းကို တွေ့မြင်ရတော့မည်မို့ စောင့် ကောင်းကောင်းနှင့် စောင့်နေဆဲ။ ဤတွင် ပျိုးနှုတ်သမားထံမှ တစ်ကိုယ်တည်း ရေရွတ်သော စကားသံကို ကြားရပြန်လေသည်။

"ဟား . . နေကလည်း တယ်အကျမြန်တာပဲကိုး။ ခုမှ ပျိုးနှုတ်ရင်လည်း လက်စသတ်နိုင်မယ် မထင်တော့ပါဘူး။ မနက်ဖြန်ကျမှပဲ နှုတ်ပါတော့မယ်လေ"

"ဟောဗျာ . . . ဘယ်လိုများ ဖြစ်ရတာပါလိမ့်"

ပန်းသည်ခမျာ ပွဲကြီးပွဲကောင်းနှင့် လွဲချော်သွားရလေသည်မို့ စိတ်ပျက်လက်ပျက်ဖြစ်ရတော့၏။ ပျိုးသမား၏ အစွမ်းကို ကြည့်ချင်ပါမှ ခဲလေသမျှ သဲရေကျဖြစ်သွားခဲ့ရသည်။

နေကလည်း ညိုချေပြီ။

သူ့တွင်ပါလာသော ရောင်းချရန် ပန်းများသည်လည်း ညှိုးနွမ်းရချေပြီ။ ဆက်ရောင်းဖို့ကလည်း အချိန်မရှိ၍ ‌လေးပင်သော ခြေလှမ်းများဖြင့် အိမ်သို့သာ ပြန်လာရ

လေတော့၏။

"ပုံပြင်လေးကတော့ ဒါပါပဲ ဒကာတော် ရေမြွေရှင်။ ကျုပ်လည်း ပန်းသည်နဲ့ မထူးတော့ပါဘူး။ ပျိုးနှုတ်သမားနဲ့ တူတဲ့ ဒကာတော်ရေမြွေရှင်ဟာ ဘယ်နေ့တောထွက်နိုးနိုး၊ ဘယ်နေ့ တရားဘာဝနာ စီးဖြန်းနိုးနိုးနဲ့ စောင့်ကြည့်ရင်း ကျုပ်တောင် စာကြည့်ရပျက်တယ်ဗျာ"

သည်သို့ စကားကို အနားသတ်လိုက်လေရာ မင်းတုန်းမင်းကြီးအဖို့ အံ့ဝင်ခွင်ကျဖြစ်သွားလေသည့်အတွက် ရှက်စနိုးဖြင့် ပြုံးစေ့စေ့ဖြစ်သွားရလေသည်။ အခြားအခြားသော တရားနာမင်းမှုးမတ်ပရိသတ် အပေါင်းတို့မှာလည်း ရယ်ချင်ပါလျက် မရယ်ရဲဘဲ ပြုံးတုံ့တုံ့ ဖြစ်နေရလေတော့သတည်း။

☺ ☺ ☺


နောက်တစ်ခေါက်မှ လိုက်ပါရစေ

## နောက်တစ်ခေါက်မှ လိုက်ပါရစေ

တစ်နေ့သ၌ ဗန်းမော်ဆရာတော်သည် စာသင်သားတပည့် သံဃာများအား စာဝါချအပြီး ကျောင်းအောက်သို့ဆင်း၍ ကွမ်းကလေး တမြုံ့မြုံ့နှင့် ကျောင်းပရိဝုဏ်အတွင်း စကြံလျှောက်နေလေသည်။

ထိုအခိုက် ကျောင်းပရိဝုဏ်အတွင်းသို့ ဒကာတစ်ဦး ဝင်ရောက်လာလေသည်။ ဆရာတော်ကို ပျော့သော် ပဆစ်တုပ်ထိုင်လျက် ဝတ်ဖြည့်လေသည်။ သည့်နောက် ဒကာကပင် စကားစတင်ဆိုပါလေ၏။

"ဆရာတော်ဘုရား . . .၊ တပည့်တော်တို့ ဗုဒ္ဓဘာသာဝင်တိုင်းဟာ နောက်ဆုံးရည်မှန်းချက်အနေနဲ့ နိဗ္ဗာန်ဆိုတာကို မျက်မှောက်ပြုကြပါတယ်ဘုရား။ တပည့်တော်လည်း ဗုဒ္ဓဘာသာဝင်တစ်ယောက်မို့ နိဗ္ဗာန်ကိုပဲ ရည်စူးမျက်မှောက်ပြုပါတယ်။ ဒါကြောင့် နိဗ္ဗာန်ရောက်ကြောင်းတရားကို ဟောကြားပေးတော်မူပါဘုရား"

ဒကာက စကတည်းက ယဉ်သကို ဇာတ်လမ်းမျိုးခင်းလာသည်။ အများကြားကောင်းအောင်၊ လူအထင်ကြီးအောင် စကားကြီး၊ စကားကျယ်တွေ ပြောလာခြင်းဖြစ်ကြောင်း ဆရာတော် ရိပ်စားမိလိုက်၏။ သို့သော်လည်း မသိလိုက် မသိဘာသာနေရင်းမှ -

"နေပါဦး ဒကာကြီးရဲ့ . . နိဗ္ဗာန်ဆိုတာကို ဒကာကြီးက တကယ်ပဲလိုချင်တာလား။ သူတကာတွေ တောင်းတောင်းနေတာ ကြားလို့ ဘသားယိမ်းလိုက် ရောယိမ်းလိုက် တောင်းတာလား"

"တပည့်တော် တကယ်ပဲ လိုချင်လို့ တောင်းတာပါဘုရား"

"ဟုတ်ပြီ . . ဒကာ့ကို ဘုန်းကြီး မေးမယ်နော်။ မှန်တဲ့အတိုင်းသာဖြေ"

"တင်ပါ့ ဘုရား"

# ၃၀ ဟာသမြောက် ပုံတိုပတ်စများ

"ဒကာကြီးအနေနဲ့ နိဗ္ဗာန်ကို သွားတော့မယ်ဆိုရင် သားမယားစတဲ့ လောကီစည်းစိမ်တွေအားလုံးကို စွန့်လွှတ်နိုင်ပါ့မလား"

"မစွန့်လွှတ်ဘဲ ဘယ်နေပါ့မလဲဘုရား။ နိဗ္ဗာန်သာ ရလို့ကတော့ အဲသည် လောကီစည်းစိမ်တွေအားလုံး စွန့်လွှတ်တာပေါ့ဘုရား"

"စကားကို အလွယ်မပြောပါနဲ့ ဒကာကြီး။ ကြမ်းကျဲ့ရင် နှုတ်လို့ရပေမဲ့ စကားကျဲ့ရင် နှုတ်ဖို့ဆိုတာ ခက်တယ်။ အခု နိဗ္ဗာန်ဆိုတဲ့ ကိစ္စဟာလည်း အပြောလွယ်သလောက် လက်တွေ့ကျတော့ ခက်ပါတယ် ဒကာကြီး။ တော်ကြာ ရွှေပန်းတောက မောင်ညွှန့်တင်လို 'နောက် တစ်ခေါက်မှ လိုက်ပါရစေ' ဖြစ်နေဦးမယ်နော်"

"ဘယ်လိုများ 'နောက်တစ်ခေါက်မှ လိုက်ပါရစေ'လဲ ဘုရား။ တပည့်တော် နားရှင်းအောင် မိန့်ကြားတော်မူပါ ဘုရား"

သည်တော့ ဆရာတော်လည်း ထင်သာမြင်သာစေမည့် ဥပမာအဖြစ် ပုံတိုပတ်စကလေးတစ်ပုဒ်ကို ပြောပြလေတော့သည်။

တစ်ခါက ကြို့ပင်ကောက်၊ ရွှေပန်းတောကျေးရွာ၌ မောင်ညွှန့်တင်ဆိုသော ရွာသားတစ်ဦးရှိ၏။ သူသည် ကြို့ပင်

ကောက် ဈေး၌ ချဉ်ဖတ်ရောင်းသော မတင်နွဲ့ဆိုသည့် တစ်ခု လပ် တစ်လင်ကွာမကြီးနှင့် အိမ်ထောင်ကျပြီးသကာလ သား သမီးတွေ ပွားစီးကာ အခြေခိုင်နေပြီဖြစ်သည်။ သူသည် လုပ်ငန်းခွင်မသွားမီ နံနက်မိုးသောက် အရုဏ်တက်လေတိုင်း မပျက်မကွက်ဆိုသလို ရွှေဘိုးထိပ်ရှိ ဆုတောင်းပြည့် စေတီထံ သွားရောက်လျက် ကျယ်လောင်စွာ ဘုရားရှိခိုးရင်း နိဗ္ဗာန် ရောက်လိုပါကြောင်း နိဗ္ဗာန်ဆုကို တောင်းတတ်စမြဲဖြစ် လေ၏။

သည်ဖြစ်ကို နိစ္စဓူဝ မြင်ရကြားရသော သူငယ်ချင်း တစ်ဦးဖြစ်သူ ဖိုးတုတ်က နောက်ပြောင်ကျီစယ်လို၍ မောင်ညွန့်တင်နှင့် ဆုံသည့်အခိုက် စကားစလေသည်။

"ဟေ့ . . . မောင်ညွန့်တင်"

"ဟေ . . ဘာများလဲ ဖိုးတုတ်"

"ဘာရယ်လို့ ဟုတ်ပါဘူးကွာ။ မင်းက ဘာသာ တရားကို အင်မတန် ကိုင်းရှိုင်းတာပဲနော်။ မနက်အရုဏ်တက် ဆိုရင် ရွှေဘိုးစေတီကို ရောက်နေပြီ။ ဘုရားရှိခိုးနေပြီ"

"ဟုတ်တယ်လေကွာ။ အဲဒါ ဘာဖြစ်သလဲ"

"အင်း . . ဘာဖြစ်သလဲဆိုတော့ မင်းခုလိုမျိုး ဝတ္တရားမပျက် လုပ်ဆောင်နေတာဟာ ဘာရည်ရွယ်ချက်ရှိ လဲ သိချင်လို့ပါ"

"ဩော် . . ဒါလား။ အင်း . . မှန်တဲ့အတိုင်း ဖြေရရင် 'နိဗ္ဗာန်'ကို ရောက်ချင်လို့ကွ။ နိဗ္ဗာန်ကိုရောက်ချင်လို့"

"ဟာ . . ဟုတ်မှလည်း ပြောပါ မောင်ညွန့်တင်ရာ။ မတင်နွဲ့နဲ့ မင်းရဲ့ကလေးတွေ၊ ပြီးတော့ ဈေးထဲမှာ အကျအန ဖွင့်ထားတဲ့ ကုန်စုံဆိုင်။ ဒါတွေကို မင်း ပစ်ထားခဲ့ပြီမှ နိဗ္ဗာန်ကို သွားလို့ရမှာနော်"

"ဒီမှာ . . ဖိုးတုတ်၊ နိဗ္ဗာန်ကို လိုက်ရလို့ကတော့ အားလုံးကို စွန့်လွှတ်ရဲတယ်ဟေ့"

"ဒါဆိုလည်း ကောင်းတာပေါ့ကွာ။ ငါ့သူငယ်ချင်းကြီး သိပ်သွားချင်တဲ့ နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနဲ့ ရောက်ပါစေ"

ဖိုးတုတ်လည်း မောင်ညွန့်တင်ကို သည်သို့ ပြောဆိုနှုတ်ဆက်ပြီး အကြံနှင့် ပြန်လာခဲ့တော့၏။ လမ်းတစ်လျှောက်၌ နိဗ္ဗာန်ရောက်ချင်နေသော မောင်ညွန့်တင်၏ တကယ့်စိတ်ဓာတ်ကို စမ်းသပ်ရန် ဆုံးဖြတ်ထားလေသည်။

သို့ဖြင့် တစ်လမှသည် နှစ်လကျော်ခန့် ကြာမြင့်သွားသည်။

မောင်ညွန့်တင်မှာမူ နိစ္စဓူဝ ဝတ္တရားမပျက် အရက်မိုးသောက် အလင်းရောက်သည်နှင့် ဆုတောင်းပြည့်စေတီရှိရာသွား၊ ဘုရားရှိခိုး။ ကျယ်ကျယ်လောင်လောင် နိဗ္ဗာန်ဆုကို

တောင်း။

တစ်နေ့မှာတော့ သူ့အကြံအစည်ကို အကောင်အထည်ဖော်တော့မည့် ဖိုးတုတ်သည် ဇာတ်ပွဲတစ်ခုမှ ငှားလာသော နတ်ဝတ်စုံကို အကျအန ဝတ်ဆင်ကာ မောင်ညွှန့်တင် မမှတ်မိအောင် မျက်နှာတွင် မိတ်ကပ်များ ဖွေးနေအောင် လိမ်း၏။ ပြီးလေသော် ဆုတောင်းပြည့် စေတီ၏ နေရာအကွယ်တွင် ပုန်းအောင်းရင်း မောင်ညွှန့်တင်အလာကို စောင့်နေလေသည်။

မကြာခင် ထုံးစံအတိုင်း စေတီတော်ရှိရာသို့ မောင်ညွှန့်တင် ရောက်လာ၏။ စေတီတော်ကို ရှိခိုး၏။ ပြီးလျှင် အသံကျယ်ကျယ်လောင်လောင်ဖြင့်

"နိဗ္ဗာန်မင်္ဂဖိုလ်ကို ရက်တိုတိုနဲ့ အမြန်ဆုံး ရောက်ရပါလို၏ အရှင်ဘုရား"

ထိုသို့ ဆုတောင်း၍အပြီးမှာတော့ စေတီတော်အကွယ်မှ ဖိုးတုတ်တစ်ဖြစ်လဲ နတ်သား ရောက်ရှိလာ၏။

"အို . . အသင်လူသား၊ အသင်လူသား"

"အယ် . . ဗုဒ္ဓေါ"

တစ်ခါမျှ မမြင်တွေ့ဖူးသော မြင်ကွင်း ဖြစ်လေရကား မောင်ညွှန့်တင်မှာ လန့်ဖျပ်သွားလေသည်။

"အသင် . . အသင် . . အသင်ဟာ"

"ငါဟာ အထက်တာဝတိံသာက သိကြားမင်း စေလွှတ်ချက်နဲ့ လူ့ပြည်ကိုမြန်းကြွလာတဲ့ နတ်သားဖြစ်ပေတယ် အသင်လူသား။ သင်ဟာ ဘာသာတရားကို လွန်စွာကိုင်းရှိုင်းသူဖြစ်တယ်။ ပြီးတော့ နိဗ္ဗာန်ကို ရောက်ချင်ကြောင်း ရည်ရွယ်ချက်ကောင်းကောင်းနဲ့ နေ့စဉ်မပြတ် ဆုတောင်းနေတဲ့သူဖြစ်တယ်"

"အမှန်ပါပဲ အသင်နတ်မင်း"

"သည်တော့ သင့်လို သူတော်ကောင်းရဲ့ အလိုဆန္ဒကို ဘယ်လိုမှ ရှောင်လို့မရတဲ့အဆုံး ဖြည့်ဆည်းပေးဖို့ရာ ရောက်လာခဲ့တာပဲ။ သင် သွားရောက်ချင်နေတဲ့ နိဗ္ဗာန်ကို ငါကိုယ်တိုင် ရောက်အောင် ပို့ပေးပါ့မယ်"

သည်စကား ကြားရတော့ မောင်ညွန့်တင်ခမျာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားရလေတော့သည်။ တစ်စုံတစ်ခုကိုလည်း စဉ်းစားနေမိသလိုလို။

"အခုချက်ချင်းကြီး လိုက်ရမှာလား အရှင်နတ်မင်းရယ်"

"ခုချက်ချင်း လိုက်မယ်ဆိုရင် ခေါ်သွားမှာပေါ့။ ငါတို့ နတ်ဒေဝတာအပေါင်းရဲ့ အရှင်သခင် သိကြားမင်းက သင်ဖြစ်စေချင်တဲ့ ဆန္ဒအတိုင်း ဖြစ်စေဖို့ရာအတွက် ငါ့ကို တာဝန်ပေးလိုက်လို့ ရွှေပန်းတောကိုရောက်လာတာ။ ဟိုး

. . တစ်မြန်နေ့ကလည်းပဲ နတ်မောက်က မောင်မောင်စိန် လင်းဆိုတဲ့ ပုဂ္ဂိုလ်ကြီးကို သူတည်းခိုတဲ့ တောင်ပေါ်သား ဂေဟာကနေ နိဗ္ဗာန်ကို ပို့ပေးခဲ့ပြီးပြီ။ သည်ကနေ့ သင်သာ နိဗ္ဗာန်သွားမယ်ဆိုရင် ခုပဲ လိုက်ပို့မယ်"

နတ်သား ဖိုးတုတ်၏ စကားအဆုံးမှာတော့ မောင်ညွန့်တင်လည်း စိတ်ရှုပ်ထွေးသွားဟန်ဖြင့် ခေါင်းကို တဗျင်းဗျင်း ကုတ်တော့သည်။

"ခက်တော့လည်း ခက်နေပြီ အရှင်နတ်မင်းရယ်"

"ဘယ်လို ခက်နေတာလဲ . . အသင်လူသားရဲ့"

"ချက်ချင်းကြီး လိုက်ပို့တာကတော့ ဟုတ်ပါပြီ။ သားမယားကိုတောင် နှုတ်မဆက်ရတော့ဘူးလားဟင်"

"သင်ပဲ နိဗ္ဗာန်ကို ရောက်ချင်တယ်ဆို"

"ရောက်ချင်တာကတော့ အမှန်ပဲ။ ဒါပေမဲ့ နိဗ္ဗာန် မရောက်ခင် သားမယားကိုတော့ နှုတ်ဆက်ချင်ပါတယ်"

"အင်း . . ရှိစေတော့၊ ရှိပါစေတော့။ ဒီလောက်တောင် နှုတ်ဆက်ချင်တယ်ဆိုရင်လည်း မြန်မြန်ခန့်ဘန့် နှုတ်ဆက်ပေတော့။ ဒီကပဲ စောင့်နေတော့မယ်။ နှုတ်ဆက်ပြီးရင် မြန်လာခဲ့နော်"

"စိတ်ချပါ အရှင်နတ်မင်း"

နတ်သားဖိုးတုတ်၏ ခွင့်ပြုချက်ဖြင့် မောင်ညွန့်တင်

လည်း မယားမတင်နွဲ့နှင့်တကွ သားသမီးများကို နှုတ်ဆက်ရန် အိမ်သို့ ပြန်သွားလေ၏။ မောင်ညွန့်တင်၏ ဖြစ်ပျက်ပုံကို မြင်ရ၍ နတ်သားဖိုးတုတ်လည်း တခွီးခွီးရယ်ရင်း ကျန်ရစ်ခဲ့လေသည်။

မောင်ညွန့်တင် အိမ်ပြန်ရောက်တော့ ကြမ်းတိုက်နေသော မယားမတင်နွဲ့ကို တွေ့ရလေသည်။ ထိုအခါ မောင်ညွန့်တင်က သူကြုံ ဆုံဖြစ်ပျက်ခဲ့ပုံတို့အား ပြန်ပြောပြလိုက်သည်။

"ဟယ် . . ဒါဆိုရင် ရှင်တော်တော့်ကို ကုသိုလ်ထူးပေတာပဲ။ နိဗ္ဗာန်ဆိုတာ ရောက်ချင်တိုင်း ရောက်တဲ့နေရာမဟုတ်ဘူး။ ရှင့်ရဲ့ အကျင့်သီလနဲ့ ဘာသာတရား ကိုင်းရှိုင်းမှုကြောင့် သည်အခွင့်အရေးရတာ။ ရှင်ကလည်း အားတိုင်း နိဗ္ဗာန်သွားချင်တဲ့အကြောင်းချည်း ပြောပြောနေတာမဟုတ်လား။ သည်တော့ ရှင်ဆုတောင်းပြည့်ပြီပဲ။ လိုက်သာ သွား. . လိုက်သာသွား"

မတင်နွဲ့က မောင်ညွန့်တင်၏ အလိုဆန္ဒပြည့်ဝသွားစေဖို့အတွက် တိုက်တွန်းခွင့်ပြုပေးလေသည်။ ပြည့်ပြည့်ဖြိုးဖြိုးနှင့် ရာဝင်အိုးကြီးလို ဖွံ့ထွားမြဖြစ်သော မယားကိုကြည့်လျက် မောင်ညွန့်တင် မရှုသာမရှိုက်သာ ဖြစ်နေရလေသည်။

"အေးကွာ . . သည်လိုမျိုး အခွင့်အရေးဟာ ရခဲ

တယ်ဆိုတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ မင်းမှာက ချက်ရပြုတ်ရ၊ လျှော်ရဖွပ်ရ၊ အိမ်ဗာဟီရတွေကတစ်ဘက်၊ ကလေးတွေကိစ္စကတစ်ဘက်ဆိုတော့ ကသီလင်တ ဖြစ်နေမှာစိုးလို့ပေါ့ကွာ"

"ဒီလိုဆို ရှင်က"

"ငါ . . နိဗ္ဗာန်ကို နောက်တစ်ခေါက်မှ လိုက်တော့မယ်ကွာ"

"အို . . တော့်ဟာ ဘယ်လိုကြီးလဲ။ နတ်မင်းကို အားနာစရာ။ သူ့ခမျာ စေတီမှာ စောင့်နေရှာတယ်"

"စောင့် . . စောင့်ကွာ၊ မစောင့်နိုင်လို့ အိမ်လိုက်လာလည်း နောက်တစ်ခေါက်မှ လိုက်ပါရစေလို့ ပြောလိုက်မယ်ကွာ။ ဟုတ်ပလား"

ဟူ၍ ပြောပြောဆိုဆိုနှင့် အဆီအစ်နေသော မတင်နွဲ့၏ ပခုံး ကုပ်သားကြီးကို လှမ်းဖက်လိုက်လေသည်။ ထိုနေ့မှစ၍ မောင်ညွန့်တင်လည်း ဆုတောင်းပြည့်စေတီထံ မသွားတော့။

"ပုံပြင်ကလေးကတော့ ဒါပဲ ဒကာကြီး။ ရွှေပန်းတောက မောင်ညွန့်တင်ကတော့ နတ်မင်းနဲ့ ထပ်တွေ့ရင် နိဗ္ဗာန်ကို လိုက်ရမှာစိုးလို့ ရွာဦးထိပ်က စေတီရှိရာတောင် ခြေဦးမလှည့်တော့ဘူး။ ဒီတော့ ဒကာကြီးလည်း နိဗ္ဗာန်ဆုကို

အမှန်တကယ် လိုချင်တယ်ဆိုရင် ရွှေပန်းတော မောင်ညွန့်တင်လို အဖျားရှူးမသွားစေနဲ့ ဟုတ်ပလား"

သည်သို့ သာသာနှင့် နာနာကလေး စကားဆိုရင်း ဇန်းမော်ဆရာတော်လည်း ကျောင်းပေါ်သို့ ပြန်တက်သွားလေသည်။ နိဗ္ဗာန်သွားလိုသော ဒကာကြီးမှာတော့ ပြူးစုစုနှင့် ကျန်ရစ်ခဲ့လေသတည်း။

☺ ☺ ☺

## ပိုးသူတော်ကြီး ပုတီးစိပ်သလို



## ပိုးသူတော်ကြီး ပုတီးစိပ်သလို

တစ်နေ့သ၌ ရတနာပုံ မြို့တည်နန်းတည် ရေမြေရှင် မင်းတုန်းမင်းတရားကြီးသည် နေပြည်တော်အတွင်းရှိ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများကို နန်းတော်တွင်း ပင့်ဖိတ်ကာ ဆွမ်းလုပ်ကျွေးလေသည်။ ထိုပင့်ဖိတ်သော ဆရာတော်ကြီးများ၌ ဇန်းမော်ဆရာတော်လည်း ပါဝင်လေသည်။

ဆွမ်းစားပြီးလေသော် ဆရာတော်ကြီးများသည် တစ်ပါးနှင့်တစ်ပါး အလာပသလ္လာပ စကားများကို ပြောဆိုနေကြလေသည်။ ဤတွင် ဇန်းမော်ဆရာတော်က ဒကာတော် မင်းတုန်းမင်းကြီးအား စေ့စေ့ကြည့်လျက် စကားဆိုလိုက်သည်။

"ဒကာတော်ကြီ မင်းကြီး . . ဒကာတော်ဟာ ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲပါရဲ့လား။ တိုင်းသူပြည်သားတွေရဲ့ အပေါ်မှာရော မင်းကျင့်တရား ဆယ်ပါးနဲ့အညီ အုပ်ချုပ်ပါရဲ့လား"

"တင်ပါ့ . . ဘုရား"

တပည့်တော်ဟာ ငါးပါးသီလကို ခါးဝတ်ပုဆိုးနှယ် မြဲပါတယ်ဘုရား။ လပြည့်၊ လကွယ်၊ ရှစ်ရက်သီတင်း ဥပုသ်နေ့တွေမှာဆိုရင် ရှစ်ပါးသီလကို ခံယူဆောက်တည်ပါတယ်ဘုရား။ တိုင်းသူပြည်သားတွေ အပေါ်မှာလည်း ကျေးသားရင်သား မခွဲခြားဘဲ မင်းကျင့်တရားဆယ်ပါးနဲ့အညီ အုပ်ချုပ်ပါတယ်ဘုရား"

"သာဓုဗျာ . . သာဓု . . သာဓု။ အင်း . . တစ်ခုတော့ ရှိလေရဲ့ ဒကာတော်။ ဘုန်းကြီးကြားဖူးတဲ့ ဖိုးသူတော် ပုတီးစိပ်သလိုမျိုးနဲ့တော့ ဥပုသ်မစောင့်နဲ့နော်"

"ဘယ်လို ဖိုးသူတော် ပုတီးစိပ်လဲဘုရား။ တပည့်တော်နဲ့တကွ တရားနာပရိသတ်တွေ ရှင်းသွားလင်းသွားရအောင် ဟောကြားပေးတော်မူပါဘုရား"

ဇန်းမော်ဆရာတော်ထံမှ ပုံတိုပတ်စများ ကြားရနာရတော့မည်ဖြစ်သည့်အတွက် မင်းတုန်းမင်းကြီးနှင့်တကွ တရားနာ မှူးမတ်ပရိသတ်အပေါင်းမှာ လှုပ်လှုပ်ရွရွ ဖြစ်သွား

ကြြလေသည်။ သူတို့အနေဖြင့် ကြွားလို နာလိုလှသည့် မှတ်သားဖွယ်၊ ပြုံးရွှင်ကြည်နူးဖွယ်တို့အား ကြွားနာရလေမည် မဟုတ်ပါကလား။

"ဒီလိုပါ ဒကာတော်။ ဟိုးတစ်ခါတုန်းက ရွာတစ်ရွာရဲ့ ရွာဦးကျောင်းမှာ ဖိုးသူတော်တစ်ပါး ရှိပါတယ်"

ဇန်းမော်ဆရာတော်မှ ထိုသို့ စကားချီလိုက်သည်။

အဆိုပါ ဖိုးသူတော်သည် ပုတီးအလွန်စိပ်သော ပုဂ္ဂိုလ်ဖြစ်၏။ ရပ်ရွာခေလေ့အရ လပြည့်လကွယ်၊ ရှင်ချက်၊ ဥပုသ်သီတင်းကျပါက ရွာသူ ရွာသားအပေါင်းတို့သည် ရွာဦးကျောင်းသို့ သွားကြပြီး ရွာ၏ကျောင်း ဆရာတော်ထံ၌ သီလယူကြ၏။ သီလယူပြီးပါက ကျောင်းပရိဝုဏ်အတွင်း တရားထိုင်သူ ထိုင်ကြ၏။ ပုတီးစိပ်သူ စိပ်ကြ၏။ ဖိုးသူကော်ကမူ ညောင်ပင်ရိပ် ကောင်းကောင်းအောက်သို့သွားပြီး ဖုံခင်း၍ ထိုင်ကာ မျက်လွှာကိုချပြီး ပုတီးစိပ်လေ၏။ ဖိုးသူတော်၏ ပုတီးကား အခြားသူတို့၏ ပုတီးများနှင့်မတူ။

(၁၀၈)လုံး ပုတီးလည်း မဟုတ်။

(၄၅)လုံး၊ (၂၇)လုံး၊ ယုတ်စွအဆုံး (၉)လုံး ပုတီးလည်းမဟုတ်။

သူ၏ ပုတီးကား(၃)လုံးတည်းသာရှိသော ပုတီးဖြစ်လေသည်။

## ဦးကောင်းထူး ၄၃

ပုတီးလုံး၏ အရေအတွက်ကလည်း နည်းပါးသလို စိပ်ပုံစိပ်နည်းကလည်း မြန်ဆန်လွန်းလှသည်။ ထို့ကြောင့် ဖိုးသူတော် ပုတီးစိပ်နေပြီဆိုလျှင် အမြင်ဆန်းသည်မို့ အားလုံးက တအံ့တဩ ကြည့်ရှုကြကုန်၏။ ထိုပရိသတ်ထဲတွင် ရွာဦးကျောင်းဒကာသည် ဖိုးသူတော်ကြီး၏ ပုတီးစိပ်နည်းအားလွန်စွာမှ စိတ်ဝင်စားသူဖြစ်သည်။ ထို့ကြောင့်လည်း တရားနာဘက် ဥပသကာတစ်ဦးအား ဖွင့်ဟတိုင်ပင်သည်။

"ကျုပ်တို့ရဲ့ ဖိုးသူတော်ကြီးဟာ သိပ်အံ့ဩဖို့ကောင်းတဲ့ ပုဂ္ဂိုလ်ဗျ။ သူဟာ ဆရာတော်ကြီးအနီးမှာထိုင်ပြီး ဝတ်ကြီးဝတ်ငယ်ပြုစုတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အပြင် စာကလည်း ဘာတတ်သလဲ မမေးနဲ့။ သူ့ ပုတီးစေ့အလုံးရေ လုပ်ထားတာ ဘယ့်ကလောက် ဆန်းသလဲ။ ဘယ်သူ့ ပုတီးတွေနဲ့မှကို မတူဘူး။

ပုတီးစိပ်ပုံကိုလည်း ကြည့်ဦးမလား။ ဘယ့်ကလောက် ထူးခြားသလဲ။ ဧကန္တ မဟုတ်မှလွဲရော၊ တရားထူးရထားပုံရတယ်။ သည်တော့ ဖိုးသူတော်ကြီးရဲ့ ပုတီးစိပ်နည်းကို ရအောင်တောင်းရရင် ကောင်းမလားလို့ဗျာ"

"ဟာ . . ကောင်းတာပေါ့ ကျောင်းဒကာရယ်။ ကျုပ်လည်း ဖိုးသူတော်ကြီးရဲ့ ပုတီးစိပ်ပုံကို သတိပြုမိနေတာကြာပြီ။ တော်တော်လေးကို ထူးတယ်။ အဲသည်ပုတီးစိပ်သာရရင် ကျုပ်တို့လည်း ထူးခြားမှုရှိလာမှာ သေချာတယ်"

## ၄၄ ဟာသမြောက် ပုံတိုပတ်စများ

"ဟုတ်ပြီ . . ကိုင်း . . လာဗျာ။ ခင်ဗျားနဲ့ ကျုပ် ခုပဲ ဖိုးသူတော်ကြီးဆီသွားပြီး ပုတီးစိပ်နည်းကို တောင်းမယ်"

"နေဦး . . ကျောင်းဒကာ။ သိပ်အလျင်မလိုနဲ့ဦး။ ဖိုးသူတော်ကြီးက ပုတီးစိပ်နေတုန်းဗျ။ အနှောင့်အယှက်ပေး သလိုဖြစ်ရင် ကျုပ်တို့ ငရဲကြီးလိမ့်မယ်။ သူပုတီးစိပ် ဖြုတ်တော့မှပဲ စိပ်နည်းကို တောင်းကြတာပေါ့ . . ဟုတ်ပလား"

ထိုသို့ ပြောဆိုကြပြီးနောက် စိတ်ရှည်လက်ရှည်နှင့် ပင် ဖိုးသူတော်ကြီး ပုတီးစိပ်အပြီးကို စောင့်ဆိုင်းနေမိကြလေ သည်။

အတန်ကြာလေသော် ဖိုးသူတော်ကြီးမှာ ပုတီးစိပ်၍ ပြီးသွားလေသည်။ ဤတွင် ကျောင်းဒကာကြီးနှင့်တကွ ပရိသတ်အချို့လည်း ဖိုးသူတော်ကြီးထံ စုဝေးရောက်ရှိသွား ကြလေသည်။ ထို့နောက် ဖိုးသူတော်ကြီးထံမှ ပုတီးစိပ်နည်း များကို တောင်းခံလေသည်။ ထိုအခါ ဖိုးသူတော်ကြီးက

"ခင်ဗျားတို့က ကျုပ်ဆီက ပုတီးစိပ်နည်းကို ဘာ့ ကြောင့်လိုချင်ရတာလဲ"

ဟု မေးလေ၏။

"ဘာကြောင့်လိုချင်ရသလဲ ဆိုတော့ ဦးသူတော်ရဲ့ ပုတီးဟာ (၃)လုံးတည်းဆိုတော့ အင်မတန်ထူးခြားတယ်။ စိပ်တော့လည်း ဘာမြန်သလဲမမေးနဲ့။ ဒါကြောင့် တပည့်တော်

တို့ကို ဦးသူတော်ကြီးရဲ့ ပုတီးစိပ်နည်းပေးဖို့ တောင်းခံနေကြတာပေါ့"

"ကျုပ်ရဲ့ ပုတီးစိပ်နည်း . . ဟုတ်လား"

"ဟုတ်ပါတယ် ဦးသူတော်"

"ဩော် . . ခင်ဗျားတို့ တော်တော်ခက်တဲ့ လူတွေပါပဲလား။ ဆရာတော်ပြတုန်းကတော့ သေသေချာချာ မှတ်မထားခဲ့ကြပဲကိုး"

"ဟုတ်ပါတယ် ဦးသူတော်ရယ်။ တပည့်တော်တို့ လိုသွားကြတာပါ။ အပြစ်တင်ရင်လည်း ခံဖို့အသင့်ပါ။ ဘာပဲဖြစ်ဖြစ်ပေါ့ ဦးသူတော်ရယ်။ ဦးသူတော်နဲ့ တပည့်တော်တို့ဆိုတာ သူစိမ်းတစ်ရံဆံတွေမှ မဟုတ်ကြတာပဲ။ ဆရာရင်း ဒကာရင်းတွေပဲမဟုတ်လား။ သည်အချက်ကို စာနာထောက်ထားပြီး ဦးသူတော်ရဲ့ ပုတီးစိပ်နည်းကလေးကို ချီးမြှင့်ပေးပါ ဦးသူတော်ရယ်"

အားလုံးက ဝိုင်းဝန်းတောင်းပန်ကြသည့်အတွက် ဖိုးသူတော်ကြီးလည်း ဘာမှ ကဏ္ဍကောစ လုပ်မနေတော့ဘဲ ၎င်း၏ ပုတီးစိပ်နည်းကို ပြောပြရတော့သည်။

"အင်းလေ . . ခင်ဗျားတို့အားလုံး ဒီလောက်တောင် လိုချင်ကြတယ်ဆိုတော့လည်း သနားငဲ့ညှာပြီး ပေးရတော့မှာပေါ့လေ"

"ဝမ်းသာလိုက်တာ ဦးသူတော်ရယ်။ ဝမ်းသာလိုက်တာ"

"အင်း . . ကျုပ်ရဲ့ ပုတီးစိပ်နည်းကတော့ 'ရင်းနည်း . . ရင်းနည်း . . ရင်းနည်း'ပဲဗျ"

"ဟာ . ."

ပရိသတ်အားလုံး အံ့ဩသွားသည်။ မအံ့ဩဘဲ နေပါမည်တဲ့လား။ သည်လို ပုတီးစိပ်နည်းမျိုးကို တစ်ခါမျှ ကြားဖူးကြသည်မှ မဟုတ်ဘဲကလား။

"ဦးသူတော်ပြောတဲ့ ပုတီးစိပ် 'ရင်းနည်း'ဆိုတာကို သဘောမပေါက်ဘူး ဖြစ်နေတယ်။ သေသေချာချာ ရှင်းပြပေးပါဦး"

"အင်း . . သေသေချာချာ မှတ်ထားကြ။ နောက်တစ်ခါဆို မရှင်းပြတော့ဘူး။ ကျုပ် သေသေချာချာ ပြောပြမယ်။ ပုတီးကို စစိပ်ရင် ပထမတစ်လုံးကို 'အနိစ္စ'လို့ ရွတ်ပြီးချ၊ ဒုတိယအလုံးကို 'ဒုက္ခ'လို့ရွတ်ပြီးချ၊ နောက်ဆုံး တတိယအလုံးကို 'အနတ္တ'လို့ရွတ်ပြီးချ။ အဲဒါ လက္ခဏာရေးသုံးပါးပါပဲ"

"ဟုတ်ပြီ . . ဟုတ်ပြီ"

"အဲ . . အဲသည် သုံးလုံးဆိုတော့ ပြန်စရမယ်။ ပြန်စတဲ့အခါ 'အနိစ္စ၊ ဒုက္ခ၊ အနတ္တ'ရယ်လို့ သုံးလုံးအရှည်ကို ဆိုမနေတော့ဘူး။ ပြန်အောင် 'ရင်းနည်း၊ ရင်းနည်း၊ ရင်းနည်း'

ရယ်လို့ ရွတ်ပြီးစိပ်တာဗျား။ ကဲ . . မှတ်ပလား"

ဖိုးသူတော်ကြီး၏ ပုတီးစိပ် မြန်ပုံကို ထိုအခါကျမှပင် ကျောင်းဒကာကြီးနှင့်တကွ ပရိသတ်အပေါင်း သိကြလေတော့သည်။

"ပုံပြင်ကလေးက ဒါပါပဲ ဒကာတော်။

ဒကာတော်လည်း ငါးပါးသီလ၊ ရှစ်ပါးသီလ မြဲတယ် ပြောပြီး ဖိုးသူတော်ကြီး ပုတီးစိပ်သလို 'ငင်းနည်း၊ ငင်းနည်း၊ ငင်းနည်း' ဖြစ်နေမှာစိုးလို့ သတိပေးတာပါ"

"စိတ်ချ . . မဖြစ်စေရပါဘူး ဘုရား"

ဇန်းမော်ဆရာတော်အား မင်းကြီးလည်း ကတိပေးထားသည့်နောက် မင်းကြီးနှင့်တကွ ပရိသတ်အပေါင်းမှာ တအုံးအုံးရယ်မောကြလေတော့သတည်း။

☺ ☺ ☺



# အပျင်းထူတဲ့ကြက်ကုပ်

ဗန်းမော်ဆရာတော်ကြီး၏ ဗန်းမော်ကျောင်းတိုက်၌ စာသင်သားရဟန်းသံဃာများ ရှိကြလေသည်။ ဆရာတော်သည် စာသင်သားအပေါင်းတို့အား ထူးချွန်ထက်မြက်မှုရှိစေရန် စာဝါများကို အားစိုက်ခွန်စိုက် သင်ကြားပေးလေသည်။ သည့်အတွက်ကြောင့်လည်း ဆရာတော့်လက်ထွက် စာသင်သား ရဟန်းသံဃာအပေါင်းမှာ ထူးချွန်ထက်မြက်မှု ရှိကြလေသည်။

သို့ပါသော်ငြား အရာရာတိုင်းတွင် စုန်းပြူးဟူသည် ရှိစမြဲပင်။

## ၅၀ ဟာသမြောက် ပုံတိုပတ်စများ

ယခုလည်း စာသင်သားတွေအထဲ၌ ကိုရင်ကြီးတစ်ပါးသည် သွက်သွက်လက်လက် ထက်ထက်မြက်မြက်မရှိ။ ထုံထုံထိုင်းထိုင်း၊ မှုန်မှုန် မှိုင်းမှိုင်း၊ ကုပ်တိကုပ်ချောင်းဖြစ်နေလေသည်။ စာပေပရိယတ်ဘက်၌လည်း အခြားစာသင်သားတို့ကဲ့သို့မဟုတ်။ ဖျင်းလှ၊ ထုံလှ၊ အ,လှသည့်အတွက် အဆိုပါအစွဲကို ချွတ်ရန် ကိုရင်ကြီးအား အပါးသို့ခေါ် ယူလိုက်လေသည်။

"ဟဲ့ . . ကိုရင်ကြီး"

"ဘုရား. . . "

"နင်နဲ့ နှီးနွယ်တဲ့ ပုံပြင်တစ်ပုဒ် ပြောပြမယ်။ နားထောင်မလား"

ပုံနားထောင်ရမည်ဆိုသဖြင့် ကိုရင်ကြီးခမျာ ရွှင်လန်းသွားလေသည်။ သည့်အတွက် ဆရာတော်လည်း ပုံပြင်တစ်ပုဒ်ကို စတင်လေတော့သည်။

ရှေးအခါက ရွာတစ်ရွာတွင် ကြက်များကို မွေးမြူရောင်းချသည့် ကြက်သမားတစ်ဦး ရှိလေသည်။ တစ်နေ့သူ၏ ကြက်မတစ်ကောင်သည် ကြက်ဥ(၈)လုံးဥပြီး၊ ဝပ်ချိန်တန် ဝပ်လေသောအခါ ကြက်(၈)ကောင် ပေါက်လေသည်။ အဆိုပါ ကြက်(၈)ကောင်အနက်မှ တစ်ကောင်သော ကြက်သားပေါက်ကလေးမှာ ကုပ်ချောင်းချောင်းကလေး ဖြစ်နေ၏။

သို့သော် ကြက်မွေးမြူရေးသမားမှာ ထိုကြက်ပေါက် ကလေးကို အထူးဂရုစိုက်၍ ကျွေးမွေးပြုစုလေ၏။ ကျန်းမာရေးကိုလည်း အထူးဂရုစိုက်၏။

သို့ဖြင့် အခြားသော ကြက်(၇)ကောင်မှာ အတောင်အလက် စုံလာသည့်အခါ လာရောက်ဝယ်ယူကြသဖြင့် ရောင်းချလိုက်လေသည်။ ကြက်ကုပ်ကလေးမှာမူ ဝယ်သွားသည့်အထဲ ပါမသွားချေ။ ထိုအခါ ကြက်မွေးသမားလည်း ကြက်ပေါက်ကလေး ကြီးထွားလာစေရန် အထူး ဂရုစိုက်ပြုစုပေးလေသည်။ မိတ်ဆွေများကလည်း ကြက်ခြံသို့ ရောက်လာကြလေတိုင်း ကြက်ကုပ်ကလေး၏ အသွင်ပြောင်းလဲမှုကို ရှာကြံချီးမွမ်းကြလေ၏။ သူတို့ ချီးမွမ်းခန်းဖွင့်လေ၊ ကြက်ရှင်ခမျာမှာ ပီတိဖြစ်လေပင်။

ချီးမွမ်းကြသူအပေါင်းက အဆိုပါ ကြက်ကုပ်ကလေးကိုကြည့်၍ တိုက်ကြက်ကောင်းဖြစ်နိုင်ကြောင်း 'ဇ'ရှိသည်ကို တွေ့ရကြောင်း၊ အထူးဂရုပြု မွေးမြူသင့်ကြောင်း မတန်မရာ ပြောဆိုကြသည့်အပေါ် သာယာပြီး ရှေးကထက်ပင် ပို၍ ဂရုစိုက်လေတော့သည်။

ကာလအတန်ကြာလေသော် အခြားရွာတစ်ရွာမှ ကြက်သမား တစ်ဦးက ကြက်ကုပ်ကလေးနှင့် ကြက်တိုက်ရန် စိန်ခေါ်လေရာ ကြက်ကုပ်ရှင်က သဘောတူလိုက်၏။ မြောက်

## ၅၂ ဟာသမြောက် ပုံတိုပတ်စများ

ထိုးပင့်ကော်သမားများကြောင့် ကြက်ပွဲ၏လောင်းကြေးနှုန်းမှာ ကြောက်ခမန်းလိလိ ဖြစ်လာခဲ့လေသည်။ ကြက်ကုပ်ကလေးအပေါ် အလုံးစုံ အထင်ကြီးမိနေပြီဖြစ်သော ကြက်ရှင်သည် သူ့တွင်ရှိသော စည်းစိမ်ဥစ္စာများသာမက နေအိမ်နှင့် ခြံဝိုင်းကိုပါ ထည့်၍လောင်းလေသည်။

ကြက်ပွဲကြီး စတင်ပေပြီ။

တစ်ဖက်နှင့်တစ်ဖက် အားပေးအော်ဟစ်သံများကြောင့် အုတ်အုတ်ကျက်ကျက် ဖြစ်၍နေတော့သည်။ ကြက်ဆွဲသမားများက တစ်ဖက်နှင့်တစ်ဖက် အားကျမခံ ကြက်ဆွဲကြရင်း ကိုယ့်ကြက်အနိုင်ရရေးအတွက် အော်ဟစ်အားပေးကြလေသည်။

ကြက်ကုပ်ကလေးမှာ သူ့တွင်ရှိသော စွမ်းအားအဟုန်ဖြင့် တစ်ဖက်ရန်သူကြက်ကို အသေအလဲ ပြန်လှန်ခွပ်လေရာ ပွဲမှာ ပွဲကြီးပွဲကောင်းဖြစ်နေလေသည်။ စင်စစ်တစ်ဖက်ကြက်မှာ တကယ့်တိုက်ကြက်ဖြစ်ပေရာ ရေရှည်တွင် ကြက်ကုပ်ကလေးကို တစ်ချီတည်းနှင့် ပွဲသိမ်းပစ်လိုက်၏။ ကြက်ကုပ်ကလေးအဖို့ ဂည်းဝိုင်းအလယ်တွင် ဆန့်ငင်ဆန့်ငင်ဖြင့် အသက်ထွက်သွားလေသည်။

"ငါ့ပုံပြင်ကတော့ ဒါပဲကွ။ အဓိက ဆိုလိုချင်တာက ကြက်ကုပ်လိုမျိုး ကုပ်ချောင်း၊ ကုပ်ချောင်း လုပ်မနေနဲ့။

ကွင်းထဲရောက်မှ အစင်းသားလဲပြီး ဇီဝိန်ချုပ်သွားလိမ့်မယ်။ ငါကတော့ ငါ့တိုက်ကထွက်တဲ့ စာသင်သားမှန်သမျှကို ကြက်ကောင်းချည်း ဖြစ်စေချင်တာပဲ။ ကြိုးစား အားထုတ်ကြစမ်းပါကွာ။ ကြိုးစားရင် ဘုရားတောင် ဖြစ်နိုင်သတဲ့။ စာကျက်လို့ သေမသွားပါဘူး။ ကိုင်း . . သဘောပေါက်တယ်နော်"

"တင်ပ့ါ ဘုရား"

ပုံပြင်ဥပမာက ထိရောက်လွန်းသည့်အတွက် အပျင်းထူသော ကိုရင်ကြီးလည်း ထိုနေ့မှစ၍ မကောင်းသော အမူအကျင့်တို့ကို ရှောင်ရှားသွားလေတော့သတည်း။

☺ ☺ ☺



# ဘယ်ပေါက်ရယ် သာပါလိမ့်

တစ်နေ့သ၌ ဗန်းမော်ဆရာတော်သီတင်းသုံးရာ ကျောင်းတိုက်သို့ ဆွမ်းစားပင့်ရန်အလို့ငှာ ဒါယိကာမတစ်ဦး ရောက်လာခဲ့လေသည်။ ဆရာတော်နှင့်ဆုံသော် ရှိခိုးဦးတင် ဖူးမြင်လိုက်ပြီး လာရင်းကိစ္စကို ရိုသေစွာ လျှောက်ထားလေ၏။

"ဆရာတော်ဘုရား . . . တပည့်တော်မ ဆွမ်းစားလာပင့်တာ ပါဘုရား"

"ကောင်းတာပေါ့ ဒကာမကြီး"

"တင်ပါ့ဘုရား"

အဲသည်မှာ တပည့်တော်မ လျှောက်တင်စရာရှိတာက ဘွဲ့ဟင်းအတွက် ဝက်သားစိမ်ထားပါတယ်ဘုရား။ မအီရလေအောင် ချဉ်ပေါင်ရွက်လည်း ထည့်ရောပါမယ်ဘုရား။ အဲဒါ ဆရာတော် ဘုဉ်းပေး၊ မပေး သိရလေအောင် ကြိုတင်ပြီး လျှောက်ထားမေးမြန်းရခြင်းဖြစ်ပါတယ် ဘုရား"

သည်စကား ကြားရလေတော့ ဇန်းမော်ဆရာတော် ပြုံးမိသွားရသည်။ တစ်ဆက်တည်းဆိုသလို

"အင်း . . ဒကာမကြီးရဲ့ လျှောက်တင်စကားကြားရတော့ ပုံပြင်လေးတစ်ပုဒ် သွားပြီး အမှတ်ရမိတယ်"

"တင်ပါ့ . . မိန့်ကြားတော်မူပါဘုရား"

"ဒီလို ဒကာမကြီးရဲ့ . . "

ဟု စကားချီကာ ဆရာတော်လည်း အကြောင်းဆိုက်မည့် ပုံပြင်အား ပြောကြားပါလေတော့သည်။

ရှေးအခါက အထက်အညာဒေသရှိ တောရွာကလေးတစ်ရွာ၌ ပဉ္စင်းတစ်ပါးအား ထိုရွာမှ ကျောင်းထိုင်ဘုန်းကြီးအဖြစ် တင်မြှောက်ကိုးကွယ်ကြလေသည်။ ထိုပဉ္စင်းကို ကြည်ညိုနေမိသည့် ရပ်ထဲရွာထဲမှ ဒကာမတစ်ဦးသည် နေ့စဉ်လိုလိုပင် ဆွမ်းအုပ်ကို ချက်ပြုတ်၍ ဆက်ကပ်လေ့ရှိလေ၏။ ထိုဆွမ်းဒကာမ၏ ဆွမ်းအုပ်အတွင်းမှာတော့ ပင်တိုင်လိုလို ပေါက်ပွင့်သုပ် ပါစမြဲ။

ကျောင်းထိုင်ကိုယ်တော်အဖို့ တစ်နေ့လာလည်း ပေါက်ပွင့်သုပ်၊ တစ်နေ့လာလည်း ပေါက်ပွင့်သုပ်၊ နောက်တစ်နေ့လာလည်း ပေါက်ပွင့်သုပ်ကိုသာ မှိုဝဲသုံးဆောင် ဘုဉ်းပေးရလေရာကြာသော် အငြီးငွေ့ကြီး ငြီးငွေ့လာပါလေတော့၏။ မည်၍မည်မျှ အထက်အညာပေါက်ပွင့်သုပ်ကို ကြောက်သွားသနည်းဆိုလျှင် တိတ်တဆိတ် ထိုရွာမှ အောက်အကြေဒေသသို့ စုန်ဆင်းလာမိသည်အထိပင်။

အောက်အကြေဒေသကား ငါးပိ၊ ငါးခြောက် ပေါများလှ၍ ပေါက်ပွင့်သုပ်တောဝါမှ တိမ်းရှောင်လာခဲ့သော ကိုယ်တော်အဖို့ မြစ်ဝကျွန်းပေါ်အရပ်ဒေသမှ တောရွာကလေးတစ်ရွာတွင် အာဂန္တုကိုယ် တော်ဖြစ်လာခဲ့၏။ ထိုမှ ရပ်ရွာကကြည်ညို၍ ကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းကာ ကျောင်းထိုင်ဘုန်းကြီးအဖြစ် တင်မြှောက်ပြီး ကိုးကွယ်ပူဇော်ကြလေသည်။

"အင်း . . ခုမှပဲ အထက်အညာက ပေါက်ပွင့်နဲ့ လွဲရတော့တယ်။ ငါကြိုက်တဲ့ ငါးပိ၊ ငါးခြောက်တွေတော့ တစ်ဝကြီး စားခွင့်ရပြီ"

သည်လိုမျိုး ကြည်နူးရသည်မှာ ရက်ကာလ ဘာမျှမရှိတတ်။

အောက်အရပ်ရှိ သည်ရွာကလေးမှ ဆွမ်းဒကာမ

တစ်ဦးသည် ကျောင်းထိုင်ကိုယ်တော်အပေါ် ကြည်ညိုသဒ္ဓါမိ၍ ဆွမ်းအုပ်ကို ဝတ္တရားမပျက် နေ့စဉ်ပို့လာခဲ့တော့၏။ ထိုဆွမ်းအုပ်ကို ဖွင့်လိုက်လေသော် ကျောင်းထိုင်ကိုယ်တော်ခမျာ မျက်နှာပျက်သွားရလေသည်။ အကြောင်းမူ ပေါက်ပွင့်သုပ် ဖြစ်နေ၍ပါတည်း။

"အင်း . . ပေါက်ပွင့်သုပ်ရန်က ကြောက်လို့ အထက်ကနေ အောက်ကို ပြေးလာခဲ့ပါမှ အောက်ရောက်တော့လည်း ပေါက်ပွင့်သုပ်က ရောက်လာပြန်ပြီ။ ဘယ်လိုလုပ်ရမ့်ါ။ နောက်တစ်ကျောင်းထပ်ပြောင်းလို့က ဒီမှာလို ပေါက်ပွင့်သုပ်ကလေးတောင်မှ မစားရရင် အခက်။ အင်း . . သည်ဒကာမနဲ့ ရင်းနှီးလာတဲ့ တစ်နေ့ကျရင်ဖြင့် ဆွမ်းဟင်းကလေးတော့ ပြောင်းပေးဖို့ ပြောပါမှပဲ"

သည်လိုနှင့် ဆွမ်းဒကာမနှင့် ရင်းနှီးကျွမ်းကျင်ဝင်မှု ရှိသွားလေသည့် တစ်နေ့တွင် ဆွမ်းဒကာမ ဆွမ်းလာပို့သည့် အခိုက် ပဋိသန္ထာရ စကားဆိုလိုက်သည်။

"ဟော . . ဒကာမကြီးတောင် ဆွမ်းအုပ်လာပို့မှကိုး။ ဒီနေ့တော့ ဘာများချက်ခဲ့ပါလိမ့်"

ကျောင်းထိုင်ကိုယ်တော်အဖို့ "ပေါက်ပွင့်သုပ်နှင့် လွဲပါစေ"ဟု ဆုတောင်းရင်း စကားစလိုက်ခြင်းဖြစ်သည်။ ဤတွင် ဆွမ်းဒကာမက

"ပေါက်ပွင့်သုပ် ပင်တိုင်ပေါ့ ဘုရား"

ဟုဆိုလိုက်လေရာ ကျောင်းထိုင်ကိုယ်တော်၏ ရင်ထဲ ဒိန်းခနဲ ဖြစ်သွားရလေသည် "ရက်စက်ပါ့ ဒကာမရယ်"ဟု အသံတိတ်ညည်း တွားရင်း ထိန်ချန်မနေနိုင်တော့ဘဲ ဆွမ်း ဟင်းပြောင်းချက်ရန် မိန့်ကြားရလေတော့သည်။

"ဟင်းတော့ ပြောင်းချက်ဦးမှ ကောင်းလိမ့်မယ် ထင်တယ် ဒကာမကြီး"

"ဘာများဖြစ်လို့ပါလဲ ဘုရား"

"ဘာကြောင့်ဆို ကျုပ် အထက်ဆိုတဲ့အညာမှာ ကျောင်းထိုင်တုန်းကလည်း နေ့တိုင်း ပေါက်ပွင့်သုပ်ချည်း စား နေရလို့ စိတ်ညစ်ပြီး ခုလိုအောက်ပြည်အောက်ရွာ ရောက် လာပါသဗျာ။ အင်း . . ဒကာမကြီးတို့ အောက်အကြေရောက် ပြန်တော့လည် ပေါက်ပွင့်သုပ်နဲ့ပဲ လာတိုးနေရပြန်ပြီကော"

ထိုအခါ ဆွမ်းဒကာမက ကျောင်းထိုင်ကိုယ်တော် အား စေ့စေ့ကြည့်ရင်း

"သည်မှာကိုယ်တော် . . အထက်'ပေါက်'နဲ့ အောက် 'ပေါက်' ဘယ်သင်းက ပိုလို့ကောင်းသလဲ"

ဟု ပြောဆိုမေးမြန်းလေရာ သည်ပုံအတိုင်းဆိုလျှင် ဖြင့် ပေါက်ပွင့်သုပ်ကလေးတောင်မှ မမှိဝဲရတော့မည့်အရေး တွေးဆရင်း

"အောက်ပေါက် . . အောက်ပေါက်၊ အောက်ပေါက်က ပိုလို့ကောင်းပါတယ် ဒကာမကြီးရယ်"

"အင်း . . သည်လိုမှပေါ့ဘုရား"

သည်တွင်မှ ကိစ္စပြတ်သွားလေတော့၏။

"ပုံပြင်ကလေးကတော့ ဒါပါပဲ ဒကာမကြီး"

အခုလည်း ဒကာမကြီးက အမွှန်တမြတ်နဲ့ ဝက်သားနဲ့ ချဉ်ပေါင်ရောချက်တဲ့ဥစ္စာ ကျုပ်အနေနဲ့ 'အောက်ပေါက်က သာတယ်'လို့ပဲ ပြောရတော့မှာပေါ့"

ဟူ၍ ဗန်းမော်ဆရာတော်မှ အမိန့်ရှိလိုက်လေသော အခါ ဆွမ်းဒကာမလည်း ပြုံးရယ်ရင်း ဝပ်ဖြည့်လျက် ကျောင်းတော်မှ ဆင်းသွားပါလေတော့သတည်း။

☺ ☺ ☺

အငြင်းသန်ဉာဏ်မများကြပါနဲ့



## အငြင်းသန် ရန်မများကြပါနဲ့

သုဓမ္မာဇရပ် . . .။

အဆိုပါ သုဓမ္မာဇရပ်ကား မန္တလေးတောင်ခြေတွင် တည်ရှိ၏။

၎င်းသုဓမ္မာဇရပ်တွင် သံဃာတော်များသည် ပရိယတ်၊ ပဋိပတ်နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကိုလည်းကောင်း၊ အခြားသော အဆုံးအဖြတ်တစ်ခုခုကို ဆုံးဖြတ်ရန် သော်လည်းကောင်း လပြည့်နေ့တိုင်း စည်းဝေးတိုင်ပင်ကြပြီး အဆုံးအဖြတ် ပြုလေ့ရှိကြ၏။

တစ်ခုသော လပြည့်နေ့ဝယ် အဆိုပါ သုမ္ဗာဇရပ်၌ သံဃာတော်များစွာအနက်မှ သံဃာတော်နှစ်ပါးသည် အကြောင်းအရာတစ်ခုကို မူတည်ပြီး ငြင်းကြခုံကြရင်း အကျယ်အကျယ် မငြိမ်းဖွယ်တွေ ဖြစ်နေကြလေသည်။ ထိုအချိန်ဝယ် ဗန်းမော်ဆရာတော်သည် မမျှော်လင့်ဘဲ အဆိုပါ သုမ္ဗာဇရပ်သို့ ရောက်ရှိသွားလေသည်။ ငြင်းကြခုံကြဖြစ်နေမှုအပေါ် ကျန်ဆရာတော်များမှာလည်း မရှင်းသာ ဖြစ်နေကြလေရကား ဗန်းမော်ဆရာတော် ရောက်ရှိလာခြင်းအတွက် ဝမ်းပမ်းတသာ ဖြစ်ကြရလေသည်။

ဤတွင် ဗန်းမော်ဆရာတော်က

"အင်း . . ကိုယ့်ဟာကိုယ်တော့ မှန်တယ်ထင်ကြတာချည်းပဲ။ ဒီပ်လည်း အငြင်းအထန် မငြင်းဆန်ကြပါနဲ့ဦး။ ကိုယ်တော်တို့ဟာက ဟိုးအရင်က တရားဟောကောင်းတဲ့ ဘုန်းကြီးတစ်ပါးနဲ့ တရားနာတဲ့ ဒကာတစ်ယောက်လို ဖြစ်နေဦးမယ်"

ဟုဆိုလိုက်ရာ အားလုံးလည်း ဆရာတော် ပြောမြမည့်ပုံပြင်ကို စိတ်ဝင်စားခြင်းကြီးစွာ ငံ့လင့်စောင့်စားနေမိကြလေသည်။ ထိုအခါ ဆရာတော်က ပုံပြင်ကို ထုတ်ဖော်ပြောဆိုလိုက်သည်။

ရှေးအခါက ရွာတစ်ရွာ၌ ဘုန်းတော်ကြီးတစ်ပါး

## ၆၄ ဟာသမြောက် ပုံတိုပတ်စများ

ကျောင်းထိုင် သီတင်းသုံးလေသည်။ ရွာ၏ သာရေးနာရေး ကိစ္စမှန်သမျှ၌ အဲဆိုပါ ဘုန်းတော်ကြီးကပင် တရားဟောခမ္မကထိက ပြုလုပ်နေရပေသည်။

တစ်နေ့ အဆိုပါရွာရှိ အိမ်တစ်အိမ်မှ ဆွမ်းကျွေး တရားနာ ပင့်ဖိတ်သဖြင့် ဘုန်းတော်ကြီးလည်း ကြွရောက်ကာ ဆွမ်းစားပြီးလေသည့်နောက် ဆွမ်းအနုမောဒနာတရားကို ဟောကြားချီးမြှင့်ရလေသည်။ တရားတော်၏အဆုံး အဘိဓမ္မာသတ်လေသောအခါ

"ကုသလာ ဓမ္မာ၊ အကုသလာဓမ္မ"ဟူ၍ အဆုံးသတ်လေ၏။

ဤတွင် တရားနာပရိသတ် တရားနာပရိသတ်များ အတွင်းမှ တရားဗဟုသုတ အတော်အတန် ကြွယ်ဝသည့် ဒကာတစ်ဦးသည် နေရာမှ ထရပ်လိုက်ပြီး

"ဘုန်းတော်ကြီးဘုရား . . တရားတော်အဆုံး အဘိဓမ္မာသတ်တဲ့အခါ 'ကုသလာဓမ္မာ၊ အကုသလာဓမ္မာ' ရယ်လို့သာရှိပါတယ်။ ဘုန်းတော်ကြီးဟောသလို 'ကုသလာ ဓမ္မာ၊ အကုသလာဓမ္မာ'ရယ်လို့ ရှိလည်းမရှိ၊ ကြားလည်းမကြား ဖူးပါဘုရား"

ဟူ၍ ရဲဝံ့စွာ ရင်ကော့ လျှောက်ထားလိုက်လေသည်။ များစွာသော တရားနာပရိသတ်ကြား၌ ဤသို့ဤပုံ ပြောဆို

ခြင်းခံခဲ့ရလေသည့်အတွက် မေမွကထိက ဘုန်းတော်ကြီးလည်း များစွာ အရှက်ရသွားလေ၏။ ထို့ကြောင့် ခပ်ရှက်ရှက်နှင့်ပင် ရမ်းပါလေတော့၏။

"ဟော့ . . ဒကာ၊ သိပ်ပြီး လူတွင်ကျယ် မလုပ်နဲ့။ မင်းက ဘာတွေဘယ်လောက် နားလည်လို့ ဝင်နှောက်ရတာ တဲ့လဲ"

"မှားနေတာ သိရလို့ မမှားရအောင် ဝင်ထောက်ပေးတာပဲ ကိုယ်တော်"

"အောင်မာ . . ဘာမှားလို့လဲ။ ငါရွတ်တာ အမှန်ကွ။ အမှန် . . အမှန်။ မင်းသာ မျက်ရမ်းမှန်းဆပြီး မှားနေတဲ့ ဥစ္စာ။ ဘာလဲ . . ငါက အထောက်အထားနဲ့ ပြရမှာတဲ့လား"

ဒကာကလည်း ကြက်ခေါင်းဆိတ်မခံ။

"တပည့်တော် သည်လောက်မတုံးပါဘူး။ ကိုယ်တော်သာ အလွဲလွဲအချော်ချော်တွေ ဖြစ်နေလို့ ထောက်ပြရတာ။ ကိုင်း . . ကိုယ်တော့်ဘက်က မှန်တယ်ဆိုရင် အထောက်အထားပြ"

"အေး . . ကောင်းပြီ။ ပြမယ်"

ဟုဆိုကာ ဘုန်းတော်ကြီးလည်း ကျောင်းသားတစ်ယောက်အား ကျောင်းရှိ ဗီရိုထဲမှ ပေထုပ်တစ်ထုပ်ကို သွားရောက်ယူငင်လာခဲ့ စေ၏။ ပေထုပ်ရောက်လာ၍ အဘိဓမ္မာ

သတ်အဆုံးရှိ

"ကုသလာဓမ္မာ၊ အကုသလာဓမ္မာ"စာသားတွင် 'ကု'ဆိုသည့် စကားလုံးနှစ်လုံး၌ (တစ်ချောင်းငင်များ ခြစားထားသည့်အတွက်) ပြုတ်ပျက်ကာ (ကု)အစား (က)တွေ ဖြစ်နေကြလေသည်။ သည့်အတွက်

"ကိုင်း . . တွေ့တယ်မဟုတ်လား။ 'က'တွေ"

ဟုဆိုကာ ပြလိုက်လေသည်။

"ပုံပြင်လေးကတော့ ဒါပါပဲ။ ခု ကိုယ်တော်တို့ နှစ်ပါးလည်း တရားဟောဘုန်းတော်ကြီး တစ်ချောင်းငင် ပြုတ်ကျသလို 'ကု'ကနေ 'က'ဖြစ်တာမျိုး ဖြစ်နေကြဦးမယ်"

ဇန်းမော်ဆရာတော်က ပုံပြင်တစ်ပုဒ်နှင့် ဥပမာပေး၍ သာသာနှင့်နာနာ နှက်လိုက်လေရာ အငြင်းပွားနေကြကုန်သော သံဃာနှစ်ပါးလည်း ပရိသတ်အပေါင်း၏ ရယ်ရယ်မောမော တသောသောအသံများ အောက်၌ ငြိမ်ကုပ်သွားကြလေသတည်း။

☺ ☺ ☺



သေးစားမှုးဆက်တယ်

# ဆေးစားများတတ်တယ်

အခါတစ်ပါး၌ သင်္ဂဇာဆရာတော်သည် တောင်ငူမြို့သို့ ကြွချီ ဖြစ်ခဲ့လေသည်။ တောင်ငူမြို့သို့ သင်္ဂဇာဆရာတော် ရောက်ရှိနေကြောင်း သတင်းကြားသိရလျှင် တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့သည် ဆရာတော်သီတင်းသုံးနေရာသို့ လှူဒါန်းဖွယ်ဝတ္ထု အစုစုပို့ဖြင့် ရောက်ရှိလာကြကာ ဖူးမြော် ကြည်ညိုကြလေသည်။ ဆရာတော်ကို ဖူးမြော်ပြီး မိမိတို့သိလို သော ကိစ္စမှန်သမျှကို လျှောက်ထားမေးမြန်းကြလေသည်။ ဤတွင် ဒကာတစ်ယောက်က -

"ဆရာတော်ဘုရား . . . 'မနုဿတ္တဘာဝေါ ဒုလ္လဘော'ဆိုတာမှာ ရခဲလှစွာသော လူ့ဘဝဖြစ်ပေမဲ့ အကုသိုလ်ကြောင့်ရတယ်၊ ကုသိုလ်ကြောင့်ရတယ်ဆိုပြီး ကျမ်းဟောင်းအသီးသီးက ဆိုမိန့်ထားကြပါတယ်ဘုရား။ ဘုရားတပည့်တော်အနေနဲ့ စိတ်ထဲ မကျေမလည်ဖြစ်နေတာမို့ ပြေလည်အောင် ဖြေရှင်းမိန့်ကြားပေးတော်မူပါဘုရား"

ဟူ၍ မေးမြန်းလျှောက်ထားလာလေရာ သင်္ဃာဆရာတော်လည်း မဆိုင်းမတွပင် ပြန်လည် မိန့်ကြားတော်မူပါ၏။

"ဒကာရေ . . . တောင်တွေး၊ မြောက်တွေး တွေးပြီး ဟိုမေး၊ သည်မေး မေးမနေပါနဲ့။ ဆရာတော် ထင်ထင်ရှားရှား ပြချင်တာကတော့ လူ့ဘဝဆိုတာ ကုသိုလ်ကြောင့် ရတယ်လို့ပဲ မှတ်လိုက်ပါ။ ဘာကြောင့်လဲဆိုတော့ကာသည် လူ့ဘဝမှာ ကုသိုလ်ဆက်လို့ နိဗ္ဗာန်အထိ သွားနိုင်တာကြောင့်ပါပဲ။ သည်တော့ ဘာမှတွေဝေမိန်းမောမနေပါနဲ့တော့။ နို့မို့ရင် 'ဝက်ရူးပြန်သမား ဆေးစားမှားသလို' ဖြစ်နေပါလိမ့်မယ်ဒကာ"

"အရှင်ဘုရား . . . 'ဝက်ရူးပြန်သမား ဆေးစားမှားသလို'ဆိုတဲ့ ဥပမာလေးကို ဥဒါဟရုဏ် ဆောင်တော်မူပါဦးဘုရား"

"ကောင်းပြီ ဒကာ . . . အဲသည် ပုံတိုပတ်စကလေးကို ဆရာတော် ပြောပြပါ့မယ်။ ဒီလိုကွယ့် . . ဒီလို"

# ၇၀ ဟာသမြောက် ပုံတိုပတ်စများ

ရှေးအခါက တောရွာကလေးတစ်ရွာ၌ ဝက်ရူးပြန် ရောဂါစွဲ ကပ်နေသူတစ်ဦး ရှိလေသည်။ ၎င်းသည် ဝက်ရူးပြန် ရောဂါ ပျောက်ကင်းစေရန် အလို့ငှာ ဆရာပေါင်းများစွာထံပြ၍ ကုသခဲ့၏။ သို့ရာတွင် မည်သည့်ဆရာနှင့်မျှ အစပ်မဟပ် မတည့်ခဲ့။ ဆေးမတိုးဘဲ ရောဂါတိုးလာခဲ့သည်သာ အဖတ်တင်ခဲ့၏။

ကနဦးမူလက တစ်လတွင် တစ်ရက်သာ ရောဂါ ပေါ်သော်ငြား ဆရာတစ်ယောက်နှင့် ပြောင်းလဲ ကုသလိုက်သည့်အခါဝယ် တစ်လတွင် ခုနစ်ရက် ရောဂါထလာပြီး နောက်ထပ် ဆရာတစ်ယောက်ပြောင်းလိုက် ပြန်သောအခါ တစ်လတွင် (၁၅)ရက်ခန့် ရောဂါထလေတော့သည်။ သည့်အတွက် ရောဂါရှင်လည်း ဆရာဖြစ်သူအား ပွင့်လင်းစွာမေးမြန်းလေတော့သည်။

"ကျွန်တော့်ရောဂါကို ဘာဆေးနဲ့ ကုသပါသလဲ ဆရာ"

"ပဒိုင်းပွင့်နဲ့ ကုတာလေကွယ်။ အရူးတွေကို ကုတဲ့နေရာမှာ ပဒိုင်းပွင့်ဟာ အကောင်းဆုံးပဲ။ ဒါကြောင့် ဆရာတိုင်းလိုလို လက်စွဲသုံးနေကြတာပေါ့"

ထိုစကားကြားရတော့ ဝက်ရူးပြန်ရောဂါရှင်လည်း တွေးမိလေတော့၏။

"အင်း . . ပဒိုင်းပွင့်ဆိုတာ ရှုလိုက်ရင် လူကောင်းသူကောင်းတောင်မှ ရူးတတ်တယ်လို့ ကြားဖူးတယ်။ ငါ့မှာဝက်ရူးပြန် အခံရှိပါရဲ့နဲ့ ဒီပဒိုင်းပွင့် ဆေးကိုသာ စားရရင်သာပြီးဆုံးတော့မှာပေါ့"

သည်လို တွေးမိပြီးလေသော် အဆိုပါ ဆရာနှင့် မကုသတော့ဘဲ ပြောင်းလဲကုသရန် နောက်ဆရာတစ်ယောက်ထံရောက်ရှိသွားလေသည်။ နောက်ဆရာကျပြန်တော့လည်းပဒိုင်းပွင့်နှင့်ပဲ ကုသမည်ပြုလေသောအခါ ရောဂါသည်ခမျာတုန်လှုပ်သွားရလေ၏။

"အမယ်လေး . . လေး ရှိကြီးခိုးပါရဲ့ ဆရာရယ်။ကျွန်တော့်မှာ ဟိုဆရာတွေက ပဒိုင်းပွင့်ဆေးတွေချည်း ကျွေးကြလို့ ရောဂါတွေ တိုးခဲ့ရပါတယ်။ ဒါကြောင့် တခြားဆေးတွေပြောင်းပြီး ကုသပေးပါဆရာရယ်၊ နော် . . . နော်"

"ဟကောင်ရ . . ဟိုဆရာတွေရဲ့ ပဒိုင်းပွင့်ဆေးတွေက ဝတ်ဆံမနှုတ်ရသေးလို့ ရောဂါတိုးတာပါ။ ငါ့ကိုတော့စိတ်သာချ။ ငါ့ပဒိုင်းပွင့် ဆေးတွေဆိုတာ ဝတ်ဆံနှုတ်ထားပြီးသား . . နှုတ်ထားပြီးသား"

"ဒါဆိုလည်း ကျွေးပါတော့ဆရာ"

ထိုဆေးဖြင့် ရောဂါကုသရာ တစ်လတွင် ရက်ပေါင်း(၃၀) ရောဂါထလေတော့သတည်း။

## ၇၂ ဟာသမြောက် ပုံတိုပတ်စများ

ဤပုံပြင်ဆုံးလေတော့ သင်္ဂဇာဆရာတော်က

"အဲသည် . . ဝက်ရှူးသမား ဆေးစားမှားသလို ဆိုတဲ့ အတို[illegible] ဒကာလည်း ဘေးစကားတွေကို အလေးထားပြီး ဆေးစားမှားရင် ဒုက္ခတွေ့ရတတ်တယ်ကွဲ့"

ဟု အဆုံးသတ်လိုက်လေရာ အမေးရှင် ဒကာနှင့် တကွ ပရိသတ်အပေါင်းမှာ ပြုံးပြုံးရယ်ရယ် ဖြစ်သွားကြလေတကား။

☺ ☺ ☺



အပျားရှိုးတဲ့ တရားထိုး

## အပျားရှုးတဲ့ တရားထူး

သင်္ဂဇာဆရာတော်သည် ရောဝတီတိုင်းအတွင်း လှည့်လည် ကြွချီရာတွင် ညောင်တုန်းမြို့သို့ ရောက်ရှိသွားသည်။ သင်္ဂဇာဆရာတော် ညောင်တုန်းမြို့သို့ ရောက်ရှိလာသည့်အတွက် ညောင်တုန်းသူ၊ ညောင်တုန်းသား အပေါင်းတို့မှာ သဒ္ဓါကြည်ဖြူ စိတ်ညွတ်တွလျက် အုံးအုံးကျွက်ကျွက်ဖြင့် တစ်ခဲနက် လာရောက်ကြည်ညိုပူဇော်ကြလေရာ ဆရာတော်လည်း ဒကာ ဒကာမ အပေါင်းတို့အား တရားရေအေး တိုက်ကျွေးတော်မူခဲ့လသည်။

ထိုသို့ သင်္ဃာဇာဆရာတော်ထံ လာရောက်ဖူးမြော်ကြည်ညိုကြကုန်သည့် ညောင်တုန်းမြို့ပရိသတ်ထဲ၌ ကုန်သည်တစ်ဦးဖြစ်သော မောင်မောင်အုန်းဆိုသူ ပါဝင်လေသည်။ ကုန်သည်မောင်မောင်အုန်းသည် ပရိသတ်ကြားထဲမှနေ၍ သင်္ဃာဇာဆရာတော်အား စကားတစ်ခွန်း တင်လျှောက်လေသည်။

"ဆရာတော်ဘုရား . . . သည်ကနေ့ ခေတ်ကာလမှာ လူလူသူသူ အပေါင်းဟာ လပြည့်လကွယ် ဥပုသ်ရက်တွေ ရောက်ပြီဆိုမှဖြင့် ဘုန်းတော်ကြီးများ သီတင်းသုံးရာ ဘုရားကျောင်းကန်တွေဆီသွားကြပြီး ဥပုသ်သီတင်းယူကြပါတယ် ဘုရား"

"ဟုတ်သားပဲ ဒကာ . . ဆက်ပါဦး"

"အဲသည်မှာ အသီးသီး အသက အသကဆိုသလို ချိုင့်ကိုယ်စီ၊ ဆွမ်းအုပ်ကိုယ်စီထဲမှာ အစားကောင်း၊ အသောက်ကောင်းတွေထည့်လာပြီး ဥပုသ်ယူပြီးတာနဲ့ အားရပါးရ ဗိုက်တင်းကားအောင် တွယ်ကြပါတယ်ဘုရား။ ပြီးတော့ တရားကိစ္စ မဆွေးနွေးကြဘဲ သားရေး၊ သမီးရေး၊ လင်မယားရေး၊ လူမှုရေးကိစ္စတွေ ပြောလို့ပြော၊ အတင်းချလို့ချ၊ အရိပ်ကောင်းကောင်းမှာ ပုတီးမစိပ်ဘဲ သိုးနေအောင် တခေါခေါ အိပ်ရင်း ညနေစောင်းမှ အိမ်ကိုပြန်ကြနဲ့ ဒါဆို ဘယ်လိုလုပ်

ပြီး သီလစင်ကြယ်တယ်လို့ ပြောနိုင်ပါ့မလဲ ဘုရား"

ထိုသို့ လျှောက်သည်ရှိသော် သင်္ဃာဆရာတော်လည်း . .

"အင်း . . ဒကာ မောင်အုန်းပြောတာ ဆင်ခြင်သင့်တဲ့ ကိစ္စပါပဲ ပရိသတ်အပေါင်းတို့။ သူ့အဖို့ လူလူသူသူအပေါင်းကို သီလစင်ကြယ်စေချင်တဲ့ ဆန္ဒရှိနေပုံရတယ်။ ဟုတ်ရဲ့လား . . . ဒကာ မောင်အုန်း"

"တင်ပါ့ . . ဘုရား"

"အဲသည်လို ဆန္ဒရှိနေပြီဆိုမှတော့ ဒကာမောင်အုန်း အနေနဲ့လည်း တရားထူး၊ တရားမြတ်တွေရအောင် ကျင့်ကြံနေတယ်လို့ ယူဆစရာရှိလေရဲ့။ ဟုတ်ရဲ့လား . . ဒကာမောင်အုန်း"

ထိုသို့ ဆရာတော်မှ မေးလျှောက်သည်ရှိသော် ဒကာမောင်အုန်းလည်း ယောင်နနဖြစ်သွားရင်း လက်အုပ်ချီလျှောက်ထားပါလေတော့သည်။

"အဲ . . တပည့်တော်မှာက လောကီလူမှုကိစ္စတွေ ရှုပ်ထွေးများပြားလွန်းတဲ့အတွက်ကြောင့် တရားထူး၊ တရားမြတ်တွေရအောင် မကျင့်ကြံ မကြိုးကုတ်နိုင်သေးပါဘုရား။ သည်လောကမှာ သားမယားဆိုတာ ရှိမနေခဲ့ရင်ဖြင့် နေမိမင်းကြီးလို ကျင့်ကြံနိုင်ပါလိမ့်မယ်ဘုရား . . "

သည်စကား အဆုံးသတ်လေတော့ သင်္ဂဇာဆရာတော်နှင့်တကွ ပရိသတ်အပေါင်းမှာ ပြုံးရယ်ဒိကြလေတော့သည်။ ဘာ့ကြောင့်ဆို ကိုယ်လည်း ဘာမျှ မစွမ်းဆောင်နိုင်ပါဘဲနှင့် သူတစ်ပါးအပေါ် အပြစ်ချည်းဖို့နေလေသော လူစားမျိုး ဖြစ်နေ၍ပါတကား။

သည်အခါ ဆရာတော်က

"အင်း . . လက်စသတ်တော့ ဒကာ မောင်အုန်းဟာ တရားထူး၊ တရားထူးနဲ့ နောက်ဆုံးတော့လည်း အဖျားရှူးသွားပါတာပါပဲလား။ ဒကာရဲ့အပြစ်က ဘိုးကွန်း ဘရားစွဲလာတဲ့ ပုံပြင်နဲ့ သွားတူနေပြီကော"

"အဲသည်ပုံပြင်ကို ဟောကြားပေးတော်မူပါဘုရား"

ပရိသတ်အပေါင်းက ရင်တွင်းဆန္ဒ ဘူညီလှစွာဖြင့် လျှောက်ထားလေသောအခါ ဆရာတော်လည်း ဘိုးကွန်း တရားစွဲလာသည့်ပုံပြင်ကို ပြောဆိုရလေတော့၏။

ရှေးသရောအခါက ကရင်ရွာတစ်ရွာ၌ ကရင်မွန်ထော်နှင့် ဘိုးကွန်းဆိုသော ညီအစ်ကိုနှစ်ယောက် ရှိကြသည်။ တစ်နေ့သော် ညီအစ်ကိုနှစ်ယောက် လယ်ယာလုပ်ငန်းခွင်ဝင်နေစဉ် တစ်ရွာတည်းသား ဖြစ်သူက လာရောက်ဆဲဆိုရုံမက ကိုယ်ထိလက်ရောက်ပင် ရိုက်နှက်သွားခဲ့လေ၏။

သည့်အတွက် ညီဖြစ်သူ ဘိုးကွန်းလည်း မခံမရပ်နိုင်

ဖြစ်ကာ တရားရုံးတော်သို့ သွားရောက်ပြီး တရားသူကြီးအား တိုင်ကြားလျှောက်ထားလေသည်။ ထိုအခါ အမှုသွားအမှုလာကို ကြေညက်စွာ သိရှိနိုင်ရန်အတွက် တရားသူကြီးလည်း ဘိုးကွန်းကို မေးမြန်းစစ်ဆေးရလေတော့၏။

"မောင်မင်းတို့ကို ရိုက်သွားတဲ့လူကို မြင်လိုက်ရလား"

"မြင်လိုက်ပါတယ် . . တရားသူကြီးမင်း"

"အခုနေမြင်ရင် မှတ်မိပါ့မလား"

"အဲ . . မမှတ်မိပါ တရားသူကြီးမင်း"

"ဒါဖြင့် ရိုက်သွားတဲ့လူရဲ့ နာမည်ကိုကော သိသလား"

"မသိပါဘူး . . တရားသူကြီးမင်း"

"အရိုက်ခံရတဲ့ ဒဏ်ရာကကော ကြီးသလား၊ ငယ်သလား"

"အဲ . . ဒါလည်းပဲ မသိပါဘူး တရားသူကြီးမင်း"

သည်လိုမျိုးမေးတိုင်း ဘာမျှမသိ ဖြစ်နေသဖြင့် တရားသူကြီးလည်း အတန်ငယ်မျှ စိတ်အချဉ်ပေါက်သွားမိလေသည်။

"မင်းနှယ်ကွယ် . . ဘာမျှ ခြေခြေမြစ်မြစ်မရှိဘဲနဲ့ အမှုလာဖွင့်ပြီး တရားစွဲနေရသေးတယ်"

"ဒီလိုပါ တရားသူကြီးမင်းရယ်. . ကျွန်တော်မျိုး အစ်ကိုမွန်ထော်ဟာ ရတဲ့ဒဏ်ရာနဲ့ သေချင်သေသွားစမ်းပါစေ။ ကျွန်တော်မျိုးအနေနဲ့ ကိစ္စမရှိပါဘူး။ စိတ်လည်းမဆိုးပါဘူး။ ဒါပေမဲ့ သူမရိုက်နှက်ခင် သူ့ပါးစပ်က ပျစ်ပျစ်နှစ်နှစ် ဆဲထည့်လိုက်တဲ့ စကားတွေက နားမခံသာအောင် အသည်းနာလွန်းလို့ အမှုဖွင့်တရားစွဲရတာပါ တရားသူကြီးမင်း"

ပုံပြင်က သည်တွင် အဆုံးသတ်သွားပြီ ဖြစ်၏။ ထိုအခါ သင်္ဂဇာဆရာတော်က

"အင်း . . အဲသည်ပုံပြင်လိုပါပဲ။ ဒကာမောင်အုန်းလည်း တရားထူးသလိုလိုနဲ့ နောက်ဆုံးကျတော့လည်း အဖျားရှူးသွားတာပါပဲကလား"

ဟူ၍ မိန့်ဆိုလေသောအခါ လူတတ်လုပ်လိုသောကုန်သည်ဒကာခမျာ ပရိသတ်အပေါင်း၏ တဟားဟား ရယ်မောသံများအောက်ဝယ် ခေါင်းငိုက်စိုက်ကျသွားလေတော့၏။

☺ ☺ ☺



# မယားကြောက်သူ ဥပမာ

မြစ်ဝကျွန်းပေါ် ဟင်္သာတမြို့တွင် ဦးမေဓာဆိုသော ဘုန်းကြီးတစ်ပါးရှိ၏။

ဦးမေဓာသည် သင်္ဂဇာဆရာတော်၏ နာမည်ကျော်ကြားမှုအပေါ် မနာလိုစိတ်ရှိနေခဲ့၏။ မြစ်ဝကျွန်းပေါ် အရပ်ဒေသတစ်ခွင်၌ သင်္ဂဇာဆရာတော်သည် ဟိုးဟိုးကျော်ကာ ကျမ်းတတ်ပေတတ်ဖြစ်ပုံ၊ ဟာရားဟောကောင်းပုံ အစရှိသည်တို့ သတင်းမွှေးလေရာ ဦးမေဓာစိတ်၌ မခံချင်ခဲ့။

"သူ့ဖာသာသူ ကံဇာတာစန်းလင်း တက်နေလို့ 'သင်္ဂဇာ . . သင်္ဂဇာ'နဲ့ နာမည်ကြီးနေတာပါ။ ကျမ်းဂန်ကျတော့ ငါ့လောက် မတတ်ပါဘူး"

## ၈၂ ဟာသမြောက် ပုံတိုပတ်စများ

သည်သို့ ဦးမေဓာက ကြုံးဝါးသည်။

သည်ကြုံးဝါးသံကို အပါးတွင်ရှိနေသည့် ဒကာချွန် တွန်းကြားသွားလေသည်။ ထိုဒကာမှာ မြောက်ပင့်ပြီး အချွန် ကလေးနှင့် တွန်းတတ်သော ဝါသနာရှိလေသည်။ ထိုအခါ အချွန်ကလေးနဲ့ မ,ပြီး တွန်းရန် အကြံအစည်ဖြစ်ပေါ်လာ တော့၏။

"တကယ်တော့ ကိုယ်တော်က သင်္ဂဇာထက် ကျမ်း ဂန်အမှန်တတ်ခဲ့ရင် သင်္ဂဇာနဲ့ စကားပြောပြိုင်ရဲပါ့မလား"

"ဟာ . . ပြောရဲပါ့ဗျာ။ ပြိုင်ရဲပါ့ဗျာ။ ကျုပ်ဆိုတဲ့ မေဓာက မသေချာ မရှေ့ရာရင် ဆွမ်းတောင်မစားဘူး။ အချိန်မရွေး၊ အခါမရွေး တိမ်ပေါ်တက်ပြီး ပြောရဲပြိုင်ရဲတဲ့ သူပါ"

"ကိုင်း . . ဒါဆို သင်္ဂဇာဆရာတော် သီတင်းသုံးနေ တဲ့ဆီ ခုပဲ သွားကြရအောင်"

"သွားတာပေါ့"

ထိုစဉ်က သင်္ဂဇာဆရာတော်သည် ဟသ်ာတ၌ သီတင်းသုံးလျက်ရှိသည်။ ချွန်တွန်းဒကာမှာ သင်္ဂဇာဆရာ တော်အပေါ် ကြည်ညိုရင်းစွဲ ရှိသူဖြစ်၏။ ယခုကိစ္စတွင် ဦးမေဓာ ချိုထောင်သည့်အတွက် စိတ်ပေါက်ပေါက်ဖြင့် အချွန်နှင့်မ,ရန် သင်္ဂဇာဆရာတော်ထံ ထွက်လာခဲ့ခြင်းဖြစ်

၏။ ဦးမေဓာလည်း ဟာန်ကိုယ့်ဖို့ မာန်သူ့ဖို့အရ ခပ်တည်တည် ပင် သင်္ဂဇာဆရာတော်ထံသို့ ချွန်တွန်းဒကာနှင့်အတူ လိုက်ပါ သွားခဲ့လေ၏။

သင်္ဂဇာဆရာတော် ခေတ္တစံမြန်း သီတင်းသုံးရာသို့ ရောက်ရှိကြပေပြီ။

ဤတွင် ဘုန်းတော်ကြီး ဦးမေဓာကဝတ်ကို ဦးစွာ ဖြည့်လိုက်ပြီးနောက် ချွန်တွန်းဒကာနှင့်တကွ ပရိသတ် အပေါင်း ကြားသိစေရန်

"အရှင်ဘုရားကို တပည့်တော် မေးလျှောက်လိုပါ တယ်ဘုရား။ အဲဒါကတော့ ဗြဟ္မာဘုံမှာ ဗြဟ္မာတွေဟာ ရွှေ ဗိမာန်၊ ငွေဗိမာန်တွေနဲ့ ပျော်စံကြသူများဖြစ်တဲ့အတွက် လူ တွေလိုပဲ ဖောဋ္ဌဗ္ဗအာရုံ ခံစားကြတယ် မဟုတ်လားဘုရား"

ဟူ၍ ရဲတင်းဘွက်သက်စွာ မေးမြန်းလျှောက်ထားလိုက် လေသည်။ ပရိသတ်အပေါင်းမှာလည်း ဦးမေဓာ၏အမေး အတွက် သင်္ဂဇာဆရာတော်မှ မည်သို့မည်ပုံ ပြန်လည် ဖြေ ကြားပေးမည်ကို ငံ့လင့်နေမိကြလေသည်။ ဤတွင် သင်္ဂဇာ ဆရာတော်က -

"အင်း . . သည့်ကိစ္စကို ဖြေကြားပေးရရင်ဖြင့် အဲသည်လိုမျိုး မမှတ်ယူသင့်ဘူးလို့ပဲ ဆိုရမယ်။ ဘာ့ကြောင့်လဲ ဆို ဋီကာကျော်မှာ 'ယာနာဒိတ္ထ ယံနတ္ထ'ဆိုတဲ့ ပါဠိကိုထောက်

လို့ ရွှေဗိမာန်၊ ငွေဗိမာန်၊ ပတ္တမြားဗိမာန်တို့နဲ့ ခံစားပေမဲ့လည်း ဖောဋ္ဌဗ္ဗအာရုံ · ခံစားမှုမရှိကြပါဘူး"

ဟူ၍ အထောက်အထား၊ အကိုးအကားများဖြင့် ဝေဝေဆာဆာ သေသေချာချာ ဖြေကြားလိုက်၏။ ပြီးလေသော်

"ကိုင်း . . ဘယ့်နှယ်လဲ မောင်မေတ"

ဟူ၍ ပြန်မေးလိုက်ရာ ဦးမေတလည်း ဘာမျှ အထွန့်မတက်နိုင်တော့ဘဲ စကားကို လျှော့ချရလေတော့သည်။

"တပည့်တော်လည်း သည်လိုပဲ သဘောရပါတယ် ဘုရား"

ထိုသို့ပြောဆိုပြီး ဦးချလိုက်ရာ ပရိသတ်အပေါင်း ခမျာ ရယ်ရယ်မောမော တသောသော ဖြစ်သွားကြလေတော့သည်။ အခြေအနေ အရပ်ရပ်ကို သဘောပေါက် နားလည်သော သင်္ဃာဆရာတော်က

"အင်း . . မောင်မေတတို့ လုပ်လိုက်ပုံကတော့ ဟုတ်တော့မလိုလိုနဲ့ 'မယားကြောက်ရတဲ့ သောပေါကြီးလို'ပါပဲ လား"

ဟု စကားစသည့်နောက် ပရိသတ်အပေါင်းမှ ထိုဥပမာအား ရှင်းလင်းဟောကြားပေးပါရန် လျှောက်ထား

တောင်းပန်ကြလေ၏။ ဆရာတော်လည်း အဆိုပါသာဓကကို ပုံပြဆောင်ရလေတော့၏။

ရှေးအခါက တောရွာတစ်ရွာတွင် မယားအလွန် ကြောက်ရသော သောပေါဆိုသူ ရှိလေသည်။ သူသည် အိမ် ရောက်လျှင် မယားကို ကုပ်နေရလောက်အောင် ကြောက်ရသူ ဖြစ်သော်လည်း အပြင်၌မူ သူက မယားကို အလွန်နိုင် ကြောင်း အမွှန်းတင်ပြောဆို အသားယူတတ်လေသည်။

တစ်နေ့သ၌ သောပေါလည်း အပေါင်းအသင်း သူငယ်ချင်းများ၏ ရှေ့မှောက်၌ သူမယားနိုင်ပုံကို ကြွားဝါနေ လေရာ အတွင်းသိ၊ အစင်းသိ သူငယ်ချင်းတစ်ယောက် ရောက်လာပြီး -

"ဟကောင် . . သောပေါ။ မင်းကသာ ကြွားနေ။ တို့ကြားသိရတဲ့ သတင်းကတော့ဖြင့် မင်းမယားကို ကုပ်နေ အောင် ကြောက်ရတယ် ဆိုပါကလား"

"ဟာ . . မဟုတ်တာတွေကွာ။ မင်းတို့ကို မျက်မြင် သက်သေပြမယ်။ လိုက်သာကြည့်ကြ။ အိမ်ရောက်တာနဲ့ ငါ့ မယားကို ဖိနပ်နဲ့ ချပြမယ်"

"ကောင်းပြီ . . တို့တတွေ လိုက်ကြည့်ကြမယ်"

အားလုံးသည် သောပေါ အပြောနှင့်အလုပ် လက် တွေ့ ညီ၊ မညီ သိလိုကြသည့်အတွက် သောပေါနောက် လိုက်

သွားကြလေ၏။ အိမ်ရောက်သော် သောပေါလည်း ဟန်နှင့် ပန်နှင့် မယားဖြစ်သူအား

"ဟော့ . . ရှင်မ၊ ငါ ထမင်းအရမ်းဆာနေတယ်။ အခု ထမင်းခူးစမ်း"

မယားဖြစ်သူမှာလည်း ဝတ္တရားအတိုင်း ထမင်းဟင်းတို့ကို ခူးခပ်ပေးလေသည်။ ချောင်းမြောင်းကြည့်ရှုကြသူ အပေါင်းမှာ သူတို့ ထင်ထားသည်နှင့် လွဲနေသည့်အတွက် မှားများမှားနေပြီလားဟူ၍ပင် သံသယစိတ် ဝင်မိလေသည်။ ထိုအချိန်တွင် သောပေါသည် ဟင်းတစ်ဇွန်းကို ကောက်၍ မြည်းလိုက်၏။

"တောက် . . ကြည့်စမ်း၊ မယားကောင်း မပီသ လိုက်တာ။ ဟင်းကို အစပ်အဟပ်တည့်အောင်တောင်မှ မချက်တတ်ဘူး။ ဟင်းကို ချက်ထားလိုက်တာများ ငန်လို့ကို တူးနေတာပဲ။ ငါ . . တယ်လေ၊ ဖိနပ်နဲ့ ထချလိုက်ရ"

ချောင်းကြည့်နေသော အပေါင်းအသင်း သူငယ်ချင်းများမှာ သောပေါကို အထင်ကြီးသွားရပြန်လေသည်။ သည်လိုတော့လည်း တို့ကောင်ကြီးက အဟုတ်သားပါလားဟုပင် အတွေးဝင်ရောက်လာခဲ့၏။ ထိုစဉ်မှာပင် မယားဖြစ်သူက ဝုန်းခနဲ ထဆောင့်ကာ

"အောင်မာ . . ဟဲ့ သောပေါ၊ နင် ငါ့ကို ဘယ်တုန်း

က အဲသလို ပြောဖူးလို့လဲ။ ပြောဖို့နေနေသာသာ မော်တောင်မှ ကြည့်ရဲလို့လား။ အလကား လူ့ငပျင်း၊ လူ့ငဖျင်း။ အလုပ်လည်း မည်မည်ရရမလုပ်၊ ရွာရိုးကိုးပေါက် သဝေထိုးနေတဲ့သူကများ။ ငါချက်တဲ့ဟင်းက ငန်သလေး ဘာလေးနဲ့၊ ပြီးတော့ ဖိနပ်နဲ့တောင် ချမယ်တဲ့။ ဟဲ့ . . အနကောင်။ နင် ငါ့ ဘာများ မှတ်နေသလဲ။ ပြောစမ်း . . ပြောစမ်း"

ဟူ၍ ကက်ကက်လန်အောင် ရန်တွေ့လေရာ ချောင်းကြည့်နေ ကြသူတို့လည်း ကိုယ့်ကောင်ကြီး ငသာပေါ ထပြီးတော့များ အုပ်တော့မလား၊ သွေးထွက်သံယိုတွေ မြင်မကောင်းအောင် ဖြစ်ကုန်တော့မလားဟု တွေးတောပြီး ထိတ်လန့်တုန်လှုပ်စိတ်တွေ ဝင်မိပါချေ၏။ ထိုအချိန်ဝယ် ဇာတ်လိုက်ကျော် ငသာပေါသည် သွားအဖြီးသားနှင့်

"ဩော် . . ရှင်မရယ်။ ကျုပ်က ပါးစပ် သိပ်မကောင်းလို့ ရှင်မ ချက်တဲ့ဟင်း ငန်တယ်ထင်ပြီး ပြောမိပြောရာ ပြောတာပါကွယ်။ ရှင်မက မငန်ဘူးဆို ကျုပ်လည်း မငန်တော့ပါဘူး။ အခု . . ထမင်းနဲ့ စားတော့လည်း အမြိန်သား။ ဟဲ . . ဟဲ . . ဟဲ"

သည်သို့ဆိုလေသော် ချောင်းကြည့်သူတို့မှာ မယားကြောက် ငသာပေါအပေါ် သဘောပေါက်သွားကြလေတော့၏။

ပုံပြင်ကား အဆုံးသတ်ချေပြီ။

ဤတွင် သင်္ဂဇာဆရာတော်က

"အိမ်း . . မောင်မေဓာလည်း သည်ပုံပြင်ထဲက သောပေါလို ဖြစ်နေပြီ။ အစချီလာတုန်းကတော့ ဟုတ်တော့ မလို၊ ဘာမလိုနဲ့။ နောက်ဆုံးတော့လည်း အဖျားရှူးသွားတာပဲ ကိုး"

ဟု ဆိုလိုက်ရာ ပရိသတ်အပေါင်းလည်း တသော သော ဖြစ်သွားကြလေ၏။ သို့စဉ်ကြိုက် ဟန်တစ်လုံးပန် တစ်လုံးဖြင့် ကြုံးဝါးခဲ့လေသော ဘုန်းတော်ကြီး ဦးမေဓာလည်း ဝတ်ချပြီးသည့်နောက် ချွန်တွန်း ဒကာကိုပင် စောင့်မနေ တော့ဘဲ သူ့ကျောင်းသို့ သုတ်ခြေတင်ခဲ့လေတော့သတည်း။

☺ ☺ ☺


နိဗ္ဗာန်ဆောင်ကြောင်း နည်းလမ်းကောင်း

## နို့ဗွာန်ရောက်ကြောင်း နည်းလမ်းကောင်း

ဇန်းမော်ဆရာတော်ကို ကြည်ညိုကြသူ ပုဂ္ဂိုလ်များ အနက် ရေမြွေရှင် မင်းတုန်းမင်းတရားကြီးသည် ထိပ်ဆုံးက အပါအဝင်ဖြစ်၏။ မင်းကြီးသည် ပုဂ္ဂိုလ်ခင်သလို တရား လည်းမင်၏။ သို့ဖြစ်၍လည်း မကြာခဏဆိုသလို ဇန်းမော် ဆရာတော်အား နန်းတော်သို့ ပင့်ဖိတ်ကာ ဆွမ်းလုပ်ကျွေး၏။ တရားဓမ္မများကို နှီးနှောဆွေးနွေး၏။

တစ်နေ့သ၌ မင်းတုန်းမင်းကြီးသည် ထုံးစံအတိုင်း ဇန်းမော် ဆရာတော်ကို ပင့်ဖိတ်ကာ ဆွမ်းဝတ်ကို ပြုလေ၏။ ဆွမ်းကိစ္စပြီးလေသော် မိဖုရား၊ မင်းမှုးမတ်ပရိသတ်တွေနှင့် အတူ အနုမောဒနာတရားကို နာကြားပြီးလေသည့်နောက် တရားဓမ္မများကို ဆွေးနွေးပါလေတော့၏။

"ဆရာတော်ဘုရား . . နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းများရှိခဲ့ရင် တပည့်တော်ကို လိုရင်းအချုပ် တိုတိုတုတ်တုတ်ကလေး ဟောကြားပေးတော်မူပါဘုရား"

"လိုရင်းအချုပ် တိုတိုတုတ်တုတ်။ ဟုတ်လား . . ရေမြှေရှင်"

"မှန်ပါတယ်ဘုရား"

"အင်း . . လိုရင်းအချုပ် တိုတိုတုတ်တုတ်နဲ့ နိဗ္ဗာန် ရောက်ကြောင်း နည်းလမ်းကောင်းကတော့ 'ငါ့ကို မကြိုက်နဲ့'။ ဒါပဲ ရေမြှေရှင်"

"ဒါကျတော့လည်း အဆမတန်ကို တိုလွန်းပါတယ် ဘုရား။ တပည့်တော်နဲ့တကွ ပရိသတ်အပေါင်း စိတ်အာရုံ အသိမှာ ထင်လင်းသွားရလေအောင် နည်းနည်းတော့ ရှည် ပေးပါဦးဘုရား"

"အင်း . . စောစောကတော့ တိုတိုတုတ်တုတ်၊ ခုကျ တော့လည်း နည်းနည်းရှည်ပေးပါတဲ့လား။ အင်းလေ . . ဒါဆိုလည်း ပုံပြင်ကလေး တစ်ပုဒ် ပြောပြရသေးတာပေါ့။ သည်လို ဒကာရဲ့"

ဟုဆို၍ လိုရင်းကိစ္စနှင့် ဆက်စပ်ပတ်သက်သည့် ပုံပြင်တစ်ပုဒ်ကို ထုတ်နှုတ်ပြောဆိုလေတော့သည်။

ရှေးက ရွာတစ်ရွာ၌ ငွေကြေးအသင့်အတင့်

ချမ်းသာကြွယ်ဝသော တော်ဝင်သူကြီးတစ်ဦးရှိ၏။

သည့်အတွက်ကြောင့်လည်း ၎င်းတို့ မိသားစုမှ ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်ကာ ဘုန်းတော်ကြီး တစ်ပါးအား ရေစက်ချလှူဒါန်းပြီး ကျောင်းထိုင်စေခဲ့သည်။ ကျောင်းဒကာအဖြစ်သာမက ကျန်ပစ္စည်းသုံးပါးကိုပါ ၎င်းတို့ မိသားစုမှနေ၍ တာဝန်ယူထားလေသည်။

နံနက်တိုင်းဆိုသလိုပင် အလှူဒကာမိသားစုမှ သမီး ပျိုကလေးသည် ဘုန်းကြီးကျောင်းသို့ ဆွမ်းအုပ်သွားပို့လေ့ရှိ ၏။ သမီးပျိုကလေးမှာ ဘာသာရေးကို လေ့လာလိုက်စားသူ စာတတ်ပေတတ်ကလေးဖြစ်ပြီး ကျောင်းကြီးရှင် ဘုန်းတော် ကြီးကို လေ့လာအကဲခတ်လျက်ရှိ၏။ ဘုန်းတော်ကြီးကလည်း ထိုဒကာမလေးကို အရိပ်အကဲ ကြည့်လျက်ရှိချေသည်။

တစ်နေ့သ၌ သမီးပျိုကလေးသည် ဘုန်းတော်ကြီး အား ဆွမ်းကပ်ပြီးသကာလ အမှတ်မထင်ဆိုသလို စကားတစ် ခွန်းကို မေးလျှောက်တင်လိုက်သည်။

"အရှင်ဘုရား . . ဟောသည်ကျောင်းဟာ ဘယ်သူ့ ကျောင်းပါလဲဘုရား"

"ဟောသည်ကျောင်းဟာ ဘယ်သူ့ကျောင်း . . ဟုတ် လား။ ခက်ပကွယ်။ နင်တို့ ဆောက်လုပ်လှူဒါန်းထားတာ ရေစက်ချထားတာ။ သည်တော့ သည်ကျောင်းကို ငါပိုင်နေပြီ

ပဲ။ ဒါ . . ငါ့ကျောင်းကွယ့်။ ငါ့ကျောင်း"

"ဪ . . ဟုတ်လား"

သည်သို့သာဆိုပြီး သမီးပျိုလေးလည်း ဆွမ်းအုပ် အလွတ်ကိုပိုက်လျက် ကျောင်းပေါ်မှ ပြန်ဆင်းသွားလေသည်။ သို့ဖြင့် တစ်ရက်ပြီး တစ်ရက်မှသည် သုံးရက်ခန့် ကြာသွားခဲ့ လေသည်။ သမီးပျိုကလေးလည်း ဆွမ်းလာပို့မြဲပြန်လေသည်။ ဤတွင်လည်း အမှတ်မထင် အမေးရှိလာခဲ့သည်။

"အရှင်ဘုရား . . ဟိုစားပွဲခုံပေါ်က သပိတ်ဟာ ဘယ်သူ့သပိတ်လဲ ဘုရား"

"ဟ . . ငါ့ကျောင်းမှာရှိနေတာ ငါ့သပိတ်ပဲပေါ့ ဒကာမလေးရဲ့"

"ဒါဖြင့် ကြိုးတန်းမှာ လွှားထားတဲ့ သင်္ကန်းကကော ဘုရား"

"ငါ့သင်္ကန်းပေါ့ဟ . . ငါ့သင်္ကန်းပေါ့"

"ဟောဟို ကျွန်းခုတင်ကြီးကကော"

"ဟ . . အဲသည်ကျွန်းခုတင်ကြီးကလည်း နင်တို့ မိသားစု ရေစက်ချ လှူဒါန်းထားခဲ့ပြီးတာကြောင့် ငါ့ခုတင်ကြီး ဖြစ်နေပြီ။ နင်တို့နဲ့ ဘယ်လိုမှ မသက်ဆိုင်တော့ဘူး"

"ဒါဖြင့် နံရံမှာ ချိတ်ဆွဲထားတဲ့ ပုတီးကြီးကကော"

"ငါ့ပုတီးပဲပေါ့လေ။ ငါ့ပုတီး . . ငါ့ပုတီး"

"ဟောဟို ရေစင်က ဆပ်ပြာခွက်လုလုလေးက ကော"

"ဩော် . . တော်တော်ခက်တဲ့ ကလေးမလေးပဲ။ အဲဒါလည်း ငါ့ဆပ်ပြာခွက်ပဲပေါ့ကွယ်"

မိန်းမပျိုလေးက တော်တော်နှင့် ကျောင်းပေါ်မှ ဆင်းမသွား။ စကားလက်တံက ရှည်လွန်းလှသည်။ ထို့ကြောင့်ပင် ဘုန်းတော်ကြီးက ဆွမ်းလည်းဆာနေပြီဖြစ်ရာ စကားကို ဖြတ်လိုက်ရတော့၏။

"သည်မယ် ဒကာမလေး။ ရှေးဆက်မေးလည်း မောရုံသာရှိမှာပဲ။ သည်တော့ တိုတိုတုတ်တုတ်နဲ့ စကားဖြတ်ရမယ်ဆိုင် ဒီကျောင်းမှာ ရှိသမျှအရာအားလုံးဟာ ငါ့ဥစ္စာတွေချည်းပဲကွယ့်။ မှတ်သာသွား"

"တင်ပါ့ . . ဘုရား"

မိန်းမပျိုလည်း ဆွဲမ်းအုပ်ကိုပိုက်၍ ကျောင်းပေါ်မှ ပြန်ဆင်းသွားလေသည်။

နောက်ရက်တွေကျတော့ ဆွမ်းဝတ်မပျက်။

ဘာစကားမှလည်း မမေး၊ မလျှောက်။ သည့်အတွက် ဘုန်းတော်ကြီးမှာ တော်တော်လေး စိတ်ချမ်းသာနေတော့သည်။

သို့ဖြင့် ရက်မှ လကူးကာ တစ်လမှသည် နှစ်လတိုင် ကြာသွားခဲ့လေသည်။

သည်တွင် တစ်ရက်ရောက်လေတော့ မိန်းမပျိုလေးက ဆွမ်းအုပ်လာပို့ရင်း အမှတ်မထင် စကားစလိုက်လေသည်။

"အရှင်ဘုရား . . ဘာရည်ရွယ်ချက်နဲ့ ဘုန်းကြီးဝတ်တာတုံး ဘုရား"

"ဟဲ့ . . နိဗ္ဗာန်ကို ရောက်ချင်လို့ ဝတ်တာပေါ့ဟဲ့။ နိဗ္ဗာန်ကို ရောက်ချင်လို့ပေါ့"

"ဒါဆိုရင် 'ငါ့ကို မကြိုက်နဲ့ ဘုရား"

တိုတိုပြတ်ပြတ် စကားကိုဆိုလျက် မိန်းမပျိုလည်း ဆွမ်းအုပ်ကိုကောက်ယူကာ ကျောင်းပေါ်မှ ပြန်ဆင်းသွားလေသည်။ ဘုန်းတော်ကြီးမှာတော့ မိန်းမပျိုလေးပြောသွားခဲ့သည့် 'ငါ့ကိုမကြိုက်နဲ့'ဆိုသော စကားအတွက် စဉ်းစားရအတော်ကျပ်သွားရသလို အတွေးနယ်ကလည်း ကျယ်ပြောသွားခဲ့ရသည်။

စကားက အနှောင့်မလွတ်၊ အသွားမလွတ်သော စကား။

ဘာကို ဆိုလိုတာပါလိမ့်။

စင်စစ် ဘုန်းတော်ကြီးအဖို့ သည်ပစ္စည်းလေးပါးအလှူဒကာ မိသားစုအပေါ် သွေးရိုးသားရိုးစိတ်သာ ထားသည်ကအမှန်။ ဒါကို သစ္စာဆိုဝံ့သည်။

သည်မိန်းမပျိုလေးက သူ့အပေါ် အထင်လွဲပြီး သူမ အပေါ် မကြိုက်နဲ့ဟု ဆိုလိုရာ ရောက်သည့်စကားအတွက် တွေးရင်းတွေးရင်း စိတ်မကောင်းဖြစ်လာရသည်။ ရှက်လည်း ရှက်မိသည်။ စိတ်ထဲမှာလည်း တနှံ့နှံ့ ခံစားရသည်။ သည်စိတ်၊ သည်ဝေဒနာတို့ကြောင့် အအိပ်မစားပင် ပျက်လာရလေ တကား။

သည်အဖြစ်သနစ်ကို ရိပ်စားမိသူကား ကျောင်းရှိ ကပ္ပိယကြီး ဖြစ်လေသည်။ သို့ဖြစ်၍ ဘုန်းတော်ကြီးအား မေးမြန်းလေ၏။ ဘုန်းတော်ကြီးလည်း တစ်စုံတစ်ယောက်ကို ဖွင့်အန်ပြောဆိုပါမှ ရင်ထဲပေါ့သွားလေမည်မို့ အမေးရှိလာသော ကပ္ပိယကြီးအား အကြောင်းစုံပြန်လည် ပြောပြလိုက်တော့၏။

"သည်အတိုင်းနေလို့တော့ မဖြစ်ဘူး ဘုရား"

ဒါဆို ဘယ်လိုလုပ်ရမှာတဲ့တုံး ကပ္ပိယကြီးရဲ့"

"သည်ကိစ္စကို ကျောင်းဒကာဇနီးမောင်နှံ သိရအောင် ပြောမှဖြစ်တော့မပေါ့ ဘုရား"

"ဒါဖြင့်လည်း ကပ္ပိယကြီးပဲ စီမံဆောင်ရွက်ပါတော့လေ။ ဘုန်းကြီးကတော့ စိတ်မကောင်းဖြစ်နေမိတာ အမှန်ပဲ"

"မပူပါနဲ့ဘုရား . . အရည်ကုန်တော့လည်း အဖတ်လည်လာပါလိမ့်မယ်"

သို့ဖြင့် ကပ္ပိယကြီးလည်း အားလပ်ချိန်၌ ရွာတွင်းရှိ ကျောင်း ဒကာအိမ်သို့ သွားကာ ကျောင်းဒကာကြီးအား အကျိုးအကြောင်း ပြော ပြပါလေ၏။ ကျောင်းဒကာကြီးက စဉ်းစားတွေးခေါ်တတ်သူပီပီ

"အင်း . . ကပ္ပိယကြီးပြောတဲ့ကိစ္စဟာ သမီးဖြစ်သူကို သေသေချာချာ စုံစမ်းမေးမြန်း တီးခေါက်ပြီးမှ ဖြေရှင်းနိုင်မယ့် ပြဿနာပဲ။ ဒါပေမဲ့ ဖအေလုပ်တဲ့သူနဲ့ဆို မသင့်တော်ဘူး။ သည်တော့ မအေလုပ်တဲ့သူကိုပဲ တာဝန်ပေးရမယ်"

"ကောင်းတယ် . . ကျောင်းဒကာ။ ကောင်းတယ်"

ကျောင်းဒကာကြီး၏ တာဝန်ပေးချက်အရ ကျောင်းဒကာမကြီးလည်း သမီးဖြစ်သူကို မေးမြန်းစုံစမ်း တီးခေါက်လေတော့သည်။

"အမေကလဲ . . . သမီးက ဘုန်းတော်ကြီးကို ပြန်ပြီး တရားပြခဲ့တာပါ"

"အို . . ငရဲအုံတွေ ကြီးကုန်တော့မှာပဲ။ ကိုင်း . . ဆိုပါဦး။ သမီးက ဘုန်းတော်ကြီးကို ဘယ်လို တရားပြခဲ့တာတုံး"

"သည်လို အမေရေ . . ။ သမီးဆွမ်းသွားပို့တဲ့အခါတိုင်း သမီး အမေးရှိတဲ့အခါ ဘုန်းတော်ကြီးဟာ သည်ဟာ ငါ့ကျောင်း၊ သည်ဟာ ငါ့သပိတ်၊ သည်ဟာ ငါ့သင်္ကန်း၊ သည်

ဟာ ငါ့ပုတီး၊ အို . . ဘာပဲမေးမေး ငါနဲ့ကို မလွတ်ဘူး။ ငါ့ဟာချည်း . . ငါ့ဟာချည်းနဲ့။ သည်တော့ သမီးလည်း စိတ်ပေါက်ပေါက်နဲ့ ဘာကြောင့် ဘုန်းကြီးဝတ်တာလဲလို့ မေးမိတယ်"

"အဲသည်တော့ ဘုန်းတော်ကြီးက ၁၀၂ပြန်မပြောသလဲ"

"နိဗ္ဗာန်ကို လိုချင်လို့ပေါ့ဟဲ့လို့ ဖြေတယ်။ ဒါနဲ့ သမီးက နိဗ္ဗာန်လိုချင်ရင် 'ငါ့ကို မကြိုက်နဲ့' လို့ ပြန်ပြီး တရားပြခဲ့တာပေါ့ အမေရဲ့"

"အမေတော့ 'ငါ့ကိုမကြိုက်နဲ့' ဆိုတာကြီးကို သဘောမပေါက်ဘူးကွယ့်။ ရှင်းပြပေးပါဦး"

"သည်မှာအမေ့ . . 'ငါ' ဆိုတဲ့ အတ္တကို မဖြုတ်ရင် နိဗ္ဗာန်ကို ဘယ်လိုမှ မရောက်နိုင်ဘူး အမေရဲ့။ ဒါကြောင့် သမီးက နိဗ္ဗာန်ကို လိုချင်ရင် 'ငါ့ကို မကြိုက်နဲ့'။ ငါ . . ငါ . . ငါဆိုတဲ့ ငါအစွဲတွေ၊ အတ္တတွေကို ဖြုတ်ဖို့ သွယ်ဝိုက်တရားပြခဲ့တာပါ အမေရယ်။ တခြားဘာစိတ်မှ မရှိပါဘူး။ ဘုန်းတော်ကြီးမှာ ငါစွဲလေးရှိတာကလွဲလို့ စိတ်ဓာတ်သန့်ရှင်းတာ သမီးသိပါတယ်"

"ဪ . . ဖြစ်မှဖြစ်ရလေ သမီးရယ်"

ဤတွင်မှ ကျောင်းဒကာတို့ မိသားစုလည်း အခြေအနေအရပ်ရပ်ကို နားလည်သဘောပေါက်သွားကြလေ

သည်။ ထို့ကြောင့်ပင် အအိပ်ပျက်၊ အစားပျက် ဖြစ်နေရှာသော ဘုန်းတော်ကြီးအား စိတ်သက်သာရ သက်သာကြောင်းအတွက် လျှောက်ထားရန် သွားကြလေသည်။ သည်တော့မှ ဘုန်းတော်ကြီးလည်း ငါစွဲပြုတ်ကာ တရားရသွားလေတော့၏။

"ပုံပြင်လေးကတော့ ဒါပါပဲ ဒကာတော်။ ဒကာတော် ရေမြေရှင်လည်း နိဗ္ဗာန်ကို လိုချင်တယ်၊ ရောက်ချင်တယ်ဆိုရင်ဖြင့် ဒါဟာ ငါ့သားတော်၊ ဒါဟာ ငါ့သမီးတော် လုပ်မနေနဲ့တော့။ ငါ့ကို ကြိုက်မနေနဲ့တော့၊ ဟုတ်ပလား"

"တင်ပါ . . သာဓု . . သာဓု . . သာဓုပါဘုရား"

ဇန်းမော်ဆရာတော်၏ ဉပမာပုံပြင်ကလေးက ထိရောက်လှသဖြင့် မင်းတုန်းမင်းကြီးနှင့်ကကွ စ်ရိသတ်အပေါင်းလည်း ပြုံးပြုံးရွှင်ရွှင် သာဓုအနုမောဒနာ ခေါ်ခဲ့ကြလေတော့သတည်း။

☺ ☺ ☺



## တေတေကလေးနိတ်လို့ တိတ်တိတ်ကလေးနေ

တစ်ခါက ဇန်းမော်ဆရာတော် သီတင်းသုံးရာ ဇန်းမော်ကျောင်းတိုက်သို့ လူရွယ်နှစ်ဦး ဝင်ရောက်လာကြသည်။ သူတို့သည် အကြောင်းရင်းခံတစ်ခုကို အခြေပြုလျက် သူမှန်သည်၊ ငါမှန်သည်ဖြင့် စကားအခြေအတင်ဖြစ်ပြီး ဘယ်သူမှန်၍၊ ဘယ်သူမှားသည်ကို ဝေခွဲ ဆုံးဖြတ်ပေးပါရန် ဇန်းမော်ဆရာတော်ထံ ရောက်ရှိလာခြင်းဖြစ်လေ၏။

"ဆရာတော်ဘုရား . . တပည့်တော်တို့ သူငယ်ချင်းနှစ်ယောက် ပြဿနာတစ်ခုနဲ့ ပတ်သက်ပြီး အငြင်းအခုံဖြစ်နေကြပါတယ်ဘုရား။ ဘယ်သူမှန်လို့ ဘယ်သူမှားတယ်ဆိုတာကို ဆရာတော့်အနေနဲ့ ကျမ်းဂန်အထောက်အကိုးပြုပြီး ဆုံးဖြတ်ပေးတော်မူပါဘုရား"

အငြင်းပွားသူနှစ်ယောက်အနက်မှ တစ်ယောက်က စတင်လျှောက်ထားတောင်းပန်လိုက်လေသည်။ ဆရာတော်ကို ၂ ဦးစလုံး၏ မျက်နှာကို စေ့စပ်သေချာစွာ ကြည့်လိုက်သည်။

"ကိုင်း . . ပြောကြစမ်းပါဦး။ ဘယ်လိုမျိုး ပြဿနာကို အရင်းခံလို့ အငြင်းအခုံ ဖြစ်ကြရတယ်ဆိုတာကို"

"သည်လိုပါဘုရား။ တပည့်တော်က မြင်းမိုရ်တောင်မှာ အခေါင်းပေါက်ရှိတယ်လို့ပြောတော့ သူက လက်သင့်မခံဘဲ မြင်းမိုရ်တောင်မှာ အခေါင်းမရှိ လိပ်ခုံးလိုလို သပိတ်ကြီးနဲ့ပဲ တူတဲ့အကြောင်း ငြင်းဆန်ပြောဆိုပါတယ်ဘုရား"

သည်စကားကြားရတော့ အလုပ်မရှိအလုပ်ရှာနေကြသော လူရွယ်နှစ်ဦးကိုကြည့်ကာ ဆရာတော်လည်း ပြုံးပြုံးရွှင်ရွှင်ဖြင့် မေးတော်မူလိုက်သည်။

"ဆိုစမ်းပါဦး . . မြင်းမိုရ်တောင်မှာ အခေါင်းပေါက်ရှိတယ်ဆိုရအောင် မင်းဘယ်လိုများ သိရသလဲ။ ကိုယ်တိုင်ရောက်ဖူးတာလည်း မဟုတ်ဘဲနဲ့"

"ကိုယ်တိုင်တော့ မရောက်ဖူးပါဘူးဘုရား။ ဒါပေမဲ့ ဖ်ဆားဆရာကြီးတစ်ဦးရေးသားပြုစုတဲ့ အာဒိကပ္ပ ကမ္ဘာဦးကျမ်းထဲမှာ ဖတ်လိုက်ရလို့ ပြောနိုင်တာပါ ဘုရား"

"တယ်လည်း ကျုပ်ါကွယ်။ ကိုယ်တိုင် မျက်မြင်ကိုယ်

တွေ့မဟုတ်ဘဲ ဆေးဆရာကြီးက ဆိုတာနဲ့ သိရတဲ့သဘော ပေါ့ ဟုတ်လား"

"တင်ပါ့ .. ဘုရား"

"ကိုင်း .. နောက်တစ်ယောက်ကကော ပြောပါဦး။ မြင်းမိုရ်တောင်ကြီးဆိုတာ လိပ်ခုံးလိုလိုနဲ့ သပိတ်ကြီးနဲ့ပဲ တူရ တယ်ဆိုတာကို"

"တင်ပါ့ဘုရား .. အဲဒါ တောထွက်ကိုရင်ကြီး ပြောမြလို့ သိရတာပါဘုရား"

"မင်းတို့ကတော့ အလုပ်မရှိ၊ ဟိုဒင်းသန်းရှာနေကြ ပြီး။ မင်းတို့ရဲ့ အဖြစ်ကလည်း 'မြွေးအဘိုးနှစ်ယောက် တိတ်တိတ်နေ'ဆိုတဲ့ ပုံပြင်ကလေးလို ဖြစ်နေကြပြီကော"

"အဲသည်ပုံပြင်ကို ပြောပြပါဘုရား"

"အေး .. ဒါဆို နားထောင်ကြ"

ဟုဆိုလျက် ဆရာတော်လည်း 'မြွေးအဘိုးနှစ် ယောက် တိတ်တိတ်နေ'ဆိုသည့် ပုံပြင်ကလေးကို ပြောပြပါ တော့သည်။

ရှေးအခါက ရွာတစ်ရွာတွင် မြွေးအဘိုးနှစ်ယောက် ရှိကြလေသည်။

တစ်ညသ၌ မြွေးဖြစ်သူသည် ဘိုးအေကြီးအား နင်း နှိပ်ပေးရင်း စကားပြောဆိုနေကြလေသည်။ ထိုအချိန်ဝယ်

ည၏ကောင်းကင်သည် တိမ်လွှာတိမ်ရိပ်များ ကင်းစင်နေပြီး ကြည်လင်လျက် ရှိကာ ကြယ်များ စုံလင်နေပေသည်။

ဤတွင် မြေးဖြစ်သူသည် ကောင်းကင်ကို မော့ကြည့်လျက်

"အဘိုး . . ကောင်းကင်မှာ ကြယ်တွေ အများကြီးပဲ နော်"

"အေးလကွယ် . . အများကြီးပဲပေါ့"

"အဲဒီအများကြီးထဲမှာ ဓူဝံကြယ် ဘယ်မှာရှိတယ်ဆိုတာ ပြစမ်းပါ"

အဘိုးအိုမှာ နက္ခတ်တာရာအကြောင်းကို သိရှိသူ မဟုတ်။ သို့ရာတွင် မြေးဖြစ်သူ ကျေနပ်စေရန်အလို့ငှာ ကောင်းကင်၏ တောင်ဘက်အရပ်ကို လက်ညှိုးညွှန်ပြပြီး

"ဟောဟို . . တောင်ဘက်အရပ်မှာ ပြောင်ပြောင်ပြောင်ပြောင်နဲ့ အရောင်တွေ ပြိုးပြိုးပြက်ပြက်လက်နေတာ။ ဓူဝံကြယ်ပေါ့ ငါ့မြေးရဲ့"

"ဟာ . . မဟုတ်သေးပါဘူး အဘိုးရယ်။ သား ကြားဖူးနားဝရှိတာကတော့ 'မြောက်မှာ ဓူဝံ၊ တောင်အစွန်မှာ တံငါကွန်'တဲ့။ အဘိုးသားကိုပြတာ ကြယ်တံငါများ ဖြစ်နေမလားမသိဘူး"

ဤတွင် အဘိုးအိုလည်း ပေါက်သည့်နဖူး မထူးတော့

ဟု မှတ်စွဲလျက် ခေါင်းတရမ်းရမ်းလုပ်ရင်း

"အောင်မာ . . ငါ့မြေးကလည်း ခူဝံကြယ်ဟာ အရင်ကတော့ မြောက်အရပ်နေတာပဲ။ အခု မကြာမသေးတင် ကာလကလေးကမှ တောင်ဘက်အရပ်ကို နေရာပြောင်းရွှေ့သွားတာကွယ့်။ အဲဒါကို အဘိုးကလွဲပြီး ဘယ်သူမှ သိကြသေးတာ မဟုတ်ဘူး။ ကိုယ်သိရင် ကိုယ့်ဝမ်းထဲပဲထား။ တခြားသူတွေ ကြားသွားမယ်။

သည်တော့ တေတေကလေးနိတ်ပြီး တိတ်တိတ်ကလေးနေပါ ငါ့မြေးရယ်။ ဟုတ်ပလား"

"ဟုတ် . . ဟုတ်ကဲ့ အဘိုး"

မြေးဖြစ်သူမှာလည်း အဘိုး၏ နှစ်သိမ့်စကားကြောင့် ယောင်တိယောင်ဝါးနှင့်ပင် ဦးခေါင်းညိတ်ရလေတော့၏။

"ပုံပြင်ကလေးကတော့ ဒါပါပဲကွာ။ မင်းတို့ ပြောဆိုငြင်းခုံနေကြတဲ့ မြင်းမိုရ်တောင်ဆိုတာ အခေါင်းပေါက်ရှိတယ်ပဲဖြစ်ဖြစ်၊ လိပ်ခုံးလိုလို သပိတ်ကြီးနဲ့တူတယ်ပဲဖြစ်ဖြစ် မင်းတို့သိရင် မင်းတို့ ဝမ်းထဲပဲထားကြ။ သူများတွေ ကြားသွားရင် မကောင်းဘူး။ ဟုတ်ပလား"

ဗန်းမော်ဆရာတော်က ထိုသို့ အနားသတ်စကားဆိုလေရာ ငြင်းခုံခဲ့ကြသော လူရွယ်နှစ်ဦးလည်း ပြုံးရွှင်ရယ်

မောကြရင်း အရာမဟုတ်သည်ကို အရာလုပ်မိကြသည့် မိမိတို့အဖြစ်သနစ်အား ရိပ်စားမိကြလေ၏။ ပြီးတော့မှ

"တင်ပါ့ဘုရား . . တပည့်တော်တို့ တေတေကလေး နိတ်ပြီး တိတ်တိတ်ကလေး နေလိုက်ကြပါမယ်ဘုရား"

ဟူ၍ လျှောက်ထားကြပြီး လာရာလမ်းသို့ ပြန်လှည့်သွားကြလေသတည်း။

☺ ☺ ☺

ပြောက်တိုင်းသည်း မပြောက်ပါ



## မြောက်တိုင်းလည်း မမြောက်ပါ

တစ်ခါက ဗန်းမော်ဆရာတော် သီတင်းသုံးရာကျောင်းတိုက်သို့ ဒကာတစ်ဦး ရောက်လာလေ၏။

ထိုဒကာမှာ တစ်ဖက်သားကို မြှောက်ပင့်ပြောဆိုသည့်နေရာဝယ် ရှာမှရှားသူဖြစ်လေ၏။ ယခုလည်း ဗန်းမော်ဆရာတော်ကို ဖူးတွေ့ရသည်နှင့် မြှောက်ပင့်ပြောဆို လျှောက်ထားပါလေတော့သည်။

"ဆရာတော်ဘုရား . . ဆရာတော်ဘုရားဟာ တပည့်တော် တွေ့ကြုံဆုံဖူး၊ ဦးခိုက်ဖူးတဲ့ အရှင်သူမြတ်တွေထဲမှာ တကယ့်ကို တရားဟောကောင်းတဲ့ ပုဂ္ဂိုလ်ကြီးပါပဲဘုရား။

ဟောကြားတဲ့နေရာမှာလည်း ရှင်းခန် လင်းခန် ရှိတဲ့အပြင် ပုံတွေပတ်စတွေပါ သက်ဆိုင်ရာမှာ ညှပ်ညှပ်ပြီး ဟောကြားတဲ့အတွက် စိတ်ဝင်စားစရာ ကောင်းလှပါတယ်ဘုရား။ နားဝင် မှတ်သားမိကြပါတယ်ဘုရား။ တရားဟော ကောင်းလွန်းလွန်းလို့ ဆရာတော် တရားဟောတော်မူပြီဆိုရင် နားရွက်တောင်မှ မခတ်ဝံ့လောက်အောင် ဖြစ်ရပါတယ်ဘုရား"

သည်သို့ လျှောက်ထားလာလေတော့ ဇန်းမော်ဆရာတော်အဖို့ သည်ဒကာ ၎င်းအား အသားလွတ် မြှောက်ပင့်နေမှန်း သဘောပေါက်လိုက်သည်။

"အင်း . . ဒကာပြောတာလည်း ပြောတာပဲပေါ့။ ငါကတော့ များများလှူရင် ကုသိုလ်တွေ အများကြီး ကျိန်းသေရတယ်ဆိုတဲ့ ပုံပြင်တစ်ပုဒ်ထဲက မဟုတ်တာတော့ အမှန်ပဲ ဒကာ"

သည်လို စကားခံလိုက်တော့ မြှောက်ပင့်သူ ဒကာလည်း စိတ်ဝင်စားသွားပြီး

"အဲသည် ပုံပြင်ကလေးကို ကြားနာပါရစေဘုရား"

ဟု လျှောက်ထား တောင်းပန်လိုက်လေသည်။ ဤတွင် ဇန်းမော်ဆရာတော်လည်း စကားခံထားသည့်အတိုင်း ပုံပြင်တစ်ပုဒ်ကို ကောက်နှုတ်ဟောကြားရလေတော့သည်။

ရှေးအခါက ကျေးရွာတစ်ရွာ၌ အသက်ကြီးမှ

သက်နုံးဝတ်သော တောထွက်ဦးပဥ္စင်းကြီးတစ်ပါး ရှိလေသည်။ ထိုဦးပဥ္စင်းကြီးသည် အသက်ကြီးပါမှ တောထွက်ပဥ္စင်းကြီး ဖြစ်လာလေသောကြောင့် ၎င်းအပေါ် ရပ်ရွာမှ အရိုအသေတန်မည့်အရေးကို တွေးကာ အနေအထိုင် အပြောအဆိုကို ဆင်ခြင်လျက် သီတင်းသုံးရလေသည်။

တစ်နေ့သ၌ အဆိုပါ တောထွက်ကြီး၏ ကျောင်းသို့ ဦးဖြူဆိုသည့် ဒကာတစ်ဦး ရောက်ရှိလာကာ ငါးရံ့ခြောက်တစ်ပိသာတွဲနှင့် ဆန်တစ်အိတ်အား လာရောက်လှူဒါန်းခဲ့လေသည်။ ထိုအခါ တောထွက်ကြီးလည်း အလှူရှင်ဦးဖြူ ကျေနပ်ဝမ်းမြောက် ပီတိပေါက်ရလေအောင် ဆုပေးရလေတော့၏။

"သည်လိုမျိုး သဒ္ဓါတရားပေါက်ပြီး ငါးရံ့ခြောက်တစ်ပိသာနဲ့ ဆန်အိတ်တစ်အိတ် လာရောက်လှူဒါန်းရတဲ့အကျိုးအားကြောင့် ဘုရားရှင်လက်ထက်တော်က သူဌေးကြီးလေးဦးကဲ့သို့ ပေး၍မကုန်လှူ၍မခန်း ပဒုမ္မာရွှေကြာပန်းကဲ့သို့ ရှင်လန်းပြီး၊ ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်းမှာ လူ့စည်းစိမ်၊ နတ်စည်းစိမ်တို့ကို အကြိမ်ကြိမ် ခံစား၊ စံစားရလို့ နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနဲ့ ရောက်ရှိနိုင်ပါစေသတည်း"

သည်လို ဆုတောင်းလေတော့ အလှူရှင်ဦးဖြူလည်း ဝမ်းမြောက်ဝမ်းသာစွာ သာဓုခေါ်လျက် ဘုန်းကြီးကျောင်းမှ ပြန်သွားလေတော့သည်။ —

ထိုသို့ တောထွက်ကြီးမှ ဦးဖြူအား ဆုပေးခဲ့သည်ကို တွေ့မြင်သိလိုက်ရသည့် ကျောင်းသားလည်း သဘောအကျကြီးကျသွားလျက် ဆုပေးစကားကို မှတ်သားကာ ကျောင်းမှ အိမ်သို့ ပြန်ရောက်လေသော် ဖခင်ဖြစ်သူအား လုံးစေ့ပတ်စေ့ ပြန်လည် ပြောပြခဲ့လေသည်။

"ကျောင်းက ဦးပဥ္ဇင်းကြီးကတော့ ဆုတွေ၊ ဘာတွေ ပေးလိုက်တာ။ တကယ့်ကို ဟုတ်နေတာပဲ အဖေရာ။ ဦးဖြူကို လေ ဘုရားရှင့်လက်ထက်တော်က သူဌေးကြီး လေးဦးကဲ့သို့ ပေး၍မကုန်၊ လှူ၍မခန်း၊ ပဒုမ္မာရွှေကြာပန်းကဲ့သို့ ရွှင်လန်း ပြီး ဖြစ်လေရာ ဘဝတိုင်း၊ ဘဝတိုင်းမှာ လူစည်းစိမ်၊ နတ်စည်းစိမ်တို့ကို အကြိမ်ကြိမ် ခံစား၊ စံစားရလို့ နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနဲ့ ရောက်ရှိနိုင်ပါစေသတည်း'ရယ်လို့ ဆုတွေ အများကြီး ပေးလိုက်တယ်လေ"

သည်သို့ သားဖြစ်သူ ကျောင်းသားက စီကာပတ်ကုံး ပြောပြလေတော့ ဖခင်ဖြစ်သူမှာ လွန်စွာမှ စိတ်ဝင်စားသွားခဲ့ လေသည်။

"ဟုတ်လား . . ငါ့သား။ ဒါထက် နေစမ်းပါဦးကွ။ မင်းပြောတဲ့ ဦးဖြူက ဦးပဥ္ဇင်းကို ဘာတွေများ လှူလိုက်လို့လဲ"

"အင်း. . သားတွေ့တာကတော့ ငါးရံ့ခြောက် တစ်တွဲနဲ့ ဆန်တစ်အိတ်ပဲ အဖေ"

"ညြော်"

သား၏စကားကို ဖခင်မှာ အကြီးအကျယ် စိတ်ဝင်စားသွားခဲ့လေသည်။ ထို့ကြောင့်လည်း စဉ်းစားနေမိတော့သည်။ နောက်တော့ စိတ်ပါလက်ပါ ဖြစ်လာသည်။

"အေး . . ဒါဆို အဖေလည်း နောက်နေ့ကျရင် သားနဲ့လိုက်ပြီး ဦးပဥ္စင်းကြီးကို လှူမယ်ကွာ"

"အေး . . ကောင်းတယ်အဖေ . . ကောင်းတယ်။ ဒါဆို အဖေလည်း ဆုတွေရမှာ ကျိန်းသေပဲ"

ထိုစကားအတိုင်းပင် နောက်တစ်နေ့ရောက်သော အခါ ဆန်နှစ်အိတ်၊ ငါးရံ့ခြောက်(၂)ပိသာတွဲကို လှည်းပေါ်တင်လျက် ကျောင်းရှိရာသို့ မောင်းထွက်ခဲ့လေသည်။ ကျောင်းရောက်သော် တောထွက်ပဥ္စင်းကြီးကို ရှိခိုးဝတ်ပြုလျက် ယူဆောင်လာသော ဆန်နှစ်အိတ်နှင့် ငါးခြောက်(၂)ပိသာတွဲကို လှူဒါန်းလိုက်လေသည်။ သည့်အတွက် တောထွက်ကြီးလည်း ဆုပေးရလေသည်။ သူ့အဖို့ စာပေအခံ၊ စာကျက်အခံမရှိသည်မို့ နှုတ်တိုက်ထားရသည့် ဆုကိုသာ အလွယ်တကူ ပေးလိုက်လေတော့သည်။

"သည်လိုမျိုး သဒ္ဓါတရားပေါက်ပြီး ဆန်အိတ်နှစ်အိတ်နဲ့ ငါးရံ့ခြောက်(၁၀)ပိသာတွဲကို လာရောက်လှူဒါန်းရသော အကျိုးကြောင့် ဘုရားရှင်လက်ထက်တော်က သူဌေး

ကြီးလေးဦးကဲ့သို့ ပေး၍မကုန် လှူ၍မခန်း ပဒုမ္မာရွှေကြာ ပန်းကဲ့သို့ ရှင်လန်းပြီး ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်းမှာ လူ့စည်းစိမ်၊ နတ်စည်းစိမ်တို့ကို အကြိမ်ကြိမ် ခံစား၊ စံစားရ လို့ နိဗ္ဗာန်မင်္ဂဖိုလ်ကို ရက်တိုတိုနဲ့ ရောက်ရှိနိုင်ပါစေသတည်း"

ထိုသို့ ဆုပေးပြီးလေသော်လည်း ကျောင်းသားဖခင် အလှူရှင်ကြီးက သာဓုမခေါ်ဘဲ ခွန်းတုံ့ လျှောက်တင်ပါတော့ သည်။

"ဘယ်လိုဖြစ်ရတာလဲ ဦးပဥ္စင်းကြီးရယ်။ ဦးပဥ္စင်း ကြီးပေးတဲ့ ဆုက ဦးဖြူကိုပေးတဲ့ဆုနဲ့ လုံးဝဥဿုံ ထပ်တူထပ်မျှ ဖြစ်နေလို့ပါပဲလား။ တကယ်ဆို ဒါမဖြစ်သင့်ဘူး။ တပည့်တော် လှူထားတာက ဦးဖြူထက် တစ်ဆပိုများတယ်လေ"

"အယ် . . ဟုတ်ပေသားပဲ"

ကျောင်းသားဖခင်ဖြစ်သူ၏ စကားကြောင့် တော ထွက်ကြီးမှာ ယောင်အအဖြစ်သွားရလေသည်။ ပြီးတော့မှ စဉ်းစားအကြံထုတ်လိုက်ရသည်။

"အင်း . . အမှန်မတော့ ဦးဖြူက လှူမယ့်သာလှူ တာ။ ဒကာကြီးလောက် ပစ္စည်းအရေအတွက် မများဘူးဆို တော့ နိဗ္ဗာန်မင်္ဂဖိုလ်ကို သေချာပေါက်ရမှာ မဟုတ်ပါဘူးဗျာ။ ဒကာကြီးကသာ များများလှူလေတော့ ခုနက ပေးလိုက်တဲ့ ဆုတွေကို ဒကာကြီးပဲ ကျိန်းသေရမှာဗျ။ ဟုတ်ပလား"

"ဟုတ်တာပ . . ဦးပဥ္စင်းကြီးရယ်။ သာဓု . . သာဓု . . သာဓုပါဘုရား"

တောထွက်ကြီး၏ တက္ခဏုပ္ပတ္တိ ဉာဏ်စွမ်းရည်ကြောင့် ကျောင်းသားဖခင် ဒကာမှာလည်း ဘဝင်ကျ၍ ရွှင်လန်းကြည်နူးစွာ ပြန်သွားလေတော့သည်။

"ပုံပြင်လေးကတော့ ဒါပါပဲ ဒကာ။ ဒကာ့အနေနဲ့ ငါဟာ ကျောင်းသားဖခင်ဒကာကြီးလို များများလှူပါမှ တကယ်ရတယ်ဆိုတဲ့ အစားထဲက မဟုတ်ဘူးဆိုတာ မှတ်ထားလိုက်ပါဗျား"

သည်လိုမျိုး ဇန်းမော်ဆရာတော်က စကားအနား သတ်လိုက်လေသောအခါ မြောက်ပင့်တတ်သောဒကာလည်း ဇောဘဝင်ခွေ့သွားပြီး စိတ်လက်ကြည်သာ ပြုံးပန်းဖြာလျက် ကျောင်းဝင်းအတွင်းမှ ပြန်ထွက်သွားလေတော့သတည်း။

☺ ☺ ☺



## စကားသုံးခွန်း ဥပမာ

တစ်နေ့သ၌ ရတနာပုံမြို့တည်နန်းတည် ရေမြေရှင် မင်းတုန်းမင်းတရားကြီးသည် ဗန်းမော်ဆရာတော်အား နန်းတော်တွင်းသို့ ပင့်ဖိတ်ကာ ဆွမ်းကပ်လေသည်။

ဆွမ်းကိစ္စပြီးလေသောအခါ မင်းတုန်းမင်းကြီးက ဆရာတော်အား လျှောက်ထားလိုက်လေသည်။

"အရှင်ဘုရား . . တပည့်တော်ဟာ မောင်းမမိဿံ ခြွေရံသင်းပင်းတွေနဲ့ ထီးနန်းစည်းစိမ်ကို ခံစားနေရပေမဲ့ စိတ်ထဲမှာတော့ လုံးဝကျေနပ်သာယာမှု မရှိပါဘူးဘုရား။

အရွယ်ဆိုတာကလည်း တဖြည်းဖြည်းရင့်လာပြီး ဇရာပိုင်းကို တစ်စ၊ တစ်စ ချဉ်းကပ်လို့လာပါပြီ။ သည့်အတွက် လောကီနယ်ပယ်ကထွက်ပြီး လောကုတ္တရာနယ်ပယ်ထဲ အရောက်လှမ်းနိုင်မယ့် တရားထူးကလေးများရှိရင် ရှာကြံထုတ်နှုတ်ပြီး ဟောကြားပေးတော်မူပါဘုရား"

သည်သို့ လျှောက်ထားလိုက်လေသော် ဇန်းမော်ဆရာတော်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း

"အင်း. . ဒကာတော် ရေမြေ့ရှင်အဖို့ လောကီစိတ်ကုန်ပြီး လောကုတ္တရာနယ်ပယ်ထဲ လှမ်းချင်တယ်၊ လှမ်းချင်တယ်နဲ့ မကြာခဏ တင်လျှောက်ခဲ့ပေါင်းများပြီ။ ဘုန်းကြီးလည်း ဟောရတာ ထပ်ထပ်နေပြီ။ ကိုင်း . . သည်တစ်ခါတော့ 'စကားသုံးခွန်းဥပမာ'ပုံပြင်ကလေးကို ဟောရတော့မှာပေါ့"

ဟု မိန့်ကာ အောက်ပါပုံပြင်ကလေးကို ပြောပြပါတော့၏။

ရှေးသရောအခါက တောရွာတစ်ရွာတွင် မိသားစုတစ်စုရှိ၏။ အိမ်ထောင်ဦးစီးမှာ သားကျွေးမှု၊ မယားကျွေးမှု စားဝတ်နေရေး ကိစ္စအဝဝကိုသာ လုံးပမ်းနေရသဖြင့် မည်သည့်အတတ်ပညာမှ မရှိပါချေ။ မယားဖြစ်သူမှာလည်း ထို့အတူပင်။ ထို့ပြင် ၎င်းတို့၌ ကလေးတစ်ယောက်လည်း

ရှိသေး၏။ တစ်နေ့သော် မယားဖြစ်သူက

"သည်မှာ ကိုအတုံ . . ဟောဒီ ကျုပ်တို့သားကလေး ဟာ မကြာခင် ပညာသင်ရမယ့်အရွယ် ရောက်တော့မယ်။ ပြီးတော့ ရှင်လည်း မြူရဦးမယ်။ ဒါတွေအတွက် စီးပွားဉစ္စာ မပြည့်စုံရင် မဖြစ်ဘူး။ ခု ကျုပ်တို့မှာ ပစ္စည်းဉစ္စာရယ်လို့ ကုန်းကောက်စရာတောင် မရှိဘူး။ တော် . . သည်တော့ အပြင်ထွက်ပြီး စီးပွားဉစ္စာရှာချေမါ။ သည် အတိုင်းနေလို့က တော့ ဒုံရင်းက ဒုံရင်းပဲ ဖြစ်မှာပဲ"

"အေးပါကွာ . . အေးပါ . . အေးပါ"

လင်သားဖြစ်သူလည်း မယား၏စကားက မှန်နေ သမျှ အထွန့်တက်ခြင်းငှာ မတတ်သာချေ။ သည်အတွက် ရှိစုမဲ့စု ငွေကလေးများကို ရေတွက်ကြည့်လိုက်ရာ အသပြာ ကျပ်သုံးရာရရှိလေသည်။

"အင်း . . ရှိစုမဲ့စု သည်ငွေသုံးရာနဲ့ တစ်ရပ်တစ်ပါး သွားပြီး အတတ်ပညာသင်ကြားလို့ ကြီးပွားမယ့်လမ်းစကို ရှာ ရတော့မှာပဲ။ ကိုင်း . . သွားပြီ မိန်းမရေ . . သွားပြီ"

"ကြွ . . ကြွ . . ကြွပါတော်"

သို့ဖြင့် အိမ်ထောင်ဦးစီးဖြစ်သော မောင်သာဂေါင် သည် ချစ်မယားအား မခွဲချင်ခွဲချင်ဖြင့် ခွဲခွာလာခဲ့ရလေသည်။

တစ်ရွာပြီး တစ်ရွာ။

တစ်မြို့ပြီး တစ်မြို့။

ရောက်ရာပေါက်ရာ ရွာများ၊ မြို့များ၌ တစ်ဝမ်းတစ်ခါးအတွက် ကျရာအလုပ်ကို လုပ်ကိုင်ဖြေရှင်းကာ အိမ်မှပါလာသော ငွေသုံးရာကိုမူ ကျစ်ကျစ်ပါအောင် သိုဝှက်သိမ်းဆည်းထားလေသည်။

"အင်း . . သည်လိုနေလို့ကတော့ ပညာမရ၊ ဥစ္စာမရဘဲ နှစ်တွေသာ ညောင်းမှာသေချာတယ်။ မဖြစ်သေးပါဘူး။ တစ်ခုခုတော့ စဉ်းစားဆုံးဖြတ်ဦးမှပါ"

မောင်သာဂေါင်သည် တစ်ကိုယ်တည်း သေချာစွာ စဉ်းစားလေတော့၏။

"ဟုတ်ပြီ . . ပညာရဖို့ကိစ္စဆိုတာ ပညာရှိဆီသွားရမှာပေါ့။ သည်တော့ ခုပဲ ဒိသာပါမောက္ခဆရာကြီးဆီ သွားမယ်။ အတတ်ပညာတွေ သင်ကြားပေးဖို့ တောင်းပန်ရမယ်"

ခိုင်မာပြတ်သားသော ဆုံးဖြတ်ချက်နှင့်အတူ မောင်သာဂေါင်သည် တက္ကသိုလ်ပြည်ရှိ ဒိသာပါမောက္ခဆရာကြီးထံ ရောက်ရှိသွားလေတော့သည်။ ရောက်လေသော် မောင်သာဂေါင်က ၎င်း၏လိုလားချက်ကို တင်ပြပြောကြားလေ၏။ ဆရာကြီးသည် မောင်သာဂေါင်၏ နဖူးရည်၊ ဒူးရည်နှင့် ကြွန်အင်လက္ခဏာတို့ကို စေ့စပ်သေချာစွာ ကြည့်လေ၏။

"အင်း . . အသက်ကတော့ ပညာသင်ကြားရမယ့် ပထမအရွယ်တောင် လွန်လာခဲ့ပြီပဲ။ တကယ့်တကယ်က ဥစ္စာရှာရမယ့် ဒုတိယအရွယ်။ အင်း . . အတတ်ပညာမဲ့တော့လည်း ဘယ်လိုလုပ် စီးပွားက ဖြစ်မလဲလေ။ ဘာပဲဖြစ်ဖြစ် ပညာလိုလားလို့ ရောက်လာမှတော့ ဥပေက္ခာပြုလိုက်လို့ မကောင်းပေဘူး။ ပညာသင်ပေးရင်လည်း တခြား သူတွေလို အခြေခံကစပြီး သင်လို့မဖြစ်ဘူး။ အမြန်ဆုံးနည်းနဲ့ အချိန်တိုစနစ်ကို သုံးမှဖြစ်မယ်"

ထိုသို့ တွေးတောပြီးနောက်

"ကိုင်း . . မောင်သာဂေါင်၊ မင်း ပညာလာသင်တာကတော့ ဟုတ်ပါပြီ။ ငါ့ရဲ့ပညာကို ပူဇော်ဖို့ရာ ငွေကြေးဘယ်လောက်ပါခဲ့သလဲ"

"ဟုတ်ကဲ့ဆရာကြီး . . ကျွန်တော့်မှာ ရှိစုမဲ့စု အိမ်ကယူလာတဲ့ ငွေအသပြာသုံးရာတော့ ပါပါတယ်"

"ကောင်းပြီ . . မင်းကို အသပြာသုံးရာနဲ့ ညီမျှတဲ့ စကားသုံးခွန်း သင်ပေးလိုက်မယ်။ တစ်ခွန်းကို တစ်ရာကျတာပေါ့။ ကိုင်း . . ဘယ့်နှယ်သဘောရသလဲ"

စကားတစ်ခွန်းလျှင် အသပြာတစ်ရာပေးရမည်ဆိုတော့ မောင်သာဂေါင်အဖို့ တွန့်သွားရသည်က အမှန်။ သို့သော်ငြား သူ၏ မူလရည်ရွယ်ချက်ကို မပျက်ပြားလိုသည်မို့

နောက်ဆုံး၌ စကားသုံးခွန်းအတွက် အသပြာသုံးရာ ပေးပါမည့်အကြောင်း သဘောတူညီလိုက်လေသည်။

"ကိုင်း . . ဒါဆို ပထမဆုံး စကားတစ်ခွန်း သင်ပေးလိုက်မယ်။ သေသေချာချာမှတ်သွား။ အဲဒါကတော့

(၁)ကုလားသေကုလားမေ့ာမအိပ်ရာ၊ ပေးကွယ့်ငွေတစ်ရာ"

"ဟုတ်ကဲ့ ဆရာကြီး ကုလားသေကုလားမေ့ာမအိပ်ရာ၊ ကုလားသေကုလားမေ့ာ မအိပ်ရာ မှတ်မိပြီ၊ မှတ်မိပြီ။ ကိုင်း . . သည်မှာ အသပြာတစ်ရာ၊ ဆရာကြီးကို ပူဇော်ပါတယ်"

"ဒါဆို နောက်တစ်ခွန်းကို ထပ်မှတ်သွား။ (၂)ရေချိုးဆိပ်မှာ မချိုးရာ ပေးကွယ့်ငွေတစ်ရာ"

"ဟုတ် . . ဟုတ်ကဲ့ ဆရာကြီး"

မောင်သာဂေါင်လည်း ဒုတိယမြောက် စကားဖြစ်သော ရေချိုးဆိပ်မှာ မချိုးရာ၊ ရေချိုးဆိပ်မှာ မချိုးရာကို မှတ်မိအောင်ရွတ်ရင်း အသပြာတစ်ရာကို ထပ်မံပူဇော်လိုက်လေ၏။

"ကဲ . . နောက်ဆုံး စကားတစ်ခွန်းကတော့ မစူးစမ်း မဆင်ခြင်မပြုရာ ပေးကွယ့်ငွေတစ်ရာ"

"ဟုတ်ကဲ့ . . ဆရာကြီး"

မောင်သာဂေါင်လည်း တတိယမြောက် စကားဖြစ်သော 'မစူး စမ်းမဆင်ခြင် မပြုရာ၊ မစူးစမ်းမဆင်ခြင် မပြုရာ'ဟု အဖန်တလဲလဲရွတ်ရင်း လက်ကျန်အသပြာတစ်ရာကို ပေးလိုက်လေတော့၏။ ထို့နောက် ဆရာကြီးအား ပြန်ခွင့်ပြုရန်နှုတ်ဆက်ရင်း ရှိသေစွာကန်တော့လေသည်။

"အိမ်း . . အိမ်း၊ ပြန်ပေဦးတော့ကွယ်၊ ပြန်ပေဦးတော့။ ဆရာကြီး အခုသင်ပေးလိုက်တဲ့ စကားသုံးခွန်းကို မေ့မေ့ပျောက်ပျောက် မဖြစ်ရလေအောင် သတိနဲ့ မှတ်သားသွားပါ။ စကားထဲမှာပါတဲ့အတိုင်း လက်တွေ့ကျင့်ကြံပါ။ ငါ့တပည့် ဘဝအခြေအနေ ပြောင်းလဲသွားပါလိမ့်မယ်"

"ဟုတ်ကဲ့ . . ဆရာကြီး"

မောင်သာဂေါင်လည်း ဆရာကြီးအား ကန်တော့ပြီးသည့်နောက် တက္ကသိုလ်ပြည်မှ ပြန်လာခဲ့လေသည်။ လမ်းခွတ်လပ်သို့ ရောက်လေသော် နေက ဝင်လုဆဲဆဲ . . ။

ရွာထဲရောက်ဖို့ အတန်ငယ်လိုသေးရကား မလှမ်းမကမ်းရှိ ဇရပ်အိုတစ်လုံးရှိရာသို့သွား၍ ဖုံတက်နေသော ကြမ်းပြင်ကို လှည်းကျင်းခါရမ်းကာ အိပ်စက်အနားယူရန် ကြံစည်လေသည်။ သည့်အတွက် ကြမ်းပြင်ပေါ် ကျောခင်းကာ အဝတ်ထုပ်ကို ခေါင်းခုလိုက်သည်။

တစ်နေကုန် ခြေသလုံးတောင့်အောင် လျှောက်လှမ်း

လာခဲ့ရသဖြင့် ခုလိုမျိုး သက်တောင့်သက်သာ နေရချိန်မျိုး ဝယ် တစ်ဝကြီး အိပ်ပစ်လိုက်ရန် စိတ်ကူးစဉ်ခဏ ဆရာကြီး သင်ကြားပေးလိုက်သော စကားသုံးခွန်းအနက်မှ ပထမဦးဆုံး စကားကို သွား၍သတိရလေသည်။

"ကုလားသေကုလားမော မအိပ်ရာ၊ ကုလားသေ ကုလားမော မအိပ်ရာ"

သည်စကားကြောင့် မောင်သာဂေါင်လည်း လုံးဝ အိပ်ပျော်သွားရန် မကြိုးစားတော့ဘဲ သက်သာရုံမျှသာ မှိန်း နေလေတော့၏။

သန်းခေါင်ကျော်လေသော် ဘီလူးမတစ်ကောင် သည် လူသားကို စားသောက်ရန် ဇရပ်ပေါ်သို့ ဟက်လာခဲ့ လေသည်။ ခါတိုင်းလည်း ဇရပ်ပေါ် လာအိပ်နေသူဆိုပါက စားပစ်တတ်စမြဲ ဖြစ်လေ၏။ ယခုလည်း စားရက် ကြံပြီဖြစ်၍ မောင်သာဂေါင်အား စားမည်အပြု သတိနှင့်နေသော မောင်သာဂေါင်သည် အသာကလေး လှိမ့်ရှောင်ကာ ချက် ချင်း ထရပ်လိုက်ပြီး ဘီလူးမ၏လက်ကို နောက်ပြန်သိမ်းလျက် ကျောပြင်အား ထုထောင်းလေတော့၏။ ဘီလူးမအဖို့ အပွဲပွဲနှဲ့ လာသမျှ ဘာမျှမဖြစ်ဘဲ ယခုပွဲကျကာမှ မမျှော်လင့်ဘဲ အထောင်းခံရလေသည်မို့ မခံမရပ်နိုင်အောင် နာကျင်ပြီး အော်ဟစ်တောင်းပန်လေတော့သည်။

"အသက်ကို ချမ်းသာပေးပါ၊ အသက်ကို ချမ်းသာပေးပါ"

"အောင်မာ . . သူများအသက်တော့ စားဖို့ကြိုးစားတယ်။ ကိုယ့်အသက်ကျတော့ ချမ်းသာပေးပါတဲ့လား။ ဟွန်း . . မရဘူး။ အသေကို ထုထောင်းပစ်မယ်"

"တောင်းပန်ပါတယ် . . တောင်းပန်ပါတယ်။ ရွှေသုံးပိသာ ပေးပါ့မယ်"

"ဒါဆို . . ခုပေး။ ဒါမှ လွှတ်မယ်"

ဘီလူးမလည်း စကားအတိုင်း မောင်သာဂေါင်အား ရွှေသုံးပိသာပေးပြီးနောက် လွတ်ရာကျွတ်ရာသို့ ထွက်ပြေးသွားလေတော့၏။ မောင်သာဂေါင်လည်း တစ်ခါဖူးမျှ အိပ်မက်ပင် မမက်ဖူးသည့် ရွှေသုံးပိသာကို ရရှိပြီမို့ ဝမ်းသာပီတိဇောမြင့် မိုးစင်စင်လင်းသည်အထိ မအိပ်စက်ဘော့ပါချေ။ ဆရာကြီးကိုလည်း လွန်စွာမှ ကျေးဇူးတင်မဆုံးဖြစ်ကာ ဆရာကြီးရှိမည့်အရပ်အား လက်အုပ်ချီမိုး ရှိခိုးကန်တော့လိုက်မိသေးတော့၏။

နောက်တစ်နေ့ရောက်လေသော် ရွှေသုံးပိသာကို လုံခြုံစိတ်ချစွာ ထုပ်ပိုးလျက် ခရီးဆက်လာခဲ့လေသည်။ လမ်းခွတ်လပ် မြစ်ကမ်းပါးအနီး ရေချိုးဆိပ်သို့ ရောက်လေသော် လူတွေ ပျော်ပျော်ပါးပါးနှင့် ရေချိုးနေသည်ကို တွေ့ရလေရာ

မောင်သာဂေါင်သည်ပင် ပင်ပန်းနွမ်းနယ်သမျှ လန်းဆန်းသွားရလေအောင် ရေချိုးလိုစိတ်များ တဖွားဖွား ပေါ်ပေါက်လာလေ၏။ သို့ရာတွင် ဆရာ၏ ဒုတိယစကားတစ်ခွန်းက နားယံအတွင်းသို့ ဝင်လာခဲ့သည်။

"ရေချိုးဆိပ်မှာ မချိုးရာ၊ ရေချိုးဆိပ်မှာ မချိုးရာ"

ဆရာ့စကားကို မပယ်ရှားခြင်းအားဖြင့် ကောင်းမွန်သော ရလဒ်တစ်ခုခု ရရှိနိုင်လိမ့်မည်ဟု သဘောပေါက်ကာ မောင်သာဂေါင်လည်း လူအများ ပျော်ရွှင်စွာ ရေချိုးနေကြသည့် ရေချိုးဆိပ်ကို ရှောင်လွှဲလျက် လူသူကင်းရှင်းသည့် မြစ်အထက်ဘက် ကမ်းပါးတစ်နေရာသို့သွားပြီး ရေချိုးလေသည်။ ရေချိုးအပြီး အိမ်သို့ အမြန်ရောက်ချင်ဇောဖြင့် အဝတ်ကိုလဲလှယ်ဝတ်ဆင်ကာ ခပ်သုတ်သုတ် ခရီးဆက်ခဲ့လေသည်။ ခရီးအတော်အတန် ရောက်ပြီးမှ ရွှေသုံးပိသာကို သတိရပြီး ကြည့်လိုက်ရာ ၎င်းထဲတွင် ပါမလာတော့။ ထို့ကြောင့် စိုးရိမ်ထိတ်လန့်သွားပြီး လာရာလမ်းအတိုင်း သူရေချိုးခဲ့သောနေရာသို့ ပြန်သွားကြည့်ရာ ရွှေသုံးပိသာထုပ်သည် နေရာမယွင်းဘဲ ရှိနေလေသည်။

"ဟူး . . တော်ပါသေးရဲ့ဗျာ။ ငါ့ဆရာကြီး သင်ပေးလိုက်တဲ့ပညာက အင်မတန်မှ ထိရောက်လှပါကလား။ ကျေးဇူးပါပဲ ဆရာကြီးရယ်။ ဆရာကြီးကို ကန်တော့ပါတယ်"

မောင်သာဂေါင်သည် စိတ်မှန်းဖြင့် ဆရာကြီးအား ဦးခိုက်ပူဇော်လိုက်သည်။ သူသည် ဆရာကြီးသင်ပေးလိုက်သော စကားများကို နှုတ်လုံးသွင်း၍ အိမ်သို့အပြန်ရောက်ရန် ခရီးဆက်ခဲ့လေသည်။ သို့ဖြင့် ရွာအတွင်းသို့ ဝင်ရောက်ပြီး သကာလ အိမ်ခြံဝင်းသို့ပင် ရောက်ရှိလာပေပြီ။

အချိန်က . . ည။

မောင်သာဂေါင်သည် မယားဖြစ်သူအား ရွှေထုပ်ကြီးကိုပြလျက် အားရအောင် ချစ်တေးကြူလိုက်မည်ဟု အိမ်ပေါ်သို့ လှမ်းတက်လိုက်လေရာ မထင်မှတ်သော မြင်ကွင်းတစ်ခုကို မြင်တွေ့လိုက်ရ၍ ထိတ်ခနဲဖြစ်သွား၏။ တုန်လှုပ်သွား၏။ ဒေါသခိုးတွေ ရိုက်ခတ်လာ၏။ မြင်ကွင်းကား မယားဖြစ်သူ၏ နံဘေးတွင် လူရွယ်ကလေးတစ်ယောက် အိပ်စက်နေခြင်းပေတည်း။

"တောက် . . ဒါ ငါမဲ့ရှိတုန်း ဖောက်ပြန်နေကြတာပဲ။ ဟိုအကောင်ကလည်း ငါမရှိတဲ့အချိန်မှာ အခွင့်ကောင်းယူပြီး ကြာကူလီရိုက်နေတာ။ သိကြရောပေါ့ကွာ။ ဖောက်ပြန်တဲ့ဟာတွေ။ တစ်ယောက်မှ အရှင်မထားဘူး။ တစ်ခါတည်းကို အသေရိုက်သတ်ပစ်မယ်"

ပြောပြောဆိုဆိုနှင့် ခြံဝင်းအတွင်းမှ ဝါးဆစ်ပိုင်းကြီးကိုဆွဲကာ အိမ်ပေါ်သို့တက်လာခိုက် သူ၏ခေါင်းထဲသို့ ဆရာ

ကြီး၏ နောက်ဆုံးစကားသံဟာ ပဲ့တင်ရိုက်ခတ်လာလေသည်။

"မစူးစမ်းမဆင်ခြင် မပြုရာ၊ မစူးစမ်းမဆင်ခြင် မပြုရာ"

သည်စကားကို သူ လေးလေးနက်နက် စဉ်းစားလိုက်မိသည်။

သူတို့ လင်မယားတွင် သားကလေးတစ်ယောက်ရှိသည်။ သူ သည်က ထွက်သွားစဉ်က အသက်(၁၃)နှစ်ကျော်။ ယခု သူ သည်ရွာကလေးက ခွဲခွာခဲ့သည်မှာ သုံးနှစ်သုံးမိုးမက။ သည်တော့ သည်လူရွယ်သည် လူပျိုပေါက် သူ့သားမှ သူ့သား။

"ကြည့်စမ်း . . အမှားကြီး မှားတော့မလို့။ မယားနဲ့ သားကို အထင်မှားပြီး ဒေါသအလျောက် စိတ်ကို လွှတ်ပေးလိုက်ရင် သူတို့လည်း အသက်ဆုံး၊ ငါလည်း ဘဝပျက်ရတော့မယ်။ ဪ . . ဆရာကြီးရဲ့ စကားသုံးခွန်းဟာ ငါ့ဘဝ၊ ငါ့မိသားစုဘဝကို ကောင်းမွန်အောင် ပြောင်းလဲပေးပါရောလား"

သည့်နောက်မှာတော့ သူတို့မိသားစုသုံးယောက်မှာ ပူပင်ကြောင့်ကြစရာ မလိုဘဲ စည်းစိမ်ဥစ္စာကြွယ်ဝစွာဖြင့် ပျော်ရွှင်စွာ နေသွားကြလေတော့၏။

ပုံပြင်ကလေးဆုံးသွားလေတော့ ဆရာတော်က

"အဲသည်ပုံပြင် ဥပမာကို နမူနာယူပြီးတော့ အိမ်ထောင်သားမွေး ကိစ္စတွေနဲ့သာ ရှုပ်ထွေးနေရတဲ့သူဟာ ဆရာကြီး သင်ပေးလိုက်တဲ့ စကားသုံးနှုန်းကို မဏ္ဍိုင်ထားသလိုပဲ ဒကာတော်ရေမြွေရှင်ဟာလည်း 'အနိစ္စ'၊ 'ဒုက္ခ'၊ 'အနတ္တ' ဆိုတဲ့ လက္ခဏာရေးသုံးပါးကို ပွားများနေမယ် ဆိုရင် လောကုတ္တရာ နယ်ပယ်ထဲရောက်ပြီပေါ့ ဒကာကြီးရယ်"

ဟူ၍ ဆိုမိန့်လိုက်လေရာ မင်းတွန်းမင်းကြီးအဖို့ ကျေနပ်ပီတိစိတ်ဖြင့် ဝမ်းမြောက် ရွှင်လန်းသွားပါလေတော့သတည်း။

☺ ☺ ☺



# ဥဒကနှင့် ဘိကြား

ဗန်းမော်ဆရာတော်သည် ဗန်းမော်မြို့မှ ပြန်ရောက်လာပြီးနောက် မန္တလေးသို့ မကူးတော့ဘဲ စစ်ကိုင်းရှိ ပိတောက်ချောင်၌သာ သီတင်းသုံးလေတော့သည်။ (ဆရာတော်သည် မင်းတုန်းမင်းကြီးအား လွန်စွာ စိတ်အချဉ်ပေါက်သွားပုံရ၏။ မင်းတုန်းမင်းကြီးမှ မည်သို့ပင် လူလွှတ်၍ ပြန်လည်ပင့်ခေါ်စေတော့ လုံးဝဆိုလုံးဝ မသွားတော့ချေ) ဆရာတော်၏ကျောင်းသို့ တောထွက်ဦးပဥ္စင်းကြီးတစ်ပါး ရောက်ရှိနေလေသည်။ ထိုဦးပဥ္စင်းကြီး၏ အမည်အား လူဘဝတုန်းက မှည့်ခေါ်ကြသော 'ဦးကဲ'အမည်ကိုသာ သုံးစွဲ ခေါ်ဝေါ်ကြလေသည်။

တောထွက် ဦးပဥ္စင်းကြီး ဦးကဲသည် လူဘဝတွင် ရှိစဉ်က စာပေပရိယတ္တိ သင်ဖူးခြင်းမရှိခဲ့။ သို့ဖြစ်၍ အသက်ကြီးမှ ရဟန်းပြုသောအခါ ပုဒ်၊ ပါဠိ၊ အက္ခရာများကို မှန်အောင် ရေရွတ်နိုင်ခြင်းမရှိချေ။ အထူးသဖြင့် 'ရ'ကောက်သံကို ပီသအောင်မထွက်နိုင်ဘဲ 'ယပက်လက်'သံသာ ထွက်နေလေတော့သည်။ ဤ (တိသ'ရ'ဏေန)ကို အကြိမ်ကြိမ် နှုတ်တိုက်သင်ပေးပါသော်ငြား (တိသ'ယ'ဏေနှ) ပက်လက်သံချည်းသာ ဖြစ်နေလေသည်။

ဇန်းမော်ဆရာတော်က ကိုယ်တိုင်ကြပ်မတ်သင်ကြားပေးပါသော်ငြား (တိသရဏေန)သည် ဦးပဥ္စင်းဦးကဲနှုတ်မှ ထွက်လာသောအခါ (တိသယဏေန)ဖြစ်သွားလေသည့်အတွက် နောက်ဆုံး ဇန်းမော်ဆရာတော်ကိုယ်တိုင်ပင်လျှင် လက်လျှော့ချင်စိတ်ဝင်လာပြီး

*"တိသရဏကို (သယန)လို့ သူဆို*
*နတိုက ဟုတ်ပါပြီး။*
*နံနက်တကြော်ကြော်နှင့်*
*ကျောင်းပေါ်မှာ အခံခက်တယ်*
*တောထွက်ခင်ကြီး ။ ။"*

ဟု လက်တန်းကဗျာပင် ချိုးခဲ့ဖူးလေသည်။ ဇန်းမော်ဆရာတော်သည် တောထွက်ဦးပဥ္စင်းကြီး ဦးကဲကို အပါးခေါ်

လျက်

"ဦးပဥ္စင်းကြီး . . အနက်မှားရင် ပါဠိမှားတတ်တယ် ဗျ။ ပါဠိမှားရင်လည်း အနက်မှားတတ်တာပဲ။ အနက်မှားရင် အကျင့်မှား။ အကျင့်မှားတော့ လမ်းမှန်လိုရာခရီးကို မရောက် နိုင်တော့ဘဲ ဆင့်ပွား၊ ဆင့်ပွားဆိုသလို အမှားတွေချည်း ဖြစ် တုန်တတ်တယ်"

"အမိန့်ရှိပါဘုရား"

"အင်း . . ဘုရားရှင် လက်ထက်တုန်းကပေါ့။ အသက်ကြီးမှ ရဟန်းပြုလာတဲ့ ဦးပဥ္စင်းတစ်ပါးကို ဘုရားရှင် က ရေအိုင်ကမ်းစပ်တစ်ခုကို ခေါ်သွားပြီး ရေကသိုဏ်းရှုဖို့ ကမ္မဋ္ဌာန်းပေးသတဲ့။ အဲသည် ကမ္မဋ္ဌာန်းကတော့ 'ဥဒယဗ္ဗယ' ဆိုတဲ့ ကမ္မဋ္ဌာန်းပါပဲ။

ဒါနဲ့ ဦးပဥ္စင်းလည်း ရေအိုင်ကမ်းစပ်မှာထိုင်ပြီး ရေရဲ့ ဖြစ်ပျက်ပုံ နိမိတ်ကိုယူလို့ ပထမပွက်လာတဲ့ ရေလှိုင်းကလေး တွေကို ကြည့်ပြီး 'ဖြစ်ပေါ်'နေတယ်ဆိုပြီး ရှုတယ်။ နောက် ဝိုင်းဝေ့တဲ့ လှိုင်းဂယက်လေးတွေ တဖြည်းဖြည်း ကွယ်ပျောက် 'ချုပ်ပျက်'သွားတာတွေရှုပြီး 'ဥဒယဗ္ဗယ . . ဥဒယဗ္ဗယ'ရယ် လို့ မှန်မှန် နှလုံးသွင်းနေခဲ့တယ်။

အဲသည်အချိန်မှာပဲ ဗျိုင်းတစ်ကောင်က ဦးပဥ္စင်း ကသိုဏ်းရှုနေတဲ့ ရေအိုင်ထဲကို ထိုးဆင်းသွားတယ်။ ဒါကို

တွေ့မြင်လိုက်ရတော့ ဦးပဥ္စင်းလည်း စိတ်အာရုံပြောင်းသွားပြီး (ဥဒယဗ္ဗယ)ကနေ (ဥဒက-ဗက္က)ဖြစ်သွားပြီး 'ဥဒက ဗက' 'ဥဒက ဗက'ရယ်လို့ ရွတ်နေတော့တယ်။ တကယ်တော့ (ဥဒက-ဗက)ဆိုတဲ့ အနက်အဓိပ္ပာယ်ဟာ (ဥဒက-ရေ၊ ဗက-ဗျိုင်း)ရေဗျိုင်းလို့ အဓိပ္ပာယ်ရသွားတယ်။ မူလ(ဥဒယဗ္ဗယ)ရဲ့ အနက်နဲ့ လုံးဝဆန့်ကျင်သွားပြီ။

ဒါကြောင့် ဘုရားရှင်နဲ့ ပြန်ဆုံကြတဲ့အခါ ဘုရားရှင်က အဲသည်ဦးပဥ္စင်းကြီးကို (အနက်သဘောကို အက္ခရာတို့နဲ့ ကောင်းစွာပိုင်းခြား မှတ်သားရမယ်)လို့ ဆုံးမဟောပြောတော်မူခဲ့တယ်"

ဆရာတော်က တောထွက်ကြီးဦးကဲ သဘောပေါက်နားလည်ရန်၊ အနက်သဘော မှန်ကန်ရန်၊ ပါဠိကို မှန်မှန်ကန်ကန် ဌာန်ကရိုဏ်းကျကျ ရွတ်ဖတ်နိုင်စေရန် ရှင်းလင်းပြောကြားနေခြင်း ဖြစ်လေသည်။

"ကျုပ်တို့ရဲ့ ဘုရားရှင်က "အတ္တော အက္ခရသညာတော"ဆိုပြီး ဟောတော်မူခဲ့တယ်။ ဆိုလိုတာကတော့ဗျာ။ အတ္တောအနက်သဘောသည် အက္ခရာသညာတော- အက္ခရာပါဠိ၊ ပါဌ်တို့ဖြင့် ကောင်းစွာ သိမှတ်အပ်သည်။ ဟောတိ-ဖြစ်၏လို့ ဆိုလိုတာပေါ့။

သညာတောမှာ သံရှေးဆိုတဲ့ ဉာတတ်တပစ္စည်း၊

ကံဟောကိတ် ကြိယာဖြစ်လို့ 'အတွော' ဆိုတဲ့ ကံဟောပုဒ်ရယ်၊ 'အက္ခရသညာတော' ဆိုတဲ့ ကိတ်ကြိယာရယ်၊ ကတ္တားအနက် ပေးပြီး 'ဟောတိ' ဆိုတဲ့ အာချတ် ကြိယာပုဒ် ထည့်စွက်လို့ အနက်ပေးရတာမျိုးဗျ။ ဒါကြောင့်လည်း နိယံဆရာတော် တွေက

'ကံဟောမှန်ဘိ၊ ကိတ်ကြိယာ
နေ့ဝက်မှာတစ်ပါး၊ အာချတ်သွားက
ကတ္တားတစ်ဖန်၊ ဖြစ်ဆုံးပြန်
ခြင်းကံ ရင်း ကတ္တားတည်း' လို့ စပ်ဆိုခဲ့ကြတာပေါ့။

အခုတော့ ဦးကံရဲ့အဖြစ်က ပီအောင်မှ မရွတ်နိုင်ဘဲ ကိုး။ တိသရဏနဲ့ တိသယဏဟာ အဓိပ္ပာယ်အနက်သော်ညာ ခြားနားပါတယ်။ တိ-ဆိုတာ သုံးခု၊ သရဏဆိုတာက အောက် မေ့ခြင်း၊ ကိုးကွယ်၊ ဆည်းကပ်ခြင်းဖြစ်ပြီး၊ ဦးကံရွတ်တဲ့ အသံ အရကတော့ သယဏ-ဆိုတာ အိပ်ခြင်းလို့ အဓိပ္ပာယ်ထွက် နေတယ်။ (တိသယဏ)ဆိုတော့ ဘာဖြစ်သွားမလဲ။ သုံးကြိမ် သုံးခါ အိပ်ခြင်းလို့ အဓိပ္ပာယ်ရတာပေါ့"

"တင်ပါ့ . . ဘုရား။ အသံထွက်လွဲတော့ အနက် လည်း လွဲတုန်ပါရောယ်ဘုရား"

"အင်း . . ဦးပဥ္စင်း ဦးကံရဲ့အဖြစ်ဟာ ရှပ်သေး ဓာတ်ဆရာ ရွှေဘိုကျောက်လုံး ဘီလူးကြိမ်း ကြိမ်းသလို

ဖြစ်နေပါရောလား"

"အဲသည် ဥပမာလေးကို ရှင်းလင်း မိန့်ကြားပေးတော်မူပါ ဘုရား"

ဦးကဲက ထိုသို့လျှောက်ထားတောင်းပန်သဖြင့် ဆရာတော်လည်း အကြောင်းအားလျော်မည့် ရွှေဘိုကျောက်လုံး ဘီလူးကြိမ်းပုံပြင်ကို ပြောပြလေတော့သည်။

ရှေးအခါက ရွှေဘိုမြို့အပိုင် ကျေးရွာတစ်ရွာတွင် 'ရွှေဘိုကျောက်လုံး' အမည်ဖြင့် ရုပ်သေးအဖွဲ့ထောင်၍ ကိုယ်တိုင်ဇာတ်ဆရာအဖြစ် ခံယူထားသူတစ်ဦး ရှိလေ၏။ တစ်နေ့သော် ရွှေဘိုမြို့ ဆင်ခြေဖုံးရှိ ရွာကြီးတစ်ရွာမှ ၎င်း၏ ရုပ်သေးဇာတ်ကို လာရောက် ငှားရမ်းလေသည်။ ပွဲစတင်ဝင်သည့်ညဦးကပြသည့်ပြဇာတ်မှာ ဝိဓုရကုမ္မာမဟာဇာတ်တော်ကြီးဖြစ်ပြီး ဇာတ်ဆရာရွှေဘိုကျောက်လုံးသည် အဆိုပါ ပြဇာတ်၌ ဘီလူးခန်းကို တာဝန်ယူရလေသည်။ ထိုညက အတန်ငယ်အမူးလွန်သွားသဖြင့် ခေတ္တခဏမှေးစက်လိုသည်နှင့် လက်ထောက်ဖြစ်သူအား

"ဟေ့ . . ငါတော့ ခဏလောက် မှေးလိုက်ဦးမယ်ကွာ။ ငါ့အခန်း ရောက်ရင်နှိုး . . ဟုတ်လား"

ဟု ပြောကြားပြီး တခေါ်ခေါ်နှင့် အိပ်ပျော်သွားလေသည်။ မည်မျှတောင် သိုးနေသနည်းဆိုပါလျှင် ဘီလူးခန်း

ရောက်တော့မည့် ဆဲဆဲအထိ အိပ်ပျော်နေဆဲ။ သည့်အတွက် လက်ထောက်ဖြစ်သူလည်း ကမန်းကတန်းပင် ဇာတ်ဆရာ ရွှေဘိုကျောက်လုံးအား လှုပ်နှိုးရလေသည်။

"ဆရာကျောက်လုံး . . ဆရာကျောက်လုံး။ ထ . . ထ၊ ဆရာ့ အခန်းရောက်တော့မယ်။ ကရောင်းတောင် ရိုက်နေပြီ"

"ဟေ . . ဟုတ်လား"

လက်ထောက်တပည့်၏ လှုပ်နှိုးမှုကြောင့် ရွှေဘိုကျောက်လုံး နိုးသွားကာ ၎င်း၏အခန်းကို ကပြရန် အရုပ်တစ်ရုပ်ကောက်ဆွဲ၍ ထွက်လာခဲ့သည်။ အိပ်မှုန်စုံမွှားဖြစ်နေ၍လည်း သိကြားရုပ်ကို ဘီလူးရုပ်အမှတ်ဖြင့် ဆွဲလာခဲ့သည်။ ဒါကို သူမသိ။ သူသည် ဆိုင်းချက်နှင့် လိုက်လျောညီထွေစွာ

"သယ် ... လက်ာဒီပ၊ အမည်ရသည့်၊ ပြည်မခရိုင်၊ ပိုင်ဆိုင်စိုးတဲ့၊ ငါဟဲ့ . . ဘီ . ."

ဟူ၍ ခက်ထန်မာကြောစွာ ဘီလူးကြိမ်းကြိမ်းရင်း ၎င်းဆွဲနေသော အရုပ်ကို အမှတ်မထင် ငုံ့ကြည့်လိုက်မိသည့်အခိုက် ဘီလူးရုပ်မဟုတ်ဘဲ သိကြားရုပ်ဖြစ်နေ၍ ဟန်မပျက် 'ဘီ'ဟု အစချီထားရာမှ

"ငါဟဲ့ . . ဘီကြား"

ဟု ရေရွတ်လိုက်ရာ ပရိသတ်အပေါင်းလည်း ဝါးခနဲ

ပွဲကျသွားလေတော့သည်။ သည်ပုံပြင်လေးကို အခြေပြု၍ ဆရာတော်က

"အင်း . . ဦးပဥ္စင်းကြီးလည်း ဘီလူးလည်းမဟုတ်၊ သိကြားလည်းမဟုတ်နဲ့ 'ဘီကြား'ဖြစ်နေဦးမယ်နော်။ သတိထား"

ဟု ဆိုလိုက်လေရာ တောထွက်ဦးပဥ္စင်းကြီးဦးကဲလည်း ပြုံးရယ်မိသွားပြီး အနားတွင်ရှိကြကုန်သော စာသင်သားအပေါင်းတို့မှာ တဝါးဝါး ပွဲကျသွားပါလေတော့သတည်း။

☺ ☺ ☺



## လှူချင်မှလှူပါ ဩဇာတော့ လာမပေးနဲ့

ရတနာပုံ မင်းနေပြည်တွင် ဖြစ်သည်။

တစ်နေ့သ၌ မင်းတုန်းမင်းကြီးသည် သင်္ဃာဆရာတော် အပါအဝင် လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော်တို့အား နန်းတော်တွင်း ပင့်ဖိတ်၍ ဆွမ်းကပ်လေသည်။ ဆွမ်းကပ်ပြီးလေသောအခါ

"အရှင်ဘုရားတို့ . . တပည့်တော်အနေနဲ့ အရှင်ဘုရားတို့အတွက် အပူအပင်မရှိရလေအောင် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးအစရှိတဲ့ ပစ္စည်းလေးပါးကို ဒကာအဖြစ် တာဝန်ယူပါမယ်။ လျှောက်ထားပါမယ်ဘုရား။ အရှင်ဘုရားတို့

ဘက်ကလည်း ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓစတဲ့ သာသနာသုံးရပ်ကို မပြတ်မလပ်အောင်သာ ထမ်းဆောင်ကြစေချင်ပါတယ်ဘုရား"

ဟူ၍ လျှောက်ထားလိုက်လေသည်။ ဤတွင် သင်္ဃဇာဆရာတော်က

"အင်း . . ဒကာတော် ရေမြေ့ရှင် လျှောက်တင်ပုံကလည်း နိဗ္ဗာန်ကျောင်းမချရသေးတဲ့ ဘုန်းကြီးပျံနဲ့ တူနေပါပြီကော"

ဟူ၍ ပြန်လည်မိန့်ကြားလေ၏။ ဤတွင် မင်းတုန်းမင်းကြီးက အဆိုပါ ဥပမာအား သာဓကဆောင်တော်မူပါရန် လျှောက်ထားတင်ပြလေ၏။ ထိုအခါ သင်္ဃဇာဆရာတော်လည်း သာဓကဆောင်တော်မူရလေသတည်း။

ရှေးအခါက ရပ်ရွာတစ်ရွာရှိ ကျောင်းတစ်ကျောင်း၌ ဘုန်းတော်ကြီးတစ်ပါး ပျံလွန်တော်မူလေ၏။ ပျံလွန်တော်မူချိန်၌ ဘုန်းကြီးပျံပွဲဆင်နွှဲရန် အချိန်မကျ။ ကောက်ပဲသီးနှံများကလည်း မပေါ်သေးသည့်အတွက်လည်းကောင်း၊ ငွေစကြေးစုများလည်း မထည့်ဝင်နိုင်သေး သည်ကလည်းတစ်ကြောင်းတို့ကြောင့် နိဗ္ဗာန်ကျောင်းချထားဖို့ရာသာ စိတ်ကူးရှိနေကြလေသည်။ သည့်အတွက် ငွေကြေးချမ်းသာကြွယ်ဝတောင့်တင်းသော ဒကာတစ်ဦးအား အကျိုးသင့်အကြောင်း

သင့် ပြောပြပြီး နိဗ္ဗာန်ကျောင်းဆောက်လုပ်လှူဒါန်းပါရန် အမိန့်ရှိလေသည်။

ထိုအခါ လူချမ်းသာဒကာက အမေးရှိလာ၏။

"တပည့်တော် မေးပါရစေဘုရား။ အရှင်ဘုရားတို့ကျောင်းက ပျံလွန်တော်မူသွားခဲ့တဲ့ ဘုန်းတော်ကြီးဟာ အသားဖြူပါသလား၊ ဒါမှမဟုတ် အသားမည်းပါသလား"

ဤသို့ ကတ်သီးကတ်သပ် လျှောက်ထားလာသည့်အတွက် ကျောင်းထိုင်ကိုယ်တော်ကြီးလည်း စိတ်အချဉ်ပေါက်သွားခဲ့လေသည်။ သည့်အတွက်

"ဟေ့ . . ဒကာ၊ နိဗ္ဗာန်ကျောင်းကလေးတစ်ခု ဆောက်လုပ် လှူဒါန်းဖို့ရာအတွက် မင်းကို အခေါင်းထဲက အလောင်း ထုတ်ပြနေရဦးမှာလား။ လှူချင်စိတ်ရှိရင်လည်း လှူကွဲယ်။ မလှူချင်ရင် မလှူနဲ့။ ဒါပဲ"

ဟူ၍ စိတ်ပေါက်ပေါက်နှင့် ပြန်လည် ဘုတောလွှတ်လိုက်လေသတတ်။

ပုံပြင်ဥပမာလေးက ဆုံးလေပြီ။

ထိုအခါ သင်္ဃာဆရာတော်က

"ဒီဥပမာလိုပါပဲ . . ဒကာတော်ရေမြွေရှင်။ ဘုန်းကြီးတို့ရဲ့ အသွင်သဏ္ဌာန်မှာ ကျင့်ကြံအားထုတ်တဲ့ သိက္ခာပုဒ်ကို ဒကာတော်သိအောင် ထုတ်တော့မပြနိုင်ဘူး။ ဒကာတော်

ရေမြေရှင်အနေနဲ့ ပစ္စည်းလေးပါးကို ထောက်ပံ့လှူဒါန်းချင် လှူဒါန်းပါ။ မလှူဒါန်းချင်ရင်လည်း နေနိုင်ပါတယ်။ ဘုန်းကြီးတွေကိုတော့ဖြင့် ဩဇာမာကလာပေးပြီး မခိုင်းပါလေနဲ့"

ဟူ၍ မိန့်ကြားပြီး သင်္ကန်းရုံကာ ပြန်ကြွရန် ပြင်လေ၏။ မင်းကြီးလည်း ၎င်း၏အမှားအတွက် ပျာပျာသလဲ ဝန်ချတောင်းပန်ရရှာလေတော့သတည်း။



တောတွင်းက ဘုန်းကြီးအို

## တောတွင်းက ဘုန်းကြီးအို

စစ်ကိုင်းဒေသ၌ သင်္ဂဇာဆရာတော် သီတင်းသုံးနေ ခိုက်ဖြစ်သည်။

စစ်ကိုင်းတောင်ရိုးရှိ တပည့်ရဟန်းသံဃာအပေါင်း တို့သည် ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် ကာ သွားရောက်ဖူးမြော်ကြလေသည်။ ထိုအခါတွင် ဆရာ တော်လည်း တပည့် ရဟန်းသံဃာအပေါင်းတို့အား တရားရေ အေးများ တိုက်ကျွေးတော်မူခဲ့လေသည်။

တစ်နေ့သော် အကြောင်းထူးစ်ခုဆိုက်သဖြင့် တပည့် ရဟန်းသံဃာတို့အား ဆိုဆုံးမရန်အလို့ငှာ ပြောကြားတော်မူ လေသည်။

"တပည့်တို့ . . တောရဆောက်တည်တယ်ဆိုရာမှာ လူမာတုဂါမစတဲ့ အနှောင့်အယှက်ဖြစ်ဖွယ် အာရုံတွေကို မြင် တွေ့ရခြင်းနည်းပါးပြီး တည်ကြည်တဲ့စိတ်နဲ့ တရားကို နှလုံး

သွင်းနိုင်ဖို့ပဲဖြစ်တယ်။

တောရမှာ မှီခိုနေပေမဲ့ လူတို့ကိစ္စ ဗာဟိယနဲ့ ကာမဂုဏ်တွေ စွဲလမ်းနေမယ်ဆိုရင် စိတ်ကို အေးအေးဆေးဆေး ထားနိုင်တော့မှာ မဟုတ်ဘူး။ တရားမှာ စိတ်မပိုင်ဘူးဆိုရင် သည်တောမှာရှိကြတဲ့ ယုန်သတ္တဝါတွေနဲ့မခြား ဖြစ်နေပါလိမ့်မယ်။ 'တောတွင်းကဘုန်းကြီးအို' ဥပမာပုံပြင်လိုပဲပေါ့"

"ဆရာတော်ဘုရား . . 'တောတွင်းက ဘုန်းကြီးအို' ဥပမာပုံပြင်ကို ရှင်းလင်းမိန့်ကြားတော်မူပါဘုရား"

ထိုသို့လျှောက်ထား တောင်းပန်လေတော့ ဆရာတော်လည်း 'တောတွင်းကဘုန်းကြီးအို'ဥပမာပုံပြင်ကို ပြောဆိုပါလေတော့သည်။

ရှေးအခါက အသက်ကြီးမှ ရဟန်းပြုသော ဘုန်းကြီးတစ်ပါးသည် တပည့်သားမြေးမရှိဘဲ တစ်ပါးတည်းပင်,တောအုပ်တစ်ခု၌ ဝါးကျောင်းကလေးတစ်ကျောင်း ဆောက်လုပ်ကာ သီတင်းသုံးလေသည်။ ထိုအခါ အနီးအနားရွာရှိ ဒကာ၊ ဒကာမအပေါင်းလည်း အဖော်မပါ တစ်ကိုယ်တည်း တောရပ်မှီကာ သီတင်းသုံးနေသည့် ကိုယ်တော်ကြီးကို များစွာမှ သဒ္ဒါကြည်ညိုကြလေသည်။

ထိုဘုန်းတော်ကြီး၏ ဝါသနာမှာ တေးသီချင်းသီဆိုနေခြင်း ဖြစ်လေသည်။

ကျောင်းမှာလည်း တစ်ပါးတည်း သီတင်းသုံးနေသောကျောင်း။

ပတ်ဝန်းကျင်ကလည်း လူသူလေးပါး တိတ်ဆိတ်သောတောအုပ်။

သည့်အတွက် တရားအာဝဇ္ဇနာ ပွားများပြီးသည့်အားလပ်ချိန်များတွင် ကျောင်းတံခါးများကို အလုံပိတ်ကာ သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ဟစ်ကြွေးလေတော့သည်။ ဈာန်ဝင်လာလျှင်လည်း ခုန်ပေါက်တတ်ပြန်သေး၏။

တစ်နေ့သ၌ အနီးအနားရှိ ရွာတစ်ရွာမှ ရွာသားတစ်ယောက်သည် ၎င်း၏နွား စားကျက်လွှတ်ထားရာမှ ပျောက်ဆုံးနေသဖြင့် နွားအရှာထွက်လာရာ ဘုန်းကြီးအိုကြီး သီတင်းသုံးရာ ကျောင်းအနီးအပါးသို့ ရောက်သွားခဲ့လေသည်။

"အင်း . . ဦးပဉ္ဇင်းကြီးရဲ့ ကျောင်းကလည်း တိတ်လို့ဆိတ်လို့ပါပဲလား။ ကျေနေ ဦးပဉ္ဇင်းကြီး တရားထိုင်နေတာပဲဖြစ်လိမ့်မယ်။ ငါအသံကြားသွားလို့ကတော့ အနှောင့်အယှက်ဖြစ်မှာသေချာရဲ့။ သည်တော့ ကျောင်းနံ့ဘေးက သစ်ပင်ရိပ်မှာ တိတ်တိတ်ကလေး အပန်းဖြေတာ ကောင်းပါတယ်လေ"

ထိုသို့တွေးတောရင်း နွားသမားလည်း ခြေသံကိုလုံအောင်ဝှက်လျက် ကျောင်းနံ့ဘေးရှိ သစ်ပင်ရိပ်အောက်သို့

ဝင်နားကာ အမော‌ဖြေရင်း ပုဆိုးခါးပုံကြား၌ ထည့်လာသော ကွမ်းထုပ်ကို ထုတ်ကာ ဝါးနေလေ၏။

တောရကျောင်းကလေးထဲမှာတော့ တရားအလုပ်များ ပြီးစီးသွားပြီမို့ ဘုန်းတော်ကြီးလည်း ခါတိုင်းကဲ့သို့ ထင်မှတ်ကာ ကျောင်းတံခါးများကိုပိတ်၍ စိတ်အေးလက်အေး ကျောင်းခန်းလေးထဲမှာ လက်ဖျောက်တီးကာ စည်းလိုက်၏။ ခြေမနှင့် ဝါးချက်နင်းကာ ဒုံးသီချင်းကိုသီဆိုဟစ်ကြွေးလေ၏။

"ဘာဘာတဲ့ . . ညာညာ . . ဘာဘာတဲ့ . . ညာညာ ကျုပ်မီးရှေ့ တိမ်ဝါထိုးမယ် . . စိုးရိမ်လှစွာ . . သိကြားမင်းကြီးခမျာ . . . ကျုပ်မီးရှေ့ . . တိမ်ဝါက ဆင်းတဲ့အောင် . . နင်းချလိုက်ပါ . . ဗျ"

ထိုသို့ အားပါးတရ သီဆိုသံ ထွက်ပေါ်လာသည့်အခါ ကျောင်းနံဘေး သစ်ပင်ရိပ်အောက်၌ နားနေလျက်ရှိသော နွားသမားလည်း အထိတ်တလန့် ဖြစ်သွားပြီး ကျောင်းတံခါးကို သွား၍ပုတ်လေတော့၏။ ပဥ္စင်းအိုကြီးလည်း တံခါးပုတ်သံ ကြားသည့်အတွက် သီချင်းဆိုရပ်ကာ တံခါးကို ဖွင့်ပေးရင်း . .

"ဟဲ့ . . ဒကာ၊ ဘာကိစ္စ လာတာလဲ"

"တင်ပါ့ဘုရား . . တပည့်တော် နွားပျောက်အရှာ ထွက်တာပါဘုရား။ ဦးဇင်းကြီးရဲ့ တောရကျောင်းကလေးဟာ

တိတ်ဆိတ်ငြိမ်သက်ပြီး တရားအားထုတ်ချင်စိတ်တွေ ပေါ်ထွက်လာပါတယ်ဘုရား"

"ဟေ . . ဟုတ်လား။ ကောင်းတာပေါ့ကွယ်။ ကောင်းတာပေါ့။ ငါလည်း ကျောင်းမှာ တစ်ပါးတည်းဆိုတော့ တစ်ခါတစ်လေကျ ပျင်းသကွယ့်။ ငါ့ဆီမှာ ကပ္ပိယလုပ်ရင်း တရားလေးဘာလေး အားထုတ်ပေါ့"

"ကပ္ပိယလုပ်တော့ လုပ်ချင်ပါတယ်ဘုရား။ ဒါပေမဲ့ တပည့်တော်က ဖုံးသီချင်းမဆိုတတ်လေတော့ တော်တော်ကလေးကို ခက်ပါတယ်ဘုရား"

ပုံပြင်ကလေးက အဆုံးသတ်သွားခဲ့ချေပြီ။

ဤတွင် ဆရာတော်က တပည့်ရဟန်းသံဃာအပေါင်းအား

"အင်း . . ငါ့တပည့်တွေလည်း တောတွင်းကဘုန်းကြီးအိုလို တောရဆောက်တည်ရင်း ဖုံးသီချင်းတွေ မဆိုကြလေနဲ့ကွယ်"

ဟု ဆုံးမတော်မူရာ တပည့်ရဟန်းသံဃာအပေါင်းတို့မှာ ပြုံးပြုံးရယ်ရယ် ဖြစ်သွားကြပါလေတော့သတည်း။

☺ ☺ ☺



သက်သေလက်ငင်းမအပ်နိုင်လို့

# သက်သေ လက်ငင်းမအပ်နိုင်လို့

သင်္ဂဇာဆရာတော်ဘုရားသည် မြန်မာပြည်အနှံ့ ထက်အောက်စုန်ဆန် ဒေသစာရီ ကြွလှမ်းလျက် တရားဓမ္မများ ဟောကြားတော်မူရာ တစ်နေ့သော် ရာမညတိုင်းရှိ မွန်ပြည်နယ်၊ ဘီးလင်းမြို့သို့ ဆိုက်ရောက်သွားလေသည်။ ထုံးစံအတိုင်းပင် ကျောင်းတိုက်တစ်တိုက်၌ သီတင်းသုံးလျက် ဘီးလင်းရှိ ဒကာဒကာအပေါင်းအား ဒေသနာဓမ္မစကားများကို ဟောဖော်မြွက်ကြားပါလေ၏။

တရားပွဲတစ်ပွဲတွင် မောင်အောင်လှဆိုသော ဒကာတစ်ယောက်က တရားပွဲအပြီး၌ သင်္ဃာဆရာတော်အား လျှောက်ထားလေသည်။

"ဆရာတော်ဘုရား . . တပည့်တော်တို့ရွာမှာ ဘုန်းတော်ကြီး တစ်ပါးရှိပါတယ် ဘုရား။ တစ်ရွာလုံးကလည်း ကြည်ညိုကြတာမို့ ပစ္စည်းလေးပါးကို အထောက်အပံ့ပြုထားကြပါတယ်။ ဒါပေမဲ့ မမျှော်လင့်တဲ့ တစ်နေ့မှာတော့ အဲသည်ဘုန်းတော်ကြီးဟာ မာတုဂါမတစ်ယောက်နဲ့ ပေါင်းသင်းနေတာကို တပည့်တော်မ မျက်စိနဲ့ တပ်အပ်သေချာ မြင်တွေ့ရပါတယ်ဘုရား။ ဒါကို ဘဝင်မကျတာနဲ့ တပည့်တော်လည်း တို့ရွာကဘုန်းကြီးဟာဖြင့် ရက်ဆုပ်ဖွယ်ကောင်းတဲ့ လူ့အလုပ်ကို လုပ်နေတယ်၊ အိမ်ထောင်သားမွေး ပြုနေတယ်ဆိုပြီး ရွာထဲက လူတွေအားလုံး ကြားသိရအောင် စွပ်စွဲပြောဆိုမိပါတယ်ဘုရား။

သည်အခါ ရွာသူရွာသားအပေါင်းက တပည့်တော်ကို သက်သေပြနိုင်သလားလို့ အမေးရှိလာပါတယ်။ တကယ့်ကို တပည့်တော် လက်တွေ့၊ မျက်တွေ့မြင်တာ သေချာပေမဲ့ လက်ဆုပ်လက်ကိုင် သက်သေပိုင်ပိုင်မပြနိုင်တော့ ဘုန်းတော်ကြီးက အသာစီးရသွားပြီး တပည့်တော်ကို မဟုတ်တမ်းတရား စွပ်စွဲပြောဆိုတဲ့အတွက် ရွာနဲ့တကွ ကြဉ်ရမယ်လို့

ဒြိမ်းခြောက်ပြီး သပိတ်မှောက်တဲ့ဒဏ် တပည့်တော် ခံရပါတယ်ဘုရား"

မောင်အောင်လှက သူ၏အဖြစ်သနစ်ကို တင်ပြလျှောက်ထား လာလေတော့ ဆရာတော်လည်း

"အင်း . . ဒကာမောင်အောင်လှ တင်လျှောက်တာကို နှိုင်းဆ ဥပမာပြုရရင် 'သက်သေလက်ငင်း မအပ်နိုင်လို့ မျက်စဉ်းအခတ်ခံရတဲ့ကိန်းဆိုက်တဲ့ ပုံပြင်'လို ဖြစ်နေပါလားကွယ်ရို့."

ဟူ၍ မိန့်ဆိုရာ မောင်အောင်လှနှင့်တကွ ပရိသတ်အပေါင်းက အဆိုပါ ဥပမာပုံပြင်ကို အကျယ် ဖွင့်ဟပြောပြပါရန် လျှောက်ထားတောင်းပန်သဖြင့် ဆရာတော်လည်း ပုံပြင်သဘော ရှေးသရောကို ဟောကြားပါလေတော့သည်။

တစ်ခါက ကျေးရွာတစ်ရွာတွင် ကျောင်းဒကာတစ်ယောက်သည် ဆရာဘုန်းတော်ကြီးကို ကြည်ညိုရင်းစွဲရှိသဖြင့် ကျောင်းဆောက်လှူဒါန်းကာ ကိုးကွယ်လေသည်။ တစ်နေ့သော် ၎င်း၏အိမ်၌ ဆွမ်းဆက်ကပ်လှူဒါန်းရန် ကျောင်းရှိ သံဃာတော်အပေါင်းအား ပင့်ဖိတ်လိုသဖြင့် ကိုယ်တိုင်ပင် ကျောင်းထိုင်ဆရာဘုန်းကြီး သီတင်းသုံးရာသို့ သွားခဲ့လေသည်။

ပင့်ဖိတ်လျှောက်ထားသည့်နေ့၌ အရဏ်ကျင်းချိန်

လောက်တွင် သံဃာတော်များ ကြွရောက်လာကြလေသည်။ ကျောင်းဒကာလည်း သဒ္ဓါကြည်ညိုစိတ်ဖြင့် ကြွရောက်လာကြကုန်သော သံဃာတော်အပေါင်းအား သဒ္ဓါထက်သန်စွာဖြင့် ဆွမ်းဆက်ကပ်လှူဒါန်းလေသည်။ ဤ၌ တစ်ခု သတိထားမိသည်မှာ ကြွရောက်လာကြကုန်သော သံဃာတော်အပေါင်း၌ ၎င်း၏ ဆရာဘုန်းတော်ကြီးပါလာသည်ကို မတွေ့မမြင်ရခြင်းပဲဖြစ်၏။

"ရှင်မရေ . . ငါတို့ရဲ့ဆရာ ဘုန်းတော်ကြီး ဘာဖြစ်လို့ ကြွမလာလဲ မသိဘူးနော်"

"ဟုတ်ပါရဲ့တော်။ နေထိုင်များ မကောင်းလို့လား မသိဘူး။ ကျောင်းကလေး ဘာလေးလည်း သွားကြည့်ပါဦး"

"အေး . . ဟုတ်တယ်။ ပြောနေကြာပါတယ်ကွ။ ခုပဲ ကျောင်းကို ငါသွားလိုက်ပါဦးမယ်"

သို့ဆိုရင်း ကျောင်းရှိရာသို့ လျင်မြန်သော ခြေလှမ်းများဖြင့် အပြေးအလွှား သွားခဲ့လေသည်။ ကျောင်းသို့ရောက်သွားပြီးသကာလ မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားရသည်နှင့်အမျှ ရင်ထဲ၌လည်း မချမ်းမမြေ့ ဖြစ်ရပြန်လေ၏။ အကြောင်းမူ ကျောင်းထိုင်ဘုန်းကြီးသည် မီးဖိုတွင်းဝင်ကာ ကြက်ဥများကြော်ကာ ယောက်မဖြင့် ထိုးမွှေနေသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်

သည်။ ဆရာဘုန်းတော်ကြီး၏ ကျင့်ကြံပြုမူပုံကို မသိကျိုးကျွန်ပြုပြီး အသာခြေဖော့လျက် ကျောင်းတွင်းမှ ပြန်လည်ထွက်ခွာလာခဲ့လေသည်။

အိမ်ရောက်လေသော် ကပြင်၌ ခြေပစ်လက်ပစ်ထိုင်ချလိုက်ရင်း ဇနီးသည်အား

"ကောင်းကြသေးရဲ့လား ရှင်မရေ . . ကောင်းကြသေးရဲ့လား"

"တော် . . ဘာဖြစ်လာသလဲ၊ မျက်နှာလည်း မသာမယာနဲ့၊ ဘုန်းတော်ကြီး နေမျှားမကောင်းလို့လား. . ."

"ကောင်းပကွာ. . ကောင်းပ၊ ကောင်းတာမှ ယောင်းမကိုကိုင်ပြီး ဒယ်အိုးထဲကကြက်ဥကို ပိုင်ပိုင်နိုင်နိုင်ကြီးကို မွှေနေလိုက်တာများ မြင်တွေ့စေချင်စမ်းလှတယ်။ တို့များကိုးကွယ်တဲ့ ဘုန်းတော်ကြီးဟာ ဝိနည်းကိုလည်း မရှိဘူးကွယ်. ."

ကျောင်းဒကာက ပြောရင်းဆိုရင်း အသံတွေမာလာကာ

"တို့ဆရာဘုန်းတော်ကြီး ဝိနည်းမရှိ၊ ကြက်ဥကြော်သပော့"

ဟု အော်ကျယ်အော်ကျယ် စကားဆိုလေရာ ဇနီးဖြစ်သူသည် စိတ်ထဲထိတ်လန့်သွားရင်း ပတ်ဝန်းကျင်ကို အော်ဟစ်ကာ အကူအညီ တောင်းခံလိုက်လေသည်။

"လာကြပါဦးရှင် . . လာကြပါဦး။ ကျွန်မယောက်ျား ကို ပယောဂဝင်ပူးနေပါတယ်။ ကယ်တော်မူကြပါ။ ကျွန်မ ယောက်ျားကို ဆေးသွင်းပြီး မျက်စဉ်းခတ်ပေးကြပါ။ မျက် စဉ်းခတ်ပေးကြပါ"

ထိုသို့ အော်ဟစ်အကူအညီ တောင်းခံသဖြင့် အနီး ပတ်ဝန်းကျင်မှလူများ ရောက်လာကြသည်။ အဆိုပါ လူအုပ် ကို မြင်တွေ့သွားသည်နှင့် ကျောင်းဒကာမှာ ထိတ်လန့်သွား လေ၏။

"ဘုရား . . ဘုရား . . သည်ပုံအတိုင်းဆိုရင်တော့ သူတို့အားလုံး ငါ့ကို ပယောဂဝင်မူးနေတယ်လို့ထင်ပြီး မျက် စဉ်းခတ်ရင်တော့ ပြဿနာပဲ"

သို့ဖြစ်၍ ဘာမှမပြောသလို၊ မဖြစ်ဘသလိုနှင့် ထိုင်နေရာမှာ ထရပ်လိုက်သည်။

"ဟာ . . ကျောင်းအစ်မနှယ်၊ ကျောင်းဒကာကြီး ကြည့်ရတာ ပယောဂဝင်ပူးတဲ့ လက္ခဏာ မရှိပါဘူးဗျာ"

"ဟုတ်ပါရဲ့ . . ဝင်ပူးရင်လည်း ကျုပ်တို့ လူအုပ်ကို မြင်တာနဲ့ ထွက်သွားပါပြီ"

ပတ်ဝန်းကျင်မှ လူများ တစ်ယောက်တစ်ပေါက် ပြောဆိုပြီး ပြန်ထွက်သွားကြသည်။ လင်မယားနှစ်ယောက် တည်း ကျန်သောအခါ ကျောင်းဒကာကြီးက

"တကယ်ပါရှင်မရယ် . . ငါတကယ်ပြောတာပါ။ ငါ့မျက်စိနဲ့ တပ်အပ်ကိုမြင်လို့ ပြောတာပါကွယ်။ တို့များ ကိုးကွယ်တဲ့ ဆရာဘုန်း ကြီးဟာလေ ဝိနည်းကိုမရှုဘဲ ကိုယ်တိုင် ယောက်မကြီးကိုင်လို့ ကြက်ဥတွေကို ကျကျနနကြီး ကြော်နေတာကွယ့်။ ဘုရားစူးရပါစေ့ . . ငါ ကျိန်တွယ်ပြီးတော့ကို ပြောတာပါ"

ဟု စကားဆက်ပြန်လေရာ လုံးဝမယုံကြည်သော ဇနီးခမျာ ပယောဂ ပြန်ပူးပြီအမှတ်ဖြင့်

"လာကြပါဦးရှင် . . လာကြပါဦး။ ကျွန်မယောက်ျား ကို ပယောဂ ပြန်ပူးနေပါပြီ။ ပြန်ပူးနေပါပြီ။ လာကြပါဦး"

ဟူ၍ ထပ်မံအော်ဟစ် အကူအညီတောင်းခံလေရာ ပတ်ဝန်းကျင်ရှိ လူများလည်း ပြန်လည် ပြေးလွှားရောက်ရှိလာကြလေသည်။

"ကိုင်းဟေ့ . . ကူလီကူမာများတဲ့ ပယောဂ . . သည်တစ်ခါ ဘယ်လိုမှ မများရအောင် ဝိုင်းချုပ်ကြ။ ဝိုင်းချုပ်ထားကြ။ မျက်စဉ်းခတ်မယ်၊ မျက်စဉ်းခတ်မယ်"

လူအများက ဝိုင်းချုပ်ပြီး မျက်စဉ်းခတ်ကြလေရာ ကျောင်းဒကာလည်း အောင့်သီးအောင့်သက်ဖြင့် ခံစားရလေသတည်း။

"အဲသည် ဥပမာပုံပြင်လိုပဲ ဒကာမောင်ဒေဇာင်လှ

လည်း သက်သေလက်ငင်း မအပ်နိုင်လို့ ကျောင်းဒကာကြီးလို မျက်စဉ်းအခတ်ခံနေရဦးမယ် သတိထား"

ဟူ၍ သင်္ဂဇာဆရာတော်ကြီးမှ နိဂုံးသတ်လိုက်လေရာ ဒကာမောင်အောင်လှနဲ့တကွ ပရိသတ်အပေါင်းလည်း တသောသောနှင့် ရယ်မောနေကြရလေသတည်း။

☺ ☺ ☺



# စလေဘက်က မောင်ရှက်

တစ်နေ့သ၌ သဂ်ဇာဆရာတော်ကြီးသည် နယ်လှည့်၍ တရားဓမ္မများ ဟောကြားခဲ့ရာ ပဲခူးနယ်ဘက်သို့ ရောက်ရှိခဲ့လေသည်။

ဤတွင် ဆရာတော်ကြီး သီတင်းသုံးရာကျောင်းတိုက်သို့ ဒကာတစ်ဦး ရောက်ရှိလာခဲ့လေသည်။ ထိုဒကာမှာ တစ်မိုက်တစ်ထွာမျှသော ဉာဏ်ကလေးဖြင့် ၎င်းကို၎င်း အင်မတန်တတ်သိလိမ္မာကျွမ်းကျင်ရာဟု ယူဆထားသည့်အလျောက် ဆရာတော်နှင့် တွေ့ဆုံခွင့်ရသည့်အခိုက် ပရိသတ်အလယ်၌ အကြောင်းကိစ္စတစ်ခုကို တင်ပြလျှောက်ထားလာလေ၏။

"အရှင်ဘုရား . . တပည့်တော်တို့အဖို့ ခုကာလမှာ လှူရတန်းရတဲ့ကိစ္စအပေါ် စိတ်မသန့်ဖြစ်နေရပါတယ် ဘုရား"

"ဟဲ့ . . ဒကာရဲ့ ဘယ်လိုဘယ်အကြောင်းကြောင့် စိတ်မသန့်ရတာတဲ့လဲ။ လုပ်စမ်းပါဦး"

"သည်လိုပါဘုရား . . ခုအခါမှာ ရဟန်းကျင့်ဝတ်နဲ့ မညီတဲ့ အလဇ္ဇီတွေ၊ ဒုဿီလတွေ ပေါများနေတဲ့အတွက် ကြောင့်ပါ ဘုရား"

"တော် . . တော်တော့ဒကာ။ ဒကာ့စကားကို သည်မှာပဲ ရပ်လိုက်ပါတော့။ လျှုချင်တန်းချင်တဲ့ စိတ်မရှိရင်လည်း အသာနေပေါ့ကွယ်။ ဘယ်သူကဖြင့် အလဇ္ဇီ၊ သူဝါကတော့ဖြင့် ဒုဿီလရယ်လို့ မပြောပါလေနဲ့။ ခု . . ဒကာပြောပုံက ဘာနဲ့အလားသဏ္ဍာန်တူသလဲဆိုတော့ 'စလေဘက်က မောင်ရွက်၊ သမက်ဆုံးမသလိုမျိုး' ဖြစ်နေပြီ"

ဤသို့ အဆိုပါဒကာက ၎င်းဥပမာကို ရှင်းလင်းမိန့်ကြားပေးပါရန် လျှောက်ထားသဖြင့် ဆရာတော်လည်း ဆက်လက်မိန့်ကြား ပြောဆိုရလေတော့သည်။

ရှေးအခါက အထက်အညာရှိ စလေအရပ်ဒေသတွင် မောင်ရွက်ဆိုသူ ရှိလေသည်။ မောင်ရွက်တွင် သမီးနှင့် အိမ်ထောင်ကျနေသော သမက်တစ်ယောက်ရှိလေ၏။ ထိုသမက်သည် စကားအပြောအဆိုတွင် ရုန့်ရင်းကြမ်းတမ်းသူ ဖြစ်လေ၏။ ၎င်းသမက်သည် မိဘ၊ ယောက္ခမများရှေ့တွင်မရှောင်၊ မယားဖြစ်သူအား အယုတ္တ အနတ္တများနှင့် တိုင်းထွာဆဲရေး

လေရာ ယောဓရာမဖြစ်သူ မောင်ရွက်ခမျာ မခံချိ မခံသာဖြစ်ပြီး သမက်ဖြစ်သူအား ခေါ်ယူပြောဆိုလေတော့၏။

"ဟေ့ကောင် . . မင်းဟာ အင်မတန် ရိုင်းစိုင်းတဲ့ကောင်ပါပဲလား။ ငါဟာ မင်းရဲ့ ယောဓရာမဆိုပေမဲ့ မိဘနဲ့ တစ်ဂိုဏ်းတည်းကွ . . . တစ်ဂိုဏ်းတည်း။ ငရဲက မင်းကို လက်ပိုက်ကြည့်မှာ မဟုတ်ဘူး"

"ဟာ . . ရယ် . . ရယ်ရသေးတော့ဗျာ။ ယောဓရာမကို ပြစ်မှားလို့ သမက်ခမျာ ငရဲကြီးတယ် မရှိပါဘူး။ သမက်ကိုသာ ပြစ်မှားရင် ယောဓရာမ မြေမျိုတာပဲ ကြားဖူးပါတယ်"

"အံမာ . . ဒါ ဘာစကားလဲကွ။ မင်းမှာ အဲသလို ပြောဆိုရအောင် ဘာအထောက်အထား ရှိလို့လဲ"

"ရှိပါသဗျာ . . ကျမ်းကြီးကျမ်းခိုင် ဗုဒ္ဓဝင်ထဲမှာကို အထင်အရှားပါတာဗျ။ သိဒ္ဓတ္ထမင်းသားရဲ့ မိဖုရားဖြစ်ခဲ့တဲ့ ယသော်ဓရာဒေဝီဟာ သုပ္ပဗုဒ္ဓမင်းရဲ့ သမီးတော်ဗျ။ သည်တော့ သိဒ္ဓတ္ထမင်းသားရဲ့ ယောဓရာမဟာ သုပ္ပဗုဒ္ဓပဲပေါ့။ သုပ္ပဗုဒ္ဓရဲ့ သမက်ဟာ သိဒ္ဓတ္ထပဲပေါ့။

မြတ်စွာဘုရားရှင်ရဲ့ ယောဓရာမ သုပ္ပဗုဒ္ဓမင်းဟာ ဘုရားရှင်ကို မရိုမသေလုပ်လို့ နောက်ဆုံးမှာ မြေမျိုပြီး ငရဲကို တန်းကျတာပဲ မဟုတ်လား။ အဲဒါ သမက်ကိုပြစ်မှားလို့ ယောဓရာမ မြေမျိုတာပဲ မဟုတ်လား"

သည်စကား ကြားလိုက်ရသည့်အခိုက် ယောက္ခမဖြစ်သူ မောင်ရွက်လည်း အကြီးအကျယ် ဒေါသထွက်သွားပြီး

"ဟဲ့ . . အကောင်၊ ငါ့ကို စော်ကားတဲ့ကောင်။ မင်း . . ငါ့အိမ်ပေါ် မနေနဲ့။ အခုဆင်း . . ဆင်း။ အခု . . ငါ့အိမ်ပေါ်ကဆင်း"

ဟူ၍ ပြောဆိုနှင်ချသဖြင့် သမက်ခမျာ ယောက္ခမ၏ အိမ်တွင် နေခွင့်မရတော့ဘဲ နွားတင်းကုပ်၌ နေရရှာလေသတည်း။

ပုံပြင်ကလေးကား အဆုံးသတ်သွားလေပြီ။

ဤတွင် သင်္ဂဇာဆရာတော်ကြီးက

"သည်ပုံပြင်ဥပမာအရ ဒကာလည်း ကျုပ်ကို ကျမ်းအကိုးအကားနဲ့ အချင်းမများရအောင် အငြင်းပွားမနေပါနဲ့တော့။ အသာကလေး ငြိမ်နေလိုက်စမ်းပါ။ နို့မို့ရင် နွားတင်းကုပ်ထဲ ရောက်သွားလိမ့်မယ်နော်"

ဟူ၍ သာသာနှင့် နာနာကလေး နက်လိုက်ရာ အထွန့်တက်မိလေသော ဒကာနှင့်တကွ ပရိသတ်အပေါင်းလည်း တသောသော တဝေါဝေါ ရယ်မောကြလေသတတ်။

☺ ☺ ☺

နာလည်းနာသည် နံလည်းနံသည်



# နာလည်းနာသည်၊ နံ့လည်းနံ့သည်

တစ်ခါက ဘယ်ကဘယ်လို ဖြစ်သည်မသိ။

မောင်သာဝဆိုသော ပုဂ္ဂိုလ်သည် သင်္ဂဇာဆရာတော်အား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ရန် ကြံစည်ကြိုးပမ်းခဲ့သည်။ သည့်အတွက် ဒိဂါ၊ ဒကာမအပေါင်းသည် မကျေမနပ် ဒေါသအကြီးအကျယ်ထွက်ကာ မောင်သာဝကို ဖမ်းဆီး၍ တရားဥပဒေအရ ထိုက်သင့်သော ပြစ်ဒဏ်ခံရစေရန် ရုံးတင်စစ်ဆေးဖို့အကြောင်း ဆရာတော်အား အသိပေးလျှောက်ထားလေသည်။

ထိုအခါ သင်္ဂဇာဆရာတော်က

"မလုပ်ကြပါနဲ့ကွယ် .. အမှုဖွင့်ပြီးရင်လည်း ပိတ်လိုက်ကြပါ"

ဟူ၍ ဥပေက္ခာတရားကို လက်ကိုင်ပြုသာစကား အား မိန့်ကြားလိုက်လေသည်။ သည့်အတွက် ဒကာ၊ ဒကာမ အပေါင်းမှာ မခံချိမခံသာ ဖြစ်ကြရလေ၏။

"မဟုတ်သေးပါဘူး ဆရာတော်ဘုရား။ သည်လိုမျိုး သံဃာတော်အပေါ်ကို ကာယကံမြောက် စော်ကားတဲ့ ငမိုက် သားကို ထိရောက်တဲ့ ဒဏ်ခတ်မှုမျိုးတော့ ပြုသင့်ပါတယ် ဘုရား။ အရှင်ဘုရား ခွင့်ပြုမယ်ဆိုရင် တပည့်တော်တို့ဟာ တပည့်တော်တို့ ရှုံးတင် အမှုဖွင့်ချင်ပါတယ် ဘုရား"

"သည်းခံကြပါ ဒကာတို့ရယ်။ ခန္တီစဆိုတဲ့ သည်းခံ ခြင်းတရားကို လက်ကိုင်ထားကြပါ။ အမှုအခင်းတစ်ခု ဖြစ် တယ်ဆိုရင် အင်မတန်မှ အလုပ်များတယ်လို့ လောကီလူသား တွေ ပြောကြဆိုကြတာကို ဘုန်းကြီးကြားပါတယ်။ အမှုအခင်း တစ်ခုဖြစ်လာရင် အသိသက်သေတွေဆိုတာ ရုံးကဆင့်ခေါ် လို့ မပျက်မကွက်သွားရပါလိမ့်မယ်။

အဲဒီမှာ အဓိကကျတဲ့ ဘုန်းကြီးဟာလည်း ရုံးတော် က ဆင့်ဆိုရင် မကြွမဖြစ် ကြွရမှာအမှန်ပဲ။ အဲသည်အခါကျ ရင် ဘုန်းကြီး မမြင်လို၊ မတွေ့လိုတဲ့ ငသာဝရဲ့ မျက်နှာကို တွေ့နေရဦးမယ်။

ဘုန်းကြီးအဖို့ ငသာဝလို ငမိုက်သားမျိုးကို မြင် လည်း မမြင်လိုဘူး။ အသံလည်း မကြားလိုဘူး။ သည်လို

မိုက်သားမျိုးဆိုတာ သည်ဘဝမှာပဲ လူ့အဖြစ်ကိုရတာပါ။ တမလွန်ရောက်ရင်ဖြင့် လူပြည်မှ ဖဲကြဉ်ပြီး ငရဲကို ဇောက်ထိုး တန်းကျမှာ သေချာတယ်။

အဲသည်လို ငရဲကို ကျိန်းသေပေါက် တန်းကျမယ့် မိုက်သားကို ဘာ့ကြောင့်များ ရန်လုပ်လိုကြသေးလဲကွယ်။ သူ့ထိုက်နဲ့ သူ့ကံ ရှိပါစေတော့။ ကျေကြပါတော့ ဒကာတို့ရယ်"

"ဆရာတော် ပြောတာလည်း ပြောတာပဲပေါ့ဘုရား။ တပည့်တော်တို့ကတော့ ကိုယ့်ဆရာအရှင်ကို ကိုယ်ထိလက် ရောက် စော်ကားတဲ့ သောဝအပေါ် နည်းနည်းကလေးမှ မကျေနပ်နိုင်ပါဘူးဘုရား။ အဲသည်းတဆတ်ဆတ် နာလှပါ တယ်ဘုရား"

"အင်း . . ဒကာတို့မှာတော့ နာရုံသာ နာပါတယ်။ ဘုန်းကြီးမှာတော့ တရားလည်းဟောရသေး၊ သေနတ်လည်း အပစ်ခံရသေးဆိုတော့ 'နာလည်းနာသေး၊ နံလည်းနံသေး' ဆိုတဲ့ စကားဥပမာလို ဖြစ်နေပြီကောကွယ်"

"အရှင်ဘုရား . . အဲသည် 'နာလည်းနာ၊ နံလည်းနံ သေး'ဆိုတဲ့ စကားဥပမာကို ရှင်းလင်းဟောကြားပေးတော်မူ ပါဘုရား"

တပည့် ဒကာ၊ ဒကာမအပေါင်းက လျှောက်ထား တောင်းပန်သဖြင့် ဆရာတော်လည်း စကားဥပမာ ထင်လင်း

စေရန် ပုံပြင်တစ်ပုဒ်ကို ထုတ်နုတ်ပြောဆိုလေတော့သည်။

ရှေးအခါက တောရွာတစ်ရွာတွင် အဘိုးကြီး၊ အဘွားကြီး လင်မယား ရှိကြလေသည်။ တစ်နေ့သော် ထိုအဘိုးကြီး၊ အဘွားကြီး လင်မယားသည် အကြောင်းကိစ္စတစ်ခုဖြင့် ခွန်းကြီးခွန်းငယ် စကားများကြရာမှ ဒေါသကို မထိန်းနိုင်ဘဲ လုံးထွေး သတ်ပုတ်ကြလေသည်။ ထိုသို့ လုံးထွေး သတ်ပုတ်ကြစဉ် တစ်ယောက်နှင့်တစ်ယောက် မိရာလုမ်းဆွဲ၊ ကုပ်ဖဲ့၊ ကိုက်ခဲကြရာ အဘိုးကြီးသည် အဘွားကြီး၏ ပေါင်ခြံကို ကိုက်မိလေသည်။ အဘွားကြီးကလည်း အဘိုးကြီး၏ ကျောကုန်းကို တံတောင်ဖြင့် ဆောင့်၍ ထောင်းတော့သည်။

ထိုသို့ ဝရုန်းသုန်းကား ဖြစ်နေကြစဉ် အိမ်နီးနားချင်းများ ရောက်ရှိလာကြကာ အဘိုးကြီးကိုလည်းကောင်း၊ အဘွားကြီးကိုလည်းကောင်း ဆွဲလွဲ၍ ဖျန်ဖြေပေးလိုက်ကြလေ၏။

ညဘက်သို့ရောက်လေသော် အဘိုးကြီးနှင့် အဘွားကြီးလည်း စိတ်အနည်ထိုင်စပြုပြီဖြစ်၍ အဘွားကြီးကပင် စတင် စကားစလိုက်လေသည်။

"အဘိုးကြီးနှယ်တော်. . သွားအပြည့်အစုံ မရှိပေလို့ဘဲ၊ ရှိရင် ကျုပ်ပေါင်သားတွေ ပြတ်ကျမလားမသိဘူး။ နာလိုက်တာမှ တစစ်စစ်နဲ့။ အကွင်းကြီးကို ဖြစ်လို့။ ဆန်ကွဲ

ထောင်းပြီး အုံမှဖြစ်မယ်"

ထိုအခါ အဘိုးကြီးက

"အောင်မာ . . မယ်မင်းက နာရှုံသာ နာတာပါကွယ်။ ကျုပ်မှာက ကျောပြင်တစ်ခုလုံး အောင့်လောက်အောင် နာနေတယ်။ သံတူရွင်းနဲ့ ထောင်းသလားတောင် အောက်မေ့ရတယ်။ ကျုပ်မှာတော့ မယ်မင်းရဲ့ ပေါင်ခြံကို ကိုက်မိလို့ ကျောပြင်တစ်ခုလုံး နာလည်းနာတဲ့အပြင် နှာခေါင်းတစ်ခုလုံး ပေါင်နေအောင်ကို နံလည်းနံသေးဗျာ"

ဟူ၍ ပြောလိုက်လေ၏။

ပုံပြင်ကလေးဆုံးလေတော့ ဆရာတော်ကြီးက

"အဲသည် ပုံပြင်ဥပမာလိုပေါ့ကွယ်။ တပည့်တော်တို့မှာ ကိုယ့်ဆရာတော်အတွက် နာရှုံသာ နာတာပါ။ ဘုန်းကြီးမှာတော့ဖြင့် 'နာလည်းနာသေး၊ နံလည်းနံသေး'ဆိုသလို ဖြစ်နေပြီကွယ့်"

ဟူ၍ ပြောဆိုလေရာ တပည့်ဒကာ ဒကာမအပေါင်းမှာလည်း ရှေ့နောက်ဆင်ခြင်တွေးတောလျက် ဒေါသအရှိန်များလျော့ပါးသွားပြီး ပြုံးပြုံးရယ်ရယ် ဖြစ်သွားကြလေသတည်း။

☺ ☺ ☺

# ဘေးချူးကောက်ရလို့ ပေါက်ကရလုပ်တဲ့ပုံပြင်



## ဆေးဘူးကောက်ရလို့ ပေါက်ကရလုပ်တဲ့ပုံပြင်

တစ်ခါက သင်္ဂဇာဆရာတော်သည် မြန်မာနိုင်ငံ အရပ်ရပ်သို့ လှည့်လည်တရားဟောလျက်ရှိရာ မြို့နယ်ကလေးတစ်ခုသို့ ရောက်ရှိသွားလေ၏။

ထိုအခါ မြို့နယ်အတွင်းရှိ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့သည် ဆရာတော် သီတင်းသုံးရာသို့ လာရောက်ဖူးမြော်ကြလေသည်။ ထိုသို့ ဖူးမြော်ကြကုန်သော ပရိသတ်အပေါင်းတွင် မြန်မာဗိန္ဒောဆရာတစ်ဦးလည်း ပါဝင်လေ၏။ ထိုဆရာကို ဆရာတော်ကြီးသည် မျက်မှန်းတန်းမိနေသည်ဖြစ်၍

"ဒကာကြီးက ဘာနဲ့များ အသက်မွေးဝမ်းကြောင်း ပြုပါသလဲ"

ဟူ၍ မေးမြန်းလေသောအခါ

"တင်ပါ့ဘုရား . . တပည့်တော်ဟာ ပင့်လူနာတွေ မှန်သမျှကို လှည့်လည်ဆေးကုသပေးနေတဲ့ မြန်မာဗိန္ဓော ဆရာတစ်ဦးအဖြစ် အသက်မွေးဝမ်းကြောင်းပါတယ်ဘုရား"

ဟု ပြန်လည်ဖြေကြားလျှောက်တင်လိုက်လေသည်။

"ဆေးဆရာဆိုတော့ သူတစ်ပါးရဲ့ ရောဂါဝေဒနာ အသက်ကို ကယ်တင်ပေးတဲ့အလုပ်ပဲ။ အင်မတန်မှ မွန်မြတ် ပါပေတယ်။ ဒါပေတယ်လို့ ဆေးအနီတစ်ဘူးကောက်ရလို့ ပေါက်တတ်ကရလုပ်တဲ့ သူငယ်ချင်းနှစ်ယောက်လို မဖြစ် စေနဲ့"

သည်သို့သော မိန့်ဆိုစကားကြောင့် ဗိန္ဓောဆရာနှင့် တကွ ပရိသတ်အပေါင်းမှာလည်း စိတ်ဝင်တစားဖြစ်သွား ကြပြီး အဆိုပါ ဥပမာပုံပြင်ကို ရှင်းလင်းပြောပြတော်မူပါရန် လျှောက်ထားတောင်းပန်လေသော် သင်္ဃာဆရာတော်လည်း အောက်ပါအတိုင်း ဖွင့်ဆိုပြောကြားလေတော့သည်။

ရှေးအခါက တောရွာတစ်ရွာ၌ တစ်ဦးနှင့်တစ်ဦး လည်ပင်းဖက်ကြီးပြင်းလာခဲ့ကြသော သူငယ်ချင်းနှစ်ယောက် ရှိလေသည်။ တစ်ဦး၏အမည်မှာ မောင်ငြိမ်းဖြစ်၍ ကျန်တစ်

ဦး၏အမည်မှာ မောင်ကိန်းဖြစ်လေသည်။ ကျေးလက်တော ရွာ၌ ဓားမဦးချ လုပ်ကိုင်ပါသော်လည်း ကြီးပွားမည့်လမ်းစ ကို မမြင်၍ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုသည့် ထုံးကို နှလုံးမူကာ ဇာတိရပ်ရွာကလေးမှ ထွက်လာခဲ့ကြလေ၏။

သည်လိုနှင့် တစ်ရွာပြီးတစ်ရွာ လှည့်လည်လာကြ စဉ် လမ်းခွတ်လပ်တစ်နေရာဝယ် ဆေးမှုန့်များထည့်ထား သည့် ဘူးအနီကလေးတစ်ဘူးကို ကောက်ရခဲ့လေသည်။

"ဟာ . . မောင်ကိန်းရေ။ ဘူးထဲမှာ ဆေးမှုန့်တွေကွ။ ဆေးမှုန့်တွေ"

"ဟုတ်တယ် . . မောင်ငြိမ်းရဲ့။ အံမယ် . . လျှာနဲ့ လျက်ကြည့်တော့ သက်တက်တက်နဲ့ကွ"

"ဘာပဲပြောပြော ဒါဟာ တို့အတွက်တော့ မင်္ဂလာ နိမိတ်ကောင်းပဲ။ ငါတို့ ဘာလုပ်ရမယ်ဆိုတာကို သမာဒေဝ နတ်ကောင်းနတ်မြတ်တွေက နိမိတ်ပြ လမ်းညွှန်လိုက်တာဖြစ် မယ်"

"ဘာလဲ . . တို့ကို ဆေးကုစားဖို့ လမ်းညွှန်တဲ့ သဘောလား"

"ဟုတ်ပ . . မောင်ကိန်းရယ်။ မင်းလည်း ဒုံးမဝေး တော့ဘူး။ ဟုတ်တယ်ကွ။ တို့ကို ဆေးဆရာလုပ်စားဖို့အတွက် ဆေးတွေတောင် ထည့်ပေးလိုက်တာပဲ။ တို့တော့ ဘဝတွေ

ပြောင်းလဲတော့မယ်ကွ။ မောင်ကိန်းရ"

သို့ဖြင့် မောင်ငြိမ်းနှင့် မောင်ကိန်းလည်း ဆေးဘူးကို ယူဆောင်လျက် လူနာကုသရန် လူနာရှာ ထွက်လာခဲ့ကြလေသည်။

ဤတွင် မမျှော်လင့်ဘဲ ရွာတစ်ရွာသို့အရောက် အသည်းအသန် ဝေဒနာခံစားနေရသည့် လူမမာ၏အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားခဲ့လေသည်။

"အတော်ပဲ . . မောင်ကိန်းရေ။ တို့တော့ ရတနာပုံ ဆိုက်တာပဲကွ"

"ဟုတ်ပ . . မောင်ငြိမ်းရယ်။ တို့နဲ့ထိုက်လို့ ရလာတဲ့ ဆေးဘူးအနီကလေးကို အရင်းပြုပြီး ဆေးကုလိုက်ကြရအောင်ဟ"

သို့ဖြင့် လူနာရှင်ကို့အား အကျိုးအကြောင်း ပြောပြပြီး ဆေးကုသခွင့်ကို တောင်းခံလိုက်ကြလေသည်။ စင်စစ် လူနာမှာ မည်သည့်ဆရာမှ လက်သင့်မခံနိုင်တော့ဘဲ လက်လျှော့ရသည့် အခြေအနေမို့ ကောင်းပင်ကောင်းရဲ့သဘောမျိုးဖြင့် ၎င်းတို့နှစ်ဦးအား ဆေးကုသခွင့် ပြုလိုက်လေ၏။ ထိုအခါ မောင်ငြိမ်းက ဆေးဘူးအနီကလေးကိုဖွင့်လျက် ဘူးထဲမှ ဆေးမှုန့်အနည်းငယ်ကိုယူကာ မျက်ဖြူဆိုက်နေသော လူနာအား တိုက်လိုက်လေသည်။ မကြာခင် မျက်ဖြူဆိုက်နေသော

လူနာသည် ဝမ်းတွေ လားပါလေတော့သည်။

"ဗျို့ . . ဆရာတို့။ ကျုပ်တို့ လူနာခမျာ အားမရှိရတဲ့အထဲ ဝမ်းတွေလားနေတယ်ဆိုတော့ ဟုတ်မှ ဟုတ်ပါ့မလား ဗျာ"

ဤတွင် မောင်ကိန်းက ဟန်ကိုယ့်ဖို့ သဘောဖြင့်

"ဟာ . . ဒါက အပူဝမ်းတွေဗျ၊ အပူဝမ်းတွေ။ လူနာရဲ့ ဝမ်းထဲမှာ မလိုလားအပ်တဲ့ အပူဝမ်းတွေ စုနေလို့ ကျုပ်တို့ တိုက်တဲ့ဆေးက အပူအပုပ်တွေ ကင်းစင်သွားအောင် သန့်ပေးလိုက်တာဗျ။ သန့်ပေးလိုက်တာ။ နောက်ထပ်တစ်ခွက် ထပ်တိုက်လိုက်ရင် ခင်ဗျားတို့လူနာ ငုတ်တုတ်ထထိုင်မှာ သေချာတယ်"

"ဒါဖြင့်လည်း ဆက်ကုပေးပါဗျာ"

မောင်ငြိမ်းလည်း ဘူးထဲမှ ဆေးမှုန့်အနည်းငယ် ထပ်ထုတ်ကာ ရေဖျော်ပြီး လူနာအား ပါးစပ်ဖြဲလျက် နောက်တစ်ခွက် ထပ်တိုက်လိုက်ပြန်သည်။

မကြာပါချေ။

လူနာခမျာ တွန့်လိမ်ကာ ဝေါခနဲ၊ ပျော့ခနဲ ဝမ်းတွေ အဆက်မပြတ်ပေါက်ထွက်ရင်း မျက်ခွံလန်ကာ အသက်ထွက်သွားလေတော့သည်။ ဤတွင် မောင်ငြိမ်းနှင့် မောင်ကိန်းလည်း မည်သို့မည်ပုံ ဖြေရှင်းရမှန်း မသိတော့။ လူနာရှင်တွေ

ကလည်း ရှိက်မည်၊ ပုတ်မည်၊ သတ်မည်၊ ဖြတ်မည် တကဲကဲ လုပ်လာကြသည်။ မောင်ငြိမ်းနှင့် မောင်ကိန်းလည်း မျက်ရည်လည်ရွဲဖြင့် လက်အုပ်ချီကာ ရွာလူကြီးကို ရှိခိုးဦးတင် တောင်းပန်ရင်း ၎င်းတို့၏ အဖြစ်သနစ်ကို တင်ပြကြလေသည်။ ထိုအခါ သမာသမတ်ရှိသော ရွာလူကြီးက ကြီးသောအမှု ငယ်စေ၊ ငယ်သောအမှု ပပျောက်စေရန်အတွက် လူနာရှင်တို့အား ဖြေရှင်းဖြောင်းဖျ ပြောဆိုနှစ်သိမ့်ရတော့သည်။

"ပြီးတာတွေလည်း ပြီးပြီပဲကွယ်။ နဂိုကတည်းက မင်းတို့လူနာကို ဆရာပေါင်းစုံက လက်လွှတ်လိုက်ကြလို့ သေမယ့်အချိန်ကိုပဲ စောင့်နေကြတာ မဟုတ်လား။ အကျယ်အကျယ် မငြိမ်းဖွယ် မလုပ်ကြပါနဲ့တော့။ ကိုင်း . . တတ်ယောင်ကား ဆေးဆရာနှစ်ယောက်။ မင်းတို့အပြစ် မင်းတို့သိတယ်နော်"

"ဟုတ် . . ဟုတ်ကဲ့၊ သိပါတယ် သူကြီး"

"အေး . . သိရင် မင်းတို့နှစ်ယောက် အဲသည်အလောင်းကိုသယ်ပြီး သင်္ချိုင်းမှာသွားလို့ မြေမြှုပ်သင်္ဂြိုဟ်ပေးရမယ်။ ဟုတ်လား"

"ဟုတ် . . ဟုတ်ကဲ့။ ကျွန်တော်တို့ အလောင်းကြီးသယ်မပြီး မြေမြှုပ်သင်္ဂြိုဟ်ပေးပါ့မယ် ခင်ဗျား"

သို့ဖြင့် မောင်ငြိမ်းနှင့် မောင်ကိန်းလည်း ဝမ်းတစက်

စက်ယို ထွက်နေသော သက်မဲ့အလောင်းကြီးကို ရှေ့တစ်ယောက်၊ နောက်တစ်ယောက် ထမ်းလျက် သင်္ချိုင်းသို့ သယ်မသွားကြလေတော့၏။ ဤ၌ ရှေ့ကထမ်းသူမှာ ဘာမျှမဖြစ်။ ခြေထောက်ဘက်က ထမ်းရသောသူမှာတော့ အလောင်းကောင်၏စအိုဝမှ ထွက်ကျလာသည့် မစင်များကြောင့် တစ်ကိုယ်လုံးပေရေကာ နံစော်နေလေတော့၏။ သင်္ချိုင်းကိုရောက်တော့ အလောင်းအား မြေမြှုပ်သင်္ဂြိုလ်လိုက်ကြတော့သည်။ ကိစ္စအပြီးတွင်

"ဒီတစ်ခါ တို့ကံမကောင်းလို့ ခုလိုဖြစ်သွားရတာပါ။ ကိုင်း . . နောက်ထပ် လူနာရှာကြဦးစို့"

"တော် . . တော်ပါတော့ မောင်ငြိမ်းရယ်။ မင်းက ရှေ့ကထမ်းလို့ ဘာမှမဖြစ်ဘူး။ ငါ့မှာတော့ ချေးအလူးလူးခံရပြီး နံစော်တာပဲ အဖတ်တင်တယ်။ အခြားအလုပ်ပဲ ပြောင်းကြပါစို့ကွာ"

ပုံပြင်ကလေးက ဤတွင် အဆုံးသတ်သွားပါ၏။ ထိုအခါ သင်္ဃာဆရာတော်မှ ဒကာဆေးဆရာအား

"အဲသည် ဥပမာပုံပြင်ကလေးလိုပဲ။ ဆေးဘူးအနီကလေး ကောက်ရတာနဲ့ ပေါက်တတ်ကရလုပ်တဲ့ လူလိမ်ဆေးဆရာလို ဖြစ်မှာစိုးလို့ သတိပေးရတာပါ။ ဆေးတစ်မျိုးတည်းနဲ့တော့ ရောဂါစုံမကုသပါနဲ့ ဒကာရယ်"

ဟု မိန့်ဆိုလိုက်လေရာ ဆေးဆရာနှင့်တကွ ပရိသတ် အပေါင်းမှာလည်း တအုံးအုံး ရယ်မောကြရလေတော့ သတည်း။

☺ ☺ ☺



## အားနာတတ်ပုံများ

သဂ်ဇာဆရာတော်သည် ရန်ကုန်မြို့သို့ ကြွတော်မူပြီးနောက် ဒကာ၊ ဒကာမအပေါင်းတို့အား နို့ဗ္ဗာန်ရောက်ကြောင်း တရားတော်တို့ကို ချီးမြှင့်လျက်ရှိလေသည်။

တစ်နေ့ ဆရာတော်၏ တရားပွဲ၌ ဒကာတစ်ယောက်သည် သားငယ်ကလေးကို လက်ဆွဲလျက် တရားသဘင်သို့ ရောက်ရှိလာပြီး ဆရာတော်ဟောကြားသော တရားတော်ကို နာယူလျက်ရှိလေသည်။ တရားတော်ဟောကြား၍ ဆုံးလေလျှင် အဆိုပါဒကာသည် သားကလေးနှင့် ဆရာတော်၏ထံပါးသို့ တိုးကပ်လျက်

"အရှင်ဘုရား . . . တပည့်တော်တို့ ဇနီးမောင်နှံဟာ ဗုဒ္ဓဘာသာဝင်တွေဖြစ်ကြပါတယ်။ ဒါပေမဲ့ ဟောဒီသား ကလေးကျတော့ ဗုဒ္ဓဘာသာကို ပစ်ပယ်ပြီး တခြားဘာသာ တွေကို လိုက်လံကိုးကွယ်လျက်ရှိပါတယ်။ အဲသည်ကိစ္စအတွက် ဆရာတော်မှ တရားဟောပြ ဆုံးမပေးတော်မူပါဘုရား"

ဟူ၍ လျှောက်ထားတောင်းပန်လေသည်။

ထိုအခါ ဆရာတော်က ဗုဒ္ဓဘာသာတရား၏ လေး နက်ပုံကို လူရွယ်နားလည်သဘောပေါက်စေရန် အကျိုး အကြောင်း ဆက်စပ်လျက် ဖွင့်ဆိုရှင်းပြ ဟောကြားတော်မူ လေသည်။ ပြီးလေသော်

"နေပါဦး ဒကာလေးရယ် . . ကိုယ့်မိဘတွေက ဗုဒ္ဓ ဘာသာဝင်တွေဖြစ်ကြပြီး ဒကာလေးကျခါမှ ဘာဖြစ်လို့ တခြားဘာသာကို လိုက်ပြီးကိုးကွယ်နေရတာလဲ"

ဟု မေးလေသော် ဒကာ၏သား လူရွယ်က

"အရှင်ဘုရား . . တပည့်တော်အနေနဲ့ တခြားဘာ သာကို နားလည်လို့ မဟုတ်ရပါဘူးဘုရား။ တပည့်တော်ရဲ့ အပေါင်းအသင်းသူငယ်ချင်းတွေက သူတို့ဘာသာထဲဝင်ဖို့ ဆွယ်ကြတာနဲ့ အားနာပါးနာ ပါသွားတာပါဘုရား"

ဟု ပြန်လည်ဖြေကြားလိုက်လေသည်။

"အင်း . . ဒကာလေးဟာကလည်း အားမနာသင့်

တာကိုမှ အားနာနေတာကိုး။ ပြောရရင် ဒကာလေးအဖြစ်က ဟိုပုံပြင်တစ်ပုဒ်လို ဖြစ်နေပြီ"

"ဘယ်လိုပုံပြင်လဲဘုရား။ တပည့်တော်ကို ရှင်းလင်းမိန့်ကြားပေးတော်မူပါဘုရား"

"ပုံပြင်ကလေးကတော့ သည်လိုကွယ့်။ ဟိုး . . ရှေးရှေးတုန်းက ဆိုပါတော့။ တောရွာကလေးတစ်ရွာမှာ အထည်ရောင်းစားတဲ့ ဈေးသည်တစ်ယောက် ရှိလေရဲ့။

တစ်နေ့ . . အထည်တွေကို ရောင်းချနေတုန်းမှာ ယောက်ျားတစ်ယောက်ဟာ ဆိုင်ရှေ့လာရပ်ပြီး လုံချည်တစ်ထည်ကို ကောက်ယူရင်း

"ဒီလုံချည်က ဘယ်လောက်ရှိသလဲခင်ဗျ"

လို့ မေးလိုက်တယ်။ သည်တော့ ဈေးသည်မက

"မောင်ကြီးကို ဈေးစကားပြောဆိုရမှာ အားနာလှပါတယ်ရှင်။မောင်ကြီးဘာသာ မောင်ကြီးပဲ ပေးနိုင်တဲ့ဈေးကို ပြောပါ။ ရောင်းနိုင်တဲ့ အနေအထားရှိရင်လည်း ရောင်းလိုက်မှာပါရှင်လို့ ပြောသတဲ့။ အဲသည်မှာ ဈေးဝယ်ယောက်ျားက

"ကျုပ်လည်း ဈေးပေးရမှာ အားနာတယ်ဗျာ။ နည်းသော်ရှိ များသော်ရှိ မကောင်းဘူးထင်ပါတယ်။ ငါ့နှမပဲ ဈေးပြောကြည့်ပါကွယ်"

လို့ ပြန်ပြောလိုက်တယ်။

ဈေးသည်မကလည်း မရဘူး။

"အို . . ပေးသာပေးပါ။ မောင်ကြီးပေးနိုင်မယ်ထင်တဲ့ ဈေး.. ခပေးပါ။ ကျွန်မကလည်း ဈေးဆိုရမှာ အားနာလွန်းလို့ပါ"တဲ့။

"ဟာဗျာ . . ကျုပ်ကလည်း နှမလို အားနာတတ်တာပဲဗျ။ အားနာတာမှ မပြောပါနဲ့တော့။ ကျုပ် အားနာလွန်းတာနဲ့ ငွေငါးသောင်းတောင် ဆုံးသွားဖူးတယ်"

အဲသည်လိုလည်း ဈေးဝယ်ယောက်ျားက ဆိုလိုက်ရော ဈေးသည်မကလည်း အားကျမခံ

"အင်း . . မောင်ကြီးအားနာလို့ ဆုံးရှုံးခံရတာက ငွေငါးသောင်းထဲရယ်။ ကျွန်မ အားနာတာလောက်တော့ မဆိုးပါဘူး"

"ဘယ်လို မဆိုးတာလဲ။ ပြောစမ်းပါဦးဗျာ"

"ကျွန်မ အားနာတာက ဟောဟိုမှာ ဆော့နေတဲ့ ကလေးတွေ တွေ့ရဲ့မဟုတ်လား"

"အင်း . . တွေ့ပါရဲ့၊ ငါးယောက်တောင်မှ"

"ဟုတ်တယ် . . အဲသည် ငါးယောက်စလုံးမှာ တစ်ယောက်မှ အဖေခေါ်စရာမရှိဘူး မောင်ကြီးရဲ့"တဲ့။

အဲသည်ပုံပြင်လေးလိုပါပဲ။ ဒကာလေးလည်း အပေါင်းအသင်းတွေအပေါ် အားနာတာနဲ့ မိရိုးဖလာ ဗုဒ္ဓ

ဘာသာကို ပစ်ပယ်ထားတာ တော်တော်ကြာ ဈေးသည်မ ကလေးငါးယောက် အဖေမပေါ်ဘဲမွေးသလို ဖြစ်နေပါဦး မယ်ကွယ်"

ဟူ၍ ဆရာတော်က အမိန့်ရှိလိုက်လေရာ ကာယကံ ရှင်သားအဖနှစ်ယောက်နှင့်တကွ ပရိသတ်အပေါင်းမှာ အုံး ခနဲ ရယ်မောလိုက်ကြလေသည်။

အဆိုပါ ထိရောက်သော စကားဥပမာကြောင့် လူရွှယ်လည်း အသိအမြင် မှန်ကန်သွားခဲ့ပြီး မိဘများ စိတ် ချမ်းသာရသည့် ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်သွားခဲ့လေ တော့တကား။

☺ ☺ ☺



# ရေဆေးလေလေ သေးလေလေ

သင်္ဂဇာဆရာတော် မန္တလေးမြို့တွင် သီတင်းသုံးနေ ခိုက် ဖြစ်သည်။

မြို့တစ်မြို့မှ ဒကာ၊ ဒကာမအုပ်စုတစ်စုသည် ဆရာ တော် သီတင်းသုံးရာ ကျောင်းတော်သို့ ရောက်ရှိလာကြသည်။

"အရှင်ဘုရား . . . တပည့်တော်တို့ မြို့မှာရှိတဲ့ ရွာ တစ်ရွာမှာ သီတင်းသုံးမယ့် ကျောင်းထိုင်ကိုယ်တော် တစ်ပါးမှ မရှိ ဖြစ်နေပါတယ်ဘုရား။ ကျောင်းကလည်း ဆောက်လုပ်ပြီး စီးတာ မကြာသေးပါဘူး။ အဲဒါ ကျောင်းထိုင်ဖို့ သင့်တော်မယ့် သံဃာတော်တစ်ပါးပါးကို ချီးမြှင့်ပေးတော်မူပါဘုရား"

"အင်း . . နေဦး . . နေဦး။ ကျောင်းထိုင်ကိုယ်တော် လိုတယ်ဆိုတော့၊ အင်း . . ငါ့ကျောင်းမှာ ဝါအကြီးဆုံး ရဟန်း (၁၀)ဝါရပြီဖြစ်တဲ့ ဦးဝိသုဒ္ဓကို ထည့်ပေးလိုက်မယ်။ ကိုင်း . . ဘယ့်နှယ်လဲ"

"ကောင်းပါတယ်ဘုရား . . အဆင်ပြေပါတယ် ဘုရား"

သို့ဖြင့် ဒကာ၊ ဒကာမတို့ ပြန်ကြလေသောအခါ ဦးဝိသုဒ္ဓကို ကျောင်းထိုင်ရန်အတွက် ဆုံးမသွန်သင် ဩဝါဒ ပေးစရာတွေပေးပြီး တစ်ပါတည်း ထည့်လိုက်လေသည်။

ဆရာတော်အဖို့ တပည့်ဖြစ်သူ ဦးဝိသုဒ္ဓနှင့် ရပ်ရွာ ဒကာ၊ ဒကာမတို့ ညီညွတ်အဆင်ပြေလေပြီဟု ထင်မှတ်ထား သည်။ သို့ရာတွင် ဤသို့မဟုတ်ပါချေ။

ဦးဝိသုဒ္ဓ ထိုရွာရောက်၍ ကျောင်းထိုင်သီတင်းသုံးပြီး များမကြာမီမှာပင် သံသယဖြစ်ဖွယ် လောကီအမှု အရှုပ် အထွေးများ ရှိသည်ဆိုကာ အခြားအခြားသော သံဃာတော် များက ဝိုင်းပယ်ကာ ကြဉ်ထားကြလေသည်။

မကြာမီ သင်္ဃာဆရာတော် အကြောင်းကိစ္စတစ်ခု ဖြင့် တပည့်ဖြစ်သူ ဦးဝိသုဒ္ဓ သီတင်းသုံးရာ ကျောင်းဝန်းကျင် ရှိ မြို့ကလေးသို့ ရောက်ရှိသွားလေသည်။ ဦးဝိသုဒ္ဓလည်း ဆရာအရှင် ကြွလာသည်ကို သတင်းကြားသိရသောအခါ

ဆရာတော်ရှိရာ ကြွလာခဲ့ပြီး ဝတ်ကြီးဝတ်ငယ်တို့ကို အလိုက်တသိ ပြုနေလေသည်။ သည့်အတွက် ဆရာတော်လည်း ကျေနပ်အားရ ရှိလှတော့သည်။

"ဟဲ့ . . ဝိသုဒ္ဓ . . နင့်ကျောင်းမှာ သီတင်းသုံးရတာ အဆင်ပြေတယ် မဟုတ်လား"

"အင်း . . အဲ . . ဘယ်လို ပြောရမှန်းမသိပါဘူး ဘုရား"

"ဟ . . ဘာတွေ ဖြစ်နေလို့လဲ"

"ဘာတွေ ဖြစ်နေလဲဆိုတော့ တပည့်တော်ကို သံဃာတော်အားလုံးက ဒကာမတစ်ယောက်နဲ့ ငြိစွန်းနေတယ်ဆိုပြီး မတရားစွပ်စွဲလို့ 'ကြဉ်'ထားကြပါတယ် ဘုရား"

"ဟယ် . . ဘယ်လိုဖြစ်ရတာလဲ ဝိသုဒ္ဓရယ်။ နေစမ်းပါဦး . . သံဃာတော်တွေ ကြဉ်ရလောက်အောင် နင် ငြိစွန်းခြင်း ရှိ၊ မရှိ ငါ စစ်ဆေးကြည့်ပါဦးမယ်။ မှန်တဲ့အတိုင်းတော့ ဖြေနော်"

"တင်ပါ့ . . ဘုရား"

သက်ဇာဆရာတော်က ဝိနည်းတော်နှင့် လျော်ညီစွာ အမှု အသွားအလာအား သေချာစွာ ထောက်ဆစစ်ဆေးလေသောအခါ ဦးဝိသုဒ္ဓ၏ မစင်ကြယ်မှု အပြစ်တို့ကို တွေ့မြင်လာရသည်။ တပည့်ဖြစ်သူကား သာသနာ၏ အမှိုက်တစ်စ

ဖြစ်နေလေပြီတကား။

"အင်း . . ဝိသုဒ္ဓ . . ဝိသုဒ္ဓ။ ငါ့တပည့်ရဲ့ အမှုကိစ္စက ငါ ဆရာတော်လည်း ကယ်တင်လို့ မရနိုင်တော့ဘူး။ ဘာနဲ့ အလားသဏ္ဌာန် တူသလဲဆိုတော့ ငါ့တပည့်ကို ကျောင်းထိုင် အဖြစ် ထည့်လိုက်တာ 'မိအေးကို လှေထိုးထည့်လိုက်သလိုမျိုး' ဖြစ်နေပါရော့လားကွယ်"

"တင်ပါ့ . . အဲသည် စကားဥပမာကို ရှင်းလင်း အောင် မိန့်ကြားပေးတော်မူပါဘုရား"

ဤသို့ ဦးဝိသုဒ္ဓမှ တင်ပြလျှောက်ထားလာလေတော့ ဆရာတော်လည်း စကားဥပမာကို ထင်လင်းအောင် မိန့်ဆိုရ တော့သည်။

"ဒီလို . . ဦးဝိသုဒ္ဓရဲ့ . . ဒီလို . .

ဟိုးတစ်ခါတုန်းက ရတနာပူရဆိုတဲ့ အင်းဝရွှေမြို့ တော်ကြီးက တောင်ပြင်သူဌေးလင်မယားမှာ မိအေးဆိုတဲ့ အခိုင်းအစေမလေး တစ်ယောက်ရှိတယ်။ တစ်နေ့တော့ ကုန်တွေသယ်ပို့ရမယ့် ရေလမ်းခရီးမှာ လှေထိုးသမားတစ် ယောက် ရှာမရဖြစ်နေတာကြောင့် ယုံလည်းယုံကြည်ရ၊ စိတ် လည်းစိတ်ချရ၊ ဖျတ်ဖျတ်လတ်လတ်လည်းရှိတဲ့ မိအေးကိုပဲ လှေထိုးသားအဖြစ် ထည့်လိုက်မိတယ်။

မိအေးဟာ ရေကြောင်းခရီးကို စုန်ဆင်းရင်း လှေထိုး

သားတစ်ဦးနဲ့ ချစ်ကျွမ်းဝင်မိသွားတယ်။ စိတ်အလိုကို မလွန်ဆန်နိုင်အောင် ဖြစ်သွားတယ်။ ဒါနဲ့ပဲ အပြန်ခရီးမှာ ကိုယ်ဝန်ရလာခဲ့တယ် ဆိုပါတော့။

ဒါကို ကြားသိရတဲ့ သူဌေးလင်မယားက မိအေးကို အပြစ်မတင်ရှာပါဘူး။ ဒါ ဓမ္မတာပဲလေ။ လောကမှာ ဖြစ်တတ်၊ ပျက်တတ်တာပဲ။ ဘာမှ ရှက်ကြောက်မနေနဲ့၊ ရဲရဲသာမွေး။ အားလုံး တို့လင်မယား တာဝန်ယူတယ်။ ကလေးကိုလည်း အမွေစား၊ အမွေခံအဖြစ် မွေးစားမယ်။ တို့မှာက သားသမီးရှိတာမဟုတ်ဘူးဆိုပြီး အားပေးရှာပါတယ်။

သည်လိုနဲ့ တစ်ရက်ကျတော့ ကမ္ဘဇလေလှုပ်ပြီး မီးဖွားဖို့အချိန် ရောက်လာခဲ့တယ်။ အဲသည်အခါ ကလေးရှူးရှူးနေကြတဲ့ သူဌေးလင်မယားဟာ မိအေး မီးဖွားရာမှာ အကူအညီပေးရအောင်ဆိုပြီး မီးနေခန်းထဲတောင် ဝင်ကြသတဲ့။

မိခင်လောင်းတို့ရဲ့ ဓမ္မတာ သားဖွားရာမှာ ထုံးစံဖြစ်တဲ့ ကလေးမီးမဖွားမီ အညစ်အကြေးတုံးကြီး ကျလာတာကို သားသမီး မမွေးဖွားဖူးတဲ့ သူဌေးလင်မယားဟာ 'ဟာ . . ကလေး . . ကလေး မွေးပြီဟ . . မွေးပြီ' ဆိုပြီး အဲသည်အတုံးကြီးကို ရေဆေးကြသတဲ့။ အဲ . . ရေက ဆေးလေ ဆေးလေ အညစ်အကြေးတုံးကြီးက တဖြည်းဖြည်း သေးလေ သေးလေ ဆိုတော့

'ဟဲ့ . . မိအေး၊ နင့်ကလေးကလည်း ရေဆေးလေ သေးလေပါလားဟယ်'

လို့ ပြောဆိုပြီး မီးထွန်းကြည့်လိုက်တဲ့အခါ

'ဟိုက် . . ချေးတုန်းကြီးပါလား' လို့ ညည်းတွားမိကြသတဲ့။

အင်း . . အခုလည်းပဲ မောင်ဝိသုဒ္ဓ၊ မင်းကို ကြပ်ကြပ်စစ်ဆေးလေ အညစ်အကြေးတုံးကြီး ဖြစ်လေလေပါပဲလားကွယ်"

ဟု ဆိုမိန့်လိုက်လေရာ ကိုယ့်အပြစ်နှင့်ကိုယ်မို့ ဦးဝိသုဒ္ဓလည်း ခေါင်းငိုက်စိုက်ကျသွားလေတော့သတည်း။

☺ ☺ ☺


ဝိဝိကိုယ်တိုင်လည်း ကြုံးဝါးပါ

## မိမိကိုယ်တိုင်လည်း ကြိုးစားပါ

ရတနာပုံနေပြည်တော် မြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီးသည် ၎င်း၏စိတ်ဘဝင်၌ မရှင်းလင်းသော ကိစ္စရပ်များပေါ်ပေါက်လာပါက လေးပြင်လေးရပ်ရှိ ကျောင်းတော်အသီးသီး၌ သီတင်းသုံးနေလျက်ရှိကြသည့် ဆရာတော်၊ သံဃာတော်ကြီးများကို ပင့်ဖိတ်၍ ဆွမ်းလုပ်ကျွေးလှူဒါန်းကာ ပြဿနာများကို တင်ပြမေးမြန်းလေ့ရှိစမြဲ ဖြစ်ချေ၏။

သို့ဖြစ်၍ ယခုလည်း မိမိ၏လက်ထက်၌ မည်သူတစ်ဦးတစ်ယောက်မျှ မဂ်ဖိုလ်နိဗ္ဗာန်သို့ ဆိုက်ရောက်သွားသည်ဆိုခြင်းကို မကြားမသိရလေကား အဆိုပါကိစ္စနှင့် ပတ်သက်၍ လျှောက်ထားမေးမြန်းပါတော့သည်။

"အရှင်ဘုရားတို့ . . . ဘုရားတပည့်တော်တို့ဟာ 'မနုဿတ္တ ဘာဝေါ ဒုလ္လဘော'ဆိုတဲ့ ရခဲလှစွာသော လူ့ဘဝကို ရရှိခဲ့ကြသူတွေ ဖြစ်ပါတယ်ဘုရား။ သာသနာတော်ထွန်းကားတဲ့ ဘုရားခေတ် (ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ)ကိုလည်း ကြုံကြိုက်ခွင့်ရကြပါတယ်ဘုရား။ ပြီးတော့ သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့ခေတ် (သဒ္ဓါသမ္ပတ္တိ ဒုလ္လဘ)နဲ့လည်း ကြုံကြိုက်နေပါရဲ့။ နောက်တရားတော်ကို ကြားနာရတဲ့ခေတ် (ဓမ္မဿဝန ဒုလ္လဘ)နဲ့လည်း ကြုံကြိုက်နေပါတယ်ဘုရား။ တစ်ဖန် ရဟန်းအဖြစ်ကို ခံယူနိုင်တဲ့ခေတ် (ပဗ္ဗဇိတ ဒုလ္လဘ)ကိုလည်း ရယူနိုင်ကြတဲ့ ဒုလ္လဘတရားတွေနဲ့ ပြည့်စုံနေပါတယ်ဘုရား။

ထိုသို့ ထိုပုံ ပြည့်စုံနေတယ်ဆိုပေမယ့် သီဟိုဠ်သာသနာခေတ် ဒေဝါနံပိယတိဿမင်းလက်ထက်ကလိုမျိုး ဆရာတော် အရှင်သူမြတ်များ ကြိုးစားအားထုတ်လို့ မည်သည့်ပုဂ္ဂိုလ်ကတော့ ရဟန္တာ၊ မည်သည့်ပုဂ္ဂိုလ်ကတော့ သောတာပန်၊ သကဒါဂါမ်ဆိုက်တယ်ရယ်လို့ တပည့်တော်ရဲ့လက်ထက်မှာ မကြားမသိဖြစ်နေရတာဟာ အံ့ဩဖွယ်ရာဖြစ်နေပါတယ်ဘုရား။ အဲဒါ ဘာကြောင့်လဲဆိုတာ သိပါရစေဘုရား"

အမေးက လွယ်သလောက် အဖြေက ခက်လှပါသည်။ အတိမ်း အစောင်းမခံ။ လွဲချော်၍မဖြစ်။ သည်တော့ ဆရာတော်ကြီးများအဖို့ သင်္ဂဇာဆရာတော်ကိုသာ အားကိုး

အားထား ပြုမိရချေ၏။ သင်္ဂဇာဆရာ တော်ကလည်း အလှည့်ကျလာလျှင် မန္တဲ့စတမ်းဆိုသည့် ပုဂ္ဂိုလ်ကျော်ကြီး မဟုတ်ပါကလား။

"သည့်အတွက် ဒကာတော် ရေမြေရှင် ရှင်းလင်းစွာ သိရလေအောင် ပုံပြင်လေးတစ်ပုဒ်နဲ့ ဟပ်ပြီး ဖြေကြားမှ ဖြစ်မယ်"

"နာယူဖို့ အသင့်ပါ ဘုရား . ."

သည့်အတွက် သင်္ဂဇာဆရာတော်လည်း မင်းတုန်း မင်းကြီးနှင့်တကွ တရားနာပရိသတ်အပေါင်း ရှင်းလင်းစွာ သဘောပေါက်ကြစေရန် ပုံပြင်တစ်ပုဒ်နှင့် သာဓကဆောင်ပါ လေတော့၏။

ရှေးအခါက တစ်ရွာတည်းနေ တစ်ရေတည်း သောက်ကြသော မိတ်ဆွေရွာသားနှစ်ယောက်သည် တစ်မြို့ တစ်ရွာသို့ အတူတကွ သွားရောက်လျက် ကုန်ကူးသန်းရောင်း ဝယ်ကြလေ၏။ ထိုသို့ ခရီးသွားရာဝယ် အစာရေစာ ဝေ်မွတ် ခေါင်းပါးလှသော ကန္တာရခရီးတစ်ခုကို ကျော်ဖြတ်ရလေ သည်။ ထိုကန္တာရတွင် သောက်စရာရေမျှပင် မရှိသည် ဖြစ်၍ တစ်ယောက်သောသူမှာ အင်အားတွေ ခန်းလျော့ပြီး ခရီးပင် မဆက်နိုင်တော့သည့်အခြေသို့ ရောက်လာခဲ့သည်။

ထိုအခါ ကျန်သော အားအင်ပြည့်ဖြိုးသော မိတ်ဆွေ

က -

"အားမလျှော့ပါနဲ့ မိတ်ဆွေရယ်။ နည်းနည်းကလေး တော့ စိတ်ကို တင်းထားမှပေါ့။ မကြာခင် သည်ကန္တာရက လွန်မြောက်တော့မှာပါ"

ဟူ၍ အားပေးစကားပြောဆိုပြီး ဖေးမတွဲထူကာ ခေါ်ဆောင်လာခဲ့လေ၏။

သို့နှင့် ကန္တာရခရီးကို လွန်မြောက်လာခဲ့သည်။

ဤတွင် တောစပ်တစ်ခုသို့ ရောက်ရှိခဲ့ပြီး မမျှော်လင့်ဘဲ ဆီးဖြူပင်တစ်ပင်ကို တွေ့လိုက်ရသည်မို့ ရေငတ်ပြေစေရန် ဆီးဖြူသီးခူးစားဖို့ ကြိုးစားအားထုတ်ကြလေသည်။ ဤသို့ အားအင်ခန်းခြောက်နေသူသည် ဆီးဖြူသီးကို စားလိုလှသော ကြောင့် ထိုစိတ်ဖြင့် အပင်ပေါ်သို့ ကုပ်ဖွဲ့တက်ပါလေ၏။ သို့ရာတွင် မဟန်နိုင်ဘဲ လန်၍၊ လန်၍သာ ပြုတ်ကျနေတော့သည်။ ထိုအခါ အားအင်ကောင်းနေသော မိတ်ဆွေအား အပင်ပေါ် သို့ တက်ပေးပါရန် ပြောကြားလိုက်သည်။

"ကောင်းပြီ မိတ်ဆွေ . . ကျုပ်အပင်ပေါ်ရောက် အောင် တက်ပါ့မယ်"

အင်အားကောင်းသူက ပြောပြောဆိုဆိုနှင့် ဆီးဖြူပင် ပေါ်ရောက်အောင် ကုပ်ဖွဲ့တက်သွားခဲ့လေသည်။ အပင်ပေါ် သို့ရောက်သော် ခွတစ်ခုခံနေ၏။ ထိုခွကြားရှေ့သို့ရောက်

အောင် တိုးပါမှသာလျှင် ဆီးဖြူသီးကို ဆွတ်ခူးရယူနိုင်မည်ဖြစ်၍ ကိုင်းပေါ်သို့လျှောက်ရန် ဖြစ်သော်လည်း ဆီးဖြူကိုင်းသည် မာဆတ်၍ မထင်မှတ်က ကျိုးကျတတ်သည်မို့ ရှေ့ဆက်တက်ဖို့ရာ မဝံ့မရဲ ဖြစ်နေမိလေသည်။ ထိုသို့ မဝံ့မရဲ ဖြစ်နေသည်ကို အောက်တွင်ရှိနေသော အင်အားချို့တဲ့သူက

"ဟေ့လူ . . ရှေ့တိုးပါတော့လား . . တိုးလေဗျာ . . တိုးလေ တိုးမှပေါ့။ ဒါမှ ဆီးဖြူသီးကို ခူးနိုင်တော့မပေါ့။ ဩော် . . ဗျာ၊ ယောက်ျားဖြစ်ရဲ့သားနဲ့ သည်လောက်တောင်မှ သတ္တိနည်းရသလား။ သစ်ပင်တက်တာကလည်း ညံ့မ"

ဟူ၍ ကဲ့ရဲ့ပြစ်တင်စကားကို ဆိုလေသည်။

"အဲသည် ဥပမာလိုပါပဲ ဒကာတော်ရေမြေရှင် . . သူများချည်းလည်း ကြိုးစားရနည်းသလားလို့ အပြစ်မတင်ပါနဲ့။ ကိုယ့်ဟာကိုယ်လည်း ကြိုးစားအားထုတ်ပါ။ သူတစ်ပါး ကြိုးစားအားထုတ်နေတာကို စိတ်ရှုပ်အောင် မလုပ်ပါနဲ့"

ဟုဆိုလေရာ မင်းကြီးအပါအဝင် ပရိသတ်အားလုံး ပြုံးရွှင်သွားကြလေတော့သတည်း။

☺ ☺ ☺

## လောကကြီးနှင့် အကာကား



## လာမကြွားနဲ့ ဒကာဖား

မြင်းခြံမြို့၌ သင်္ဂဇာဆရာတော် ခေတ္တသီတင်းသုံးနေသောကာလ၊ တစ်နေ့သ၌ ဦးဖားဆိုသည့် ပုဂ္ဂိုလ်တစ်ဦး ရောက်ရှိလာလေသည်။ ဆရာတော့်ထံသို့ မကြာခဏဆိုသလို သဂြိုဟ်သမား၊ ပရမတ်သမားများသည် တရားလာရောက်ဆွေးနွေးလေ့ရှိကြ၏။ ယခုလည်း ဦးဖားဆိုသူမှာ ဆရာတော်နှင့် တရားဓမ္မများဆွေးနွေးရန် ရောက်ရှိ လာခြင်းဖြစ်လေသည်။

ဦးဖားသည် ပရမတ်သမားတစ်ဦးဖြစ်၏။

ငင်းသည် ပါဠိပါဠ်သား စာစကား ပေစကားတို့အား အာဝဇ္ဇန်း ရွှင်ရွှင်ဖြင့် အများတကာ အထင်မကြီး ကြီးအောင် မက်ဝင်၊ ဖိုလ်ဝင် စကားကြီးစကားကျယ်များကို ငါသိငါတတ် လုပ်လျက် 'ငါချည်းဇာတ်လိုက်'ဖြစ်နေတော့၏။

အဘယ်မျှလောက်ထိ အာပေါင်အာရင်းသန်လေသနည်း ဟူသည်မူကား သက်ဇာဆရာတော်ကပင်လျှင်

"ဟဲ့ . . ဒကာဖား၊ နေစမ်းပါဦးကွယ်။ ငါ့တရားနာရအောင် မင်းလာတာမဟုတ်ဘူးလား။ ခုဟာက မင်းကချည်းတရားဟောနေတယ်"

ဟူ၍ ပြောရလောက်အောင် ဖြစ်လေသည်။ သည်သို့ဆရာတော်က တဲ့တိုးပြောဆိုမိန့်ကြားခဲ့သည့်တိုင် ဦးဖားသည်ငင်း၏အမူ အကျင့်ကို မဖျောက်ပေ။ သူသိနေသည်ဆိုသော၊ သူကျင့်နေသည်ဆိုသော တရားကျင့်စဉ်တို့အား ရေပက်မဝင်ပြောဆိုနေပြန်သည်။ ထိုအခါ ဆရာတော်က

"တော်ပါတော့ ဒကာရယ် . . တော်ပါတော့။ 'ကုန်မြင်တာနဲ့ စုန်မှာသိ'ဆိုတဲ့ ပုံပြင်လို ဘုန်းကြီးအကုန်သိနေပါပြီကွယ်"

ဟု မိန့်ကြားလိုက်လေရာ ဒကာဖားလည်း နားမရှင်းသဖြင့် ထိုပုံပြင်ကို ရှင်းလင်းမိန့်ဆိုပေးပါရန် လျှောက်ထားတောင်းပန်ရာ ဆရာတော်လည်း ရှင်းလင်းမိန့်ကြားရလေ

သည်။

"ရှေးအခါက မောင်ရွှေခိုဆိုတဲ့သူဟာ အပေါင်းအဖော်လေးယောက်နဲ့ အောက်မြို့ကျေးရွာတွေကို သွားဖို့ရှု အတွက် လှေကြုံမှာဖို့ မြင်းခြံဆိပ်ကမ်းကို ရောက်လာကြသတဲ့။

မြင်းခြံဆိပ်ကမ်းမှာလည်း လှေကြီးတစ်စင်းပေါ်မှာ ဆီးသီး၊ သနပ်ခါးတုံး၊ ကျောက်ပျဉ်စတဲ့ အညာအရပ်ထွက်ကုန်တွေ တင်ထားလေရဲ့။ သည်လှေကြီးဟာ အညာကုန်တွေ တင်ထားတာဆိုတော့ အောက်အကြေကို စုန်ဆင်းပြီး ကုန်စည်တွေ ရောင်းချမယ့် သဘောပဲပေါ့။

သည်တော့ မောင်ရွှေခိုတို့လည်း သည်ကုန်တွေဟာ အညာကိုသွားပြီး ရောင်းမှာတော့ မဟုတ်နိုင်ဘူး။ အောက်မြို့တွေမှာသာ ရောင်းချမယ့် ကုန်တွေဆိုတာ သဘောပေါက်ထားကြတာမို့ အောက်မြို့ကိုစုန်ရင် ခရီးကြုံလိုက်ချင်တာကြောင့် လှေဆရာကြီးကို လှမ်းပြောသတဲ့။

"ဗျို့ . . လှေဆရာကြီး၊ လှေဆရာကြီး။ ဟောသည်လှေဟာ ဘယ်ကိုသွားမယ့်လှေလဲ ခင်ဗျ"

လှေဆရာကြီးဟာ မောင်ရွှေခိုတို့ကိုမြင်တော့ လှေကြုံလိုက်မယ့်သူတွေပဲ။ ပုံစံတွေက အချိုးမပြေဘူး။ သူ့လှေပေါ်လည်း လူကြုံမတင်ချင်တာနဲ့

"အထက်အညာ သီဟတောဘုရားကို သွားဖူးရင်း ကုန်ရောင်း ကုန်ဝယ်လုပ်မှာကွ"

လို့ပြောပြီး လှေကြီးကို ကမ်းကခွာလိုက်တော့တယ်။ အဲသည်အချိန်မှာ မောင်ရွှေနီတို့က

"ဗျို့ . . ဆရာကြီး၊ ခင်ဗျား ဘာပဲပြောပြော မစုန်ခင်ကတည်းက ကုန်မြင်တာနဲ့ကို သိနေပါသဗျ"

လို့ အော်ပြောဖြစ်အောင် အော်ပြောလိုက်သေးသတဲ့။

"ပုံပြင်လေးကတော့ ဒါလောက်ပါပဲ ဒကာဖား။ ခုလည်း ဘုန်းကြီးက ဒကာဖား ဘာပြောပြော မစုန်ခင်ကတည်းက ကုန်မြင်တာနဲ့ သိဆိုသလို လူ့ဝတ်ကြောင်နဲ့ပဲ နိဗ္ဗာန်ပေါက်မလိုလို၊ ကိုယ့်ကိုယ်ကို မတန်တဆဘဝင်တွေမြင့်၊ အထင်တွေကြီး။ တကယ့်တကယ်ကျ မိန်းမထဘီနားက မခွာနိုင်ဘဲ နိဗ္ဗာန်စကား ပြောနေတာဗျ။ ထဘီပုံကြားက ကလိမ်ချစကားနဲ့ ကြွားလှ၊ ဝါလှချည်လားဆိုပြီး အများက ကဲ့ရဲ့နေပါဦးမယ် ဒကာဖားရယ်။ စကား . . စကား ပြောပါများ၊ စကားထဲက ဇာတိပြသတဲ့"

အဲ . . သည်တော့ ကိုယ်ဘာလဲဆိုတာကို သေသေချာချာ လေ့လာဆန်းစစ်ပြီး အပြောအဆို ဆင်ခြင်မှပေါ့ ဒကာဖား"

## ၂၀၂ ဟာသမြောက် ပုံတိုပတ်စများ

ဟု ဆိုမိန့်လိုက်လေရာ ဆရာတော်ပြောသည်နှင့် အပ်စပ်သွားလေသည်ကြောင့် ဝါစာစကားနှင့် လာလာကြွားသော ဒကာဖားလည်း ဘာမျှခွန်းတုံ့မပြန်နိုင်တော့ဘဲ ခပ်ရှက်ရှက်နှင့်ပင် ဆရာတော် သီတင်းသုံးရာ ကျောင်းပေါ်မှ ဆင်းသွားပါလေသတည်း။

☺ ☺ ☺



## အရှောင်အတိမ်းဗျူဟာ

ဘဝရှင်မင်းတုန်းမင်းတရားကြီးသည် သာသနာတော်ကို ကြည်ညိုသည့်အလျောက် ဆရာတော်၊ သံဃာတော်များကို ပင့်ဖိတ်ဆွမ်းကပ်ကာ တရားဘာဝနာများကို နာကြားလေ့ရှိလေသည်။

တစ်နေ့သော် သင်္ဂဇာဆရာတော် အပါအဝင် ဆရာတော်များကို ပင့်ဖိတ်ပြီး ဆွမ်းလုပ်ကျွေးလေသည်။ ဆရာတော်များထံမှ တရားဘာဝနာများ နာကြားပြီးသောအခါ အမေးတော်ရှိလာခဲ့သည်။

"အရှင်ဘုရားတို့ . . ယခုလို ရှင်းလင်းမိန့်ကြားသည်မှာ နားထွေးစရာ၊ နားရှုပ်စရာ ဘာမျှမရှိပါဘုရား။ သို့ရာတွင် တပည့်တော်မှာတော့ ကောင်းစွာဉာဏ်မမီသေးဘဲ သဘောမပေါက်၍ စိတ်ပျက်နေမိပါတယ်ဘုရား"

သည်သို့ ရိုးသားစွာ လျှောက်ထားသည့်အတွက် ဆရာတော်များ၏ကိုယ်စား သင်္ဃဇာဆရာတော်က

"အင်းလေ . . ဒကာတော် ရေမြေရှင်အဖို့ တရားသဘောမပေါက်ဘူးဆိုတာ မှန်လောက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပုထုဇဉ်ပုဂ္ဂိုလ်တို့ရဲ့ သဘောသဘာဝဖြစ်ပြီး ဟောတိုင်း မသိမမြင်နိုင်ပါဘူး။ သဘောမပေါက်ပေမဲ့လည်း ကြည်လင်တဲ့စိတ်ထားနဲ့ ရိုသေစွာ နာကြားမယ်ဆိုရင် တစ်ဘဝထက်တစ်ဘဝ ကြီးမားရင့်သန်တဲ့ ပါရမီရနိုင်ပါပေတယ်။ မနာကြားဘဲနေမယ်ဆိုရင်တော့ ဘယ်ခါမှ သိမြင်မယ် မဟုတ်ပေဘူး။

ဒကာတော် ရေမြေရှင် လျှောက်ထားတဲ့စကားဟာ ဘာနဲ့ အလားသဏ္ဌာန် တူသလဲဆိုတော့ 'ပန်းအိုင်သား ငြိမ်းမိန်းမကို ပြောသလို' ဖြစ်နေပြီ ဒကာ"

"အရှင်ဘုရား . . အဲသည်စကား ဥပမာလေးကို ရှင်းလင်းစွာ မိန့်ကြားပေးတော်မူပါ"

"ကောင်းပြီ . . ဒကာ"

သို့ဖြင့် သင်္ဂဇာဆရာတော်လည်း ရေမြေရှင် မင်းတုန်းမင်းကြီးနှင့်တကွ ပရိသတ်အပေါင်း ထင်လင်းစွာ သိကြစေရန် စကားဥပမာ စပ်လျဉ်းသည့် ပုံတိုပတ်စကလေးအား ဥဒါဟရုဏ် ဆောင်ရလေသတည်း။

ပန်းအိုင်မြို့ဆိုသည်ကား မလှိုင်မြို့အနီးတွင် တည်ရှိသော မြို့ကလေးတစ်မြို့ ဖြစ်လေသည်။ ထိုမြို့၌ ငြိမ်းနှင့် အသိန်းဆိုသော လင်မယားနှစ်ယောက် ရှိကြ၏။ တစ်နေ့သော် ၎င်းတို့ လင်မယားသည် ဟင်းကောင်းကျွေးကောင်း မစားရသည်မှာ ကြာပြီဖြစ်၍ အိမ်တွင်မွေးမြူထားသော ကြက်တစ်အုပ်မှ အရွယ်အနေတော်ရှိမည့် ကြက်မဒန်းလေး တစ်ကောင်ကို သတ်ဖြတ်ကာ ဆီပြန်ဟင်းချက်လေသည်။

ကြက်သွန်ဖြူ ချင်း၊ စပါးလင်၊ မဆလာဆီနှင့် ချက်ပြုတ်ထားသည့်မို့ ကြက်သားဟင်းရနံ့က လွှန်စွာမှ သင်းပျံ့မွှေးကြိုင်နေတော့သည်။

ဟင်းကျက်လေသောအခါ မယားဖြစ်သူ အသိန်းသည် မလှမ်း မကမ်းတွင် နေထိုင်ကြကုန်သော မိဘနှစ်ပါးကို စားစေချင်သောစိတ်ဖြင့် စားဦးစားဖျား ဟင်းတစ်ပန်းကန် ခပ်ထားလိုက်လေသည်။ ထိုအခြင်းအရာကို လင်ဖြစ်သူ ငြိမ်းက တွေ့မြင်သွားလေ၏။ ၎င်းမှာ အစားအသောက် လောဘကြီးသူဖြစ်၏။

"ဟော့ . . အသိန်း၊ ကြက်သားဟင်းတစ်ပန်းကန် ခပ်ပြီး ကြောင်အိမ်ထဲ ထည့်လိုက်တာ ဘာလုပ်ဖို့လဲကွ"

"ဘာလုပ်ရမှာလဲတော် . . အဖေတို့ အမေတို့ စားရအောင် ဦးဦးဖျားဖျားလေး ခပ်ထားတာ"

အသိန်း၏ စကားကို ငြိမ်း ဘဝင်မကျပေ။ ၎င်းသည် သမက်ဖြစ်သော်ငြား ယောက္ခမတို့အပေါ် လေးစားသူမဟုတ်။ အစားအသောက်နှင့် ပတ်သက်၍လည်း ကြည်ဖြူမှုမရှိ။ ခုလိုမျိုး ဟင်းကောင်းကျွေးကောင်းလေး ချက်သည့်အခိုက်ဝယ် လင်ကိုယ်မယားနှစ်ယောက်သာလျှင် ဝဝလင်လင် စားသောက်ချင်၏။ ဘယ်သူ့ကိုမျှ စေတနာ သဒ္ဓါတရားမရှိ။ သည့်အတွက်ကြောင့်လည်း ကြက်သားဟင်းပန်းကန် ယောက္ခမတွေထံ မရောက်ဖို့အရေး အကြံဉာဏ်ထုတ်လေသည်။

သိပ်တော့ မစဉ်းစားလိုက်ရ။

အကြံဉာဏ်တစ်ခုက လက်ခနဲ ခေါင်းထဲ ပေါ်လာခဲ့သည်။ ထို့ကြောင့် ချက်ချင်းဆိုသလို မယားဖြစ်သူအား စည်းရုံးသွေးဆောင်နိုင်သောစကားကို ပြောဆိုလိုက်လေသည်။

"အသိန်းရယ် . . မိဘဆိုတာ နည်းနည်းနောနော ပုဂ္ဂိုလ်တွေလားကွာ။ စာပေတွေ ကျမ်းဂန်တွေထဲမှာဆိုရင်

မြင်းမိုရ်တောင်ဦး၊ မကကျူးသားလို့တောင် ကျေးဇူးတော် အနန္တကို ညွှန်းဖွဲ့ကြတယ် မဟုတ်လား"

"ဟုတ်တယ် . . ကိုငြိမ်း။ ကျုပ် . . ကြားဖူးတယ်"

"အင်း . . အဲသလောက် ကြီးမားလှတဲ့ မိဘမေတ္တာ၊ မိဘကျေးဇူးကို ဘာမှမပြောပလောက်တဲ့ ကြက်သားဟင်း ကလေးတစ်ခွက် သွားပို့ရုံနဲ့ ကျေမှာတဲ့လားကွာ . ."

"ဘယ်ကျေနိုင်ပါ့မလဲရှင်"

"အေး . . မကျေနိုင်မယ့်အတူတူ မထူးတော့ပါဘူး ကွာ။ ဟင်းကို သွားမပို့မနေနဲ့တော့။ ကြောင်အိမ်ထဲက ပြန်ယူ လိုက်။ တို့လင်မယား တစ်ထိုင်တည်း တွယ်လိုက်ကြရအောင်"

ပုံပြင်ကလေး ဆုံးသွားလေသော် ဆရာတော်က ရေမြေ့ရှင်မင်းကြီးအား

"ဒကာတော်လည်း တရားနာရမှာ ပျင်းတာနဲ့ ပန်းအိုင်က ငြိမ်းလို ရှောင်တိမ်းတာမျိုး ဖြစ်နေမယ်နော်"

ဟု မိန့်ဆိုလိုက်ရာ မင်းကြီးနှင့်တကွ ပရိသတ် အပေါင်းမှာ ပြုံးရယ်ရွှင်လန်းသွားကြလေသတည်း။

☺ ☺ ☺



## ပိန္နဲပင် ထောင်ကာမှ

သင်္ဂဇာဆရာတော်ဘုရားသည် အောက်အကြေမြို့ရွာများသို့ လှည့်လည်သီတင်းသုံး၍ ရောက်ရာအရပ်ဒေသများ၌ တရားရေအေး တိုက်ကျွေးလျက်ရှိရာ ဟင်္သာတမြို့သို့ ဆိုက်ရောက်ခဲ့လေသည်။ ဒကာ၊ ဒကာမအပေါင်းကလည်း ကြည်ညိုစွာဖြင့် ဆရာတော်သီတင်းသုံးရာသို့ သွားရောက်ဖူးမြော်၍ တရားဓမ္မများကို နာကြားကြလေသည်။

ဤ၌ ဟင်္သာတမြို့အုပ်၏ကတော်ကို အကြောင်းပြု၍ ဒကာ၊ ဒကာမအပေါင်းအား ပုံပြင်ကလေးတစ်ပုဒ်ကို ပြောဆိုလေတော့၏။

"ဟိုး . . ရှေးရှေးတုန်းက တောရွာကလေးတစ်ရွာမှာ လင်မယားနှစ်ယောက် ရှိကြသတဲ့။

တစ်ခါတော့လင်ဖြစ်တဲ့သူက ရွာနီးချုပ်စပ်ကိုသွားပြီး လုပ်ငန်းကိုင်ငန်းတွေ လုပ်ကိုင်နေတုန်း အိမ်မှာကျန်ရစ်ခဲ့တဲ့ မိန်းမဟာ ကမြင်းကြောထပြီး လင်ငယ်ထားသတဲ့။ လင်ငယ်က လင်ကြီးလို ရိုးရိုးအအကြီးမဟုတ်ဘဲ ခြေသွက်၊ လက်သွက်၊ အားလုံးသွက်တာကြောင့် အသွက်ကိုကြိုက်တဲ့ မယားက လင်ငယ်ကို တန်းတန်းစွဲ ဖြစ်နေတော့တာပေါ့။

တစ်နေ့တော့ လင်ကြီးကလည်းမရှိ။ သူ့စိတ်ကြိုက်အင်မတန်သွက်တဲ့ လင်ငယ်ကို စေတနာသဒ္ဓါတွေပိုလာတာမို့ ကြက်သားဟင်း ချက်ကျွေးသတဲ့။ အဲ . . လင်ငယ်ကို ပံ့ပိုးပြီး ချက်ကျွေးရတာဆိုတော့ လင်ကြီးကို ကျွေးရသလိုမျိုး ထင်ထင်ရှားရှား လူမြင်သူမြင်ခံပြီး ကျွေးရဲတာမဟုတ်လေတော့ ကြက်သားဟင်းပန်းကန်ကို ခြင်ထောင်ထဲသွင်းပြီ ကျွေးတယ်ဆိုပဲ။

မယားက သဒ္ဓါလွန်တဲ့ တဏှာကျွန်မို့ လင်ငယ်ကို 'စားလေ မောင် . . စားပါမောင်ရဲ့။ အားရှိသွားအောင် များများစား' ဆိုပြီး နင်းကန်တွန်းအကျွေးမှာ လင်ငယ်လည်း ဒရောသောပါး ဝါးတောင်မဝါး နိုင်တော့ဘဲ မျိုမျိုချလိုက်တာ လည်ချောင်းမှာ ကြက်ရိုးစူးပါလေရော။

## ၂၁၂ ဟာသမြောက် ပုံတိုပတ်စများ

လင်ငယ်ခမျာ အီးခနဲ၊ အဲခနဲ ခံစားရခက်နေတော့ မိန်းမလည်း မျက်လုံးပြူး၊ မျက်ဆံပြူးနဲ့ ခြင်ထောင်ထဲမှာပဲ ကြိတ်ပြီး နှိပ်လိုက်၊ နယ်လိုက်လုပ်လိုက်တာ နောက်ဆုံး လင်ငယ်ခမျာ လည်ချောင်းကို အရိုးပေါက်ထွက်ပြီး သေသွားပါလေရော။ မိန်းမလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ ထိတ်ထိတ်ပျာပျာနဲ့ မကြာခင် လင်ကြီးကလည်း ရောက်လာတော့မယ်။ ခေါင်းတစ်ခုလုံးလည်း လောင်မီးကျနေပြီ။

စဉ်းစားတယ်၊ ဘာလုပ်ရမလဲလို့ အကြံထုတ်တယ်။ မိန်းမများ ဉာဏ်နီဉာဏ်နက်က အတော်ကလေး ထွက်တာမို့ ရုတ်တရက်အကြံရပြီး လှေကားဘက်က တံခါးရွက်ကို ကွယ်လို့ လင်ငယ့်အလောင်းကို အသာပဲ ငုပ်တုတ်ထိုင်တဲ့ပုံစံမျိုး ပြင်ထားလိုက်သတဲ့။

ညဘက်ရောက်တဲ့အခါ လင်ကြီးလည်း ကိုယ့်အိမ် ကိုယ့်ယာကို ပြန်ရောက်လာပါပြီ။ သည်လိုနဲ့ ‘ညဉ့်နက်ခါနီး အိပ်ရာဝင်ချိန်မှာ မိန်းမဖြစ်သူက

“မောင်ကြီးရေ . . ညအိပ်ရင် သတိထားအိပ်နော်။ ခုတစ်လော သူခိုးသူဝှက်တွေက တော်တော်ကလေး ထနေတယ်။ အရေးအကြောင်းရှိရင် ကာကွယ်ခြောက်လှန့်ရအောင် ကိုယ့်အနီးအနားမှာ လက်နက်ကလေးဘာလေး ဆောင်ထား မောင်ကြီးရဲ့”

လို့ ပြောတာနဲ့ ရိုးအတဲ့လင်ကြီးလည်း မယားစကား အတိုင်း သူ့ကိုယ်နဲ့အနီးမှာ လှံတစ်ချောင်းထားပြီး အိပ်တယ် ဆိုပဲ။

သန်းခေါင်ကျော်ရောက်တော့ မယားက လင်ကြီးကို လှုပ်နှိုးပြီး

"ထ . . ထ . . ထစမ်းပါဦး . . မောင်ကြီး"

"အင် . . အဲ . . ဘာ . . ဘာဖြစ်လို့လဲကွယ်"

"မောင်ကြီး မကြားဘူးလား။ လှေခါးတက်နားမှာ ချွီးချွီးချွတ်ချွတ်အသံတွေ ကျွန်မ ကြားနေရတယ်။ မဟုတ်မှ လွဲရော ဒါ အိမ်ပေါ်တက်လာတဲ့ သူခိုးပဲ ဖြစ်ရမယ်"

မယားဖြစ်သူက ခပ်တိုးတိုးလေး ပြောတော့ ဘသား ချောလည်း ခရီးပန်းလာတဲ့ကြားက အိပ်ရေးဝအောင် မအိပ် ရဘဲ အိပ်မှုန်စုံမွှားနဲ့ထပြီး မယားပြောတဲ့အတိုင်း တံခါးကြား ကို ချောင်းကြည့်လိုက်တယ်။

"ဟာ . . ဟုတ်ပကွာ။ အောင်မယ် . . သူခိုးကငုပ် တုတ်ကလေးဗျား"

လို့ ပြောလည်းပြော၊ ဆိုလည်းဆိုရင်း လှံနဲ့ ကောက် တွယ်ထည့်လိုက်တာ လှံဖျားက လင်ငယ်ရဲ့ ဆီးစပ်ကို ထိ သွားပြီး လင်ငယ်လည်း ဘိုင်းခနဲ လဲကျသွားတော့တယ်။

"ဟောတော့ . . ပြဿနာပဲ။ ဘယ့်နှယ် လုပ်လိုက်

တာလဲ မောင်ကြီး။ ခြေလွန်လက်လွန်တွေ ဖြစ်ကုန်ပြီ။ သူ ခိုးတဲ့အပြစ်က သည်လောက်မကြီးဘူး။ ကျွန်မတို့ လင်မယား ခြေလွန်လက်လွန်မှုက အပြစ်ကြီးလေးတဲ့ လူသတ်မှု ရှင့်။ မင်းပြစ်မင်းဒဏ်တော့ သင့်တော့မှာပဲ"

မိန်းမက ပရိယာယ်ကြွယ်ဝသူပီပီ လင်ကြီး ထိတ်လန့်အောင် စကားစလိုက်တယ်။ ပြီးတော့မှ သူမရဲ့ အကြံဉာဏ်အတိုင်း အလောင်းကောင်ကြီးကို နှစ်ဦးသားချီမလို့ မလှမ်းမကမ်းမှာရှိတဲ့ ဘုန်းကြီးကျောင်းဝင်းထဲကိုသယ်၊ ဝိန္ဒပင်ရင်းရောက်တော့ ပင်ခြေမှာ အလောင်းကောင်ကို ထောင်ထားပြီး အသာပြန်လစ်ထွက်ခဲ့ကြသတဲ့။

နောက်တစ်နေ့ နံနက်မိုးသောက် အရုဏ်တက်လေတော့ ဘုန်းကြီးကျောင်းက ဖိုးသူတော်က တံမြက်စည်းလှည်းဖို့လုပ်တော့တယ်။ အလင်းကလည်း သိပ်မြီး သဲသဲကွဲကွဲ မရှိလေတော့ ဝိန္ဒပင်ရင်းမှာ မှီနေတဲ့အလောင်းကို ဝိန္ဒသီး လာခိုးတဲ့သူခိုးလို့ ထင်လိုက်တာကိုး။ ဒါနဲ့ ကျောင်းပေါ် အသာပြန်တက်ပြီး ကျောင်းသားတွေ၊ ကိုရင်တွေကို လှုပ်နှိုးပြီး 'ဝိန္ဒသီး လာခိုးတဲ့ သူခိုးတော့ မှတ်လောက်သားလောက်အောင် တွယ်လိုက်ကြဆိုပြီး အုတ်ခဲတွေ၊ တုတ်တွေနဲ့ လှမ်းပစ်လိုက်ကြတယ်။ လက်အမှန်းအဆတွေကလည်း အင်မတန် တော်တာမို့ အုတ်ခဲဒဏ်၊ တုတ်တွေရဲ့ဒဏ်ကြောင့် သေပြီးသားအလောင်း

ဟာ ပိန္နဲပင်ကို မှီနေရာ က မြေပြင်ပေါ်ကို လဲကျသွားတော့တယ်။

"ပြဿနာပဲဟော့ . . တို့တော့ လက်လွန်ခြေလွန်တွေ ဖြစ်ကုန်ပြီ"

"ဟုတ်ပ . . ဦးသူတော်ရယ်။ မင်းပြစ်မင်းဒဏ် သင့်ရင် မလွယ်ဘူး။ ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲဟင်"

"နေဦးကွာ . . သည်အတိုင်း သင်္ဂြိုဟ်လို့လည်း မဖြစ်ဘူး။ သည်တော့ အာဂန္တုကိုယ်တော် မမျှော်လင့်ဘဲ ပျံလွန်တော်မူတယ်ဆိုတဲ့ ပုံစံမျိုး လှည့်စားရတော့မှာပဲ"

"လှပ်ဗျာ . . လုပ် . . လုပ်၊ ဦးသူတော်က ကြံရည်ဖန်ရည် ကောင်းပါတယ်"

ဖိုးသူတော်လည်း သင်တုံးမား တစ်လက်ယူခိုင်းပြီး အလောင်းကောင်ကို ခေါင်းတုံးရိတ်ပေးလိုက်တယ်။ ပြီးတော့ သင်္ကန်းတစ်ထည်လွှမ်းပေးပြီး ဇရပ်တစ်ဆောင်ပေါ် တင်ထားလိုက်တယ်။ နောက်တော့ လာလာသမျှ လူတွေကို အာဂန္တုကိုယ်တော် မမျှော်လင့်ဘဲ ပျံလွန်တော် မူရှာလေခြင်း ဆိုပြီး သနားအောင်ပြောဆိုလို့ သင်္ဂြိုဟ်စရိတ်ရအောင် အလှူခံပါလေရော။

အဲသည်အခိုက် လင်ငယ်ထားတဲ့မိန်းမ ကျောင်းဝင်းထဲကို ရေလာခပ်တဲ့ဟာနဲ့ လာပြီးအကဲခတ်တော့ ဘုန်းကြီးပျံ

ဆိုတာ တခြားဟုတ်ပါရိုးလား။ သူတို့လင်မယား ပိန္နဲပင်မှာ လာထောင်ထားတဲ့ လင်ငယ်အလောင်း ဖြစ်နေတော့တာကိုး။ ဒါနဲ့ ငယ်အပေါ် စွဲလမ်းနေဆဲရှိတဲ့ မိန်းမဟာ အလောင်း နားသွားပြီး ငိုချင်းချပါလေရော။

'အံ့မယ်လေး . . လေး။ မနေ့တုန်းကတော့ သျှောင် ဆံထုံးနဲ့ပါ။ ဟင် . . ပိန္နဲပင်ထောင်ကာမှ ခေါင်းပြောင်သွားပါ ပေါ့လား"

လို့ ရှိုက်ကြီးတငင် ငိုပါသတဲ့။ ဒါကိုကြားတော့ ဖိုးသူ တော်လည်း ပျာပျာသလဲဖြစ်ပြီး

"ဟဲ့ . . ဒကာမ နင့်ဘာသာနင် ကြိုက်သလောက် ငိုချင်ငိုပါ။ မဆီမဆိုင် ပိန္နဲပင်တော့ ဆွဲမထည့်ပါနဲ့"

လို့ ပြောသတဲ့။ ပုံပြင်ကလေးကတော့ ဒါပါပဲ"

ဟူ၍ အဆုံးသတ်လိုက်လေရာ မြို့ဝန်ကတော်နှင့် တကွ တရားနာပရိသတ်အပေါင်းမှာမည်း ရယ်ရယ်မောမော တသောသော ဖြစ်သွားကြလေသတည်း။

☺ ☺ ☺


ကိုယ်ဖျော်တာသိသွားကြလိမ့်မယ်

## ကိုယ်ကျော်တာ သိသွားကြလိမ့်မယ်

တစ်နေ့သ၌ သင်္ဂဇာဆရာတော်တရားပွဲကျင်းပရာ တရားသဘင်မဏ္ဍပ်အတွင်းသို့ ဒကာတစ်ဦးသည် သမီးငယ်လေးနှစ်ဦး၏ "လက်ကိုဆွဲကာ ရောက်ရှိလာလေသည်။ ထို့နောက် ဒကာက ဆရာတော်အား လျှောက်ထားပါချေ၏။

"ဆရာတော်ဘုရား . . တပည့်တော်ရဲ့ ဟောဒီ သမီးကလေး နှစ်ယောက်ဟာ ဘာမဆို သိမြင်တတ်ကျွမ်းပြီး ဉာဏ်ကလည်း ဘယ်သူမှ လိုက်မမီနိုင်လောက်အောင် ကောင်းလှပါတယ်ဘုရား"

ထိုအခါ ဆရာတော်လည်း ဒကာ၏သမီးနှစ်ယောက်ကို ကြည့်ရှုအကဲခတ်ကာ

"ဒါကတော့ ဒကာရယ် . . လောကမှာ အတိတ်ဘဝက ပါရမီပါလာရင် မိန်းမရယ်၊ ယောကျ်ားရယ် မဟုတ်ပါဘူး။ သားရယ်၊ သမီးရယ်လည်း မဟုတ်ပါဘူး။ သူ့ပါရမီနဲ့သူ အကျိုးပေးကြတာချည်းပါပဲ"

"ဟုတ်တော့လည်း ဟုတ်ပါတယ်ဘုရား . . ဒါပေမဲ့ တပည့်တော်ရဲ့ သမီးနှစ်ယောက်ကတော့ တကယ်ကို ထက်မြက်ကြတာပါ ဘုရား"

"အင်း . . မိဘဆိုတော့လည်း သည်လိုမြင်တာ မဆန်းပါဘူးလေ။ ဒါပေတယ်လို့ ကြုံတုန်းဆုံခိုက် ဒကာကြီးကို ပြောရဦးမယ်။ အဲဒါကတော့ ဟိုး . . ရှေးတုန်းက သမီးနှစ်ယောက်ရဲ့ ဖအေလိုဖြစ်ပြီး သမီးတွေကို အထင်ကြီးရင်းကြီးရင်းနဲ့ ကိုယ်ရှော်ရာ၊ ကိုယ်ညံ့ရာ ကျသွားမှာ စိုးလို့ပါ"

"အရှင်ဘုရား . . အဲသည်စကားဥပမာကို တပည့်တော် မရှင်းပါဘုရား။ သည့်အတွက် ရှင်းလင်းရလေအောင် ဟောကြားပေးတော်မူပါဘုရား"

"ကောင်းပြီဒကာ . . ကောင်းပြီ။ ရှင်းရတာပ။

ဟိုးရှေးရှေးတုန်းက တောရွာတစ်ရွာမှာ သမီးနှစ်ယောက်ရှိတဲ့ ဖခင်ဟာ ဒကာကြီးလိုပဲ သမီးနှစ်ယောက်

ညဏ်ကောင်း၊ မကောင်း သိရအောင် စမ်းသပ်တယ်ဆိုပဲ"

အဲ .. သူစမ်းသပ်ပုံ စမ်းသပ်နည်းကတော့ သမီးငယ်ကို တောထဲခေါ်သွားပြီး တောရဲ့သဘာဝကို ပြသရင်းနဲ့ အကဲစမ်းကြည့်တဲ့ သဘောပါပဲ။ အဲသည်မှာ သမီးငယ်ကို မျှစ်စို့ကြီးတစ်ခု ပြပြီး

"သမီးရေ .. ကြည့်စမ်းကွယ်။ ဟောသည် မျှစ်စို့ကြီးက ဘယ်လောက်များ ထူးဆန်းလိုက်သလဲ။ မြေကြီးကနေ သဘာဝအတိုင်း ထိုးထွက်လာတာကွယ့်"

လို့ပြောတော့ သမီးက

"ဒါ .. ဘာများ ဆန်းတာမှတ်လို့ အဖေရယ်။ မျှစ်ဆိုတာ သူ့ထိပ်မှာ အချွန်ကြီးနဲ့ဆိုတော့ မြေကြီးကိုခွဲပြီး ထွက်လာနိုင်မှာပေါ့။ သည့်ထက်ထူးတာက မှိုဆိုရင် အခွန်မပါဘဲ ထိပ်တုံ့တုံ့ကြီးနဲ့တောင်မှ မြေကြီးထဲက ခွဲထွက်နိုင်သေးတာပဲ မဟုတ်ဘူးလား"

ရယ်လို့ သမီးက ပြန်ပြောတော့

"အင်း .. ငါ့သမီးဟာ တော်တော်လေး ပညာရှိတာပဲ။ ငါ့ထက်တောင် အတွေးအခေါ် ကောင်းတယ်၊ စေ့စေ့စပ်စပ်လည်း တွေးတတ်မြင်တတ်တယ်"

လို့ ကောက်ချက်ချမိသတဲ့။ ဒါနဲ့ အိမ်ပြန်ရောက် ... သမီးကြီးကို ပြန်ပြောပြတာပေါ့။ သမီးငယ်ဟာ ပညာရှိ

တဲ့အကြောင်း၊ စေ့စေ့စပ်စပ်တွေးတတ် မြင်တတ်ကြောင်း ဟိမဝန္တာချီးမွမ်းခန်းဖွင့်တဲ့အခါ သမီးကြီးက မခံချင်စိတ်ဝင်လာတယ်။ အဲဒါနဲ့

"အမယ်လေး . . အဖေရယ်။ သမီးက ဘာများလဲလို့။ ဒါ လောက်လေးနဲ့များ ဘာချီးမွမ်းစရာ ရှိမှာတဲ့လဲ။ သူများကြားရင် ရှက်စရာကြီး"

လို့ ပြန်ပြောလိုက်တယ်။ သည်တော့ သမီးငယ်ကို အထင်ကြီးနေတဲ့ ဖခင်က

"အံမယ် . . နင်က အငယ်မလောက်တောင် သိကောသိလို့လား"

"သိပါ့ . . အဖေ။ သိပါ့ . . သိပါ့"

"အေး . . ဒါဆို မနက်ဖြန် တောထဲသွားတဲ့အခါ နင်လိုက်ခဲ့"

"စိတ်ချ . . လိုက်ခဲ့မယ်"

နောက်ရက် တောထဲကို ဖခင်ဖြစ်သူက သမီးကြီးကို ခေါ်သွားတယ်။ တွေ့ရာ မြင်ရာကို ပြသတယ်။ အဲသည်လို ပြသရင်းနဲ့ သစ်ပင်မှာ နားရင်း မြည်ကြွေးနေတဲ့ ငှက်ဆိုတဲ့ ငှက်ကြီးဆီ အကြည့်ရောက်သွားတယ်။

"ကြည့်စမ်း . . သမီး။ အဲဟိုငှက်ကြီးဟာ လည်တံက ရှည်ပေမဲ့ အော်မြည်တဲ့အသံကတော့ ...ယ်ပြီး သာသာယာ

ယာ ရှိလိုက်လေနော်"

"အဖေရယ် ဒါဟာ အသက်ရှိတဲ့ ဝိညာဏပဲဟာ။ ချီးမွမ်းစရာ မကောင်းပါဘူး။ ဆိုင်းထဲမှာ အသက်မရှိတဲ့ အဝိညာဏ နဲ့ကိုကြည့်စမ်း။ သူလည်း လည်တံရှည်တာပဲ မဟုတ်လား"

"အေး . . ဟုတ်သဟ"

"အသက်မရှိ၊ လည်တံရှည်တဲ့ နဲ့ဆိုရင် အသံက လည်း ဘာကောင်းသလဲ မမေးနဲ့။ သီချင်းပေါင်းစုံ မရမရှိဘူး"

"ဟာ . . မှန်လိုက်လေကွယ်။ ငါ့သမီးကြီးကလည်း အဖေ့ထက် သာပေတာပဲ။ တော်တယ်ကွယ် . . တော်တယ်။ ငါ့သမီးနှစ်ယောက်စလုံး တော်ကြပါပေတယ်။ ပညာရှိကြပါပေတယ်"

လို့ ချီးမွမ်းပါသတဲ့။ အဲသည်ပုံပြင်လိုပဲ ဒကာကြီးလည်း ကိုယ့်သမီးတွေ တော်တာတော်ကြပါစေ။ သူတို့တော်တာနဲ့ပဲ ကိုယ်ရှော်ရာ ကျမသွားစေနဲ့နော်"

ဟူ၍ သင်္ဃာဆရာတော်မှ တရားချလိုက်သောအခါ တရားသဘင်အတွင်းရှိ ပရိသတ်အပေါင်းမှာ အုံးခနဲ ပွဲကျသွားလေတော့သတည်း။

☺ ☺ ☺

ဝတ်အသင်းများ အဖွဲ့လိုက် တစ်ဦးချင်း

သိုအပ်သလို အသုံးပြုနိုင်သည်

- ဘုရားပင့်၊ ဘုရားရှိခိုး
- ဆွမ်းကပ်၊ ပန်းကပ်၊ ဆီမီးကပ်
- နတ်ပင့် နတ်ပို့
- ပရိတ်အမွှန်းနှင့် ပရိတ်တော်များ
- ပဋ္ဌာန်းပါဠိတော်
- ဆုတောင်း၊ မေတ္တာပို့
- ဂါထာများ၊ ပုတီးစိပ်များဖြင့်

# မြတ်ပန်းရဂုံဝတ်ရွတ်စဥ်

(ထွက်နေပြီ)

မြတ်ပန်းရဂုံ စာစည်းအဖွဲ့

စီစဥ်သည်

တမ္ပူနှင့်ပြချက် ၅၅၃/၂၀၀၄ (၇) ဖုန်း- ၄၂၁၁၁၃၉၃၅၀၊ ၀၉၅၁၀၅၉၇၆၇